မန္တလေး၊ ရတနာပုံပထမမြို့တည်နန်းတည်းပဉ္စမသင်္ဂါယနာတင်၊
အသျှင်အဝရှင်းမင်းတရားကြီးဘုရား၊ မင်းလောင်းအိမ်တော်ပါ၊ ရဲသက်ရှင်ကြီး၊
အနောက်မြင်ဆောင်မှူး၊ နတ်ရှင်ရွာစားသနတ်ဗိုလ်၊
အမြင့်ငါ့မြို့ဝန်၊ တပယင်းဝန်၊ မိုးနှံ့ဘင်ဝှစ်ကဲတော်ကြီး၊
အလွှကဇ္ဈနှင့်မြွေ့ ဘွားမြို့စား၊
မင်းကြီးမဟာမင်းသျှမင်းခေါင်ကျော်သို့ - မြေး၊
မြန်မာစာဆိုစာပေဆရာ၊

# ရွှေပြည် - ဦးတာတင်၊

စီရင်ရေးသားအပ်သော၊
သာသနာလင်္ကာရဒီပနီ - မည်သော၊

# စစ်ကိုင်းတောင်

## သမိုင်း

၁၂၉၇-ခု၊ တန့်ခူး၊လ၊ ပထမပုံနှိပ်ခြင်း။

မန္တလေးမြို့-ဗန္ဓုလာဘာသာဦးစာပုံနှိပ်တိုက်၊
၀၄-လမ်း၊ ကျောက်သွေးတန်း၊ မန္တလေးမြို့။

မန္တလေးရတနာပုံပထမမြို့တည်နန်းတည်ပဉ္စမသင်္ဂါယနာတင်၊
အသျှင်ဘဝရှင်မင်းတရားကြီး ဘုရား၊ မင်္ဂလာသိမ်တော်ပေါ်ရဲ့လက်ထွဲကြီး။
အနောက်ပြင်ထောင်မှူး၊ နတ်ရှင်ရွှေသေနတ်ဗိုလ်။
အမြင့်ငါးမြို့ဝန်၊ တပယင်းဝန်၊ မိုးနဲ့တပ်စစ်ကဲတော်ကြီး။
အလ္လကပ္ပနှင့်မြေဦးမြို့စား။
မင်းကြီးမဟာမင်းသျှမင်းခေါင်ကျော်၏-မြေး။
မြန်မာစာချောဇာပင်ဆရာ၊

# ရွှေပြည်-ဦးဘတင်။

စီရင်ရေးသားအပ်သော
သာသနာ့လင်္ကာရဒီပနီ-မည်သော

---

# စစ်ကိုင်းတောင်

## သမိုင်း

---

၁၂၉၇-ခု၊ တန်ခူးလ၊ ပထမပုံနှိပ်ခြင်း။

မန္တလေးမြို့-ရွှေလာဘ ဂျူဗလီစာပုံနှိပ်တိုက်။
၈၄-လမ်း၊ ကျောက်သွေးတန်း၊ မန္တလေးမြို့။

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁ |
| ၂ | ညောင်ပင်သာဆရာကြီးဦးပုညအကြောင်း | ၄ |
| ၃ | စစ်ကိုင်းရာဇဝင်အကျဉ်းချုပ် | ၇ |
| ၄ | ဇေတဝန်ဘုရားသမိုင်း | ၁၆ |
| ၅ | ကျမ်းတတ်ပညာရှိဇေတဝန်ဆရာတော်များအကြောင်း | ၁၈ |
| ၆ | ရှင်တိသာသနဓဇအကြောင်း | ၁၉ |
| ၇ | ဇေတဝန်ဆရာတော်တို့နှင့်ဓါတ်တော်မွေတော် | ၂၁ |
| ၈ | ချောင်း-၉-ချောင်းနှင့်တောင်-၉-လုံးသမိုင်း | ၂၂ |
| ၉ | ပရက္ကမချောင်းအကြောင်း | ၂၃ |
| ၁၀ | ဥမင်-၃၀-ဘုရားသမိုင်း | ၂၅ |
| ၁၁ | ဥမင်-၃၀ ဘုရားကိုတည်တော်မူသောပတ္တူကြီး သယ်ရာဇာအကြောင်း | ၂၆ |
| ၁၂ | သတိုးမင်းများသိမ်မှတ်ကိုးပတ္တူကြီးသယ်ရာဇာ အတ်ခြင်းအကြောင်း | ၂၇ |
| ၁၃ | သယ်ရာဇာဟူသောစကားအဓိပ္ပါယ်နှင့် သယ်ရာဇာပုဂ္ဂိုလ်တို့အကြောင်း | ၂၉ |
| ၁၄ | မင်းခေါင်ကြီးလက်ထက်လေက်ဇွေ့ သတ်ရဟန်းကြီး သယ်ရာဇာအကြောင်း | ၃၀ |
| ၁၅ | ဥမင်-၃၀-တောင်ညွှန်း | ၃၁ |
| ၁၆ | ပတ္တမြားစေတီဘုရားသမိုင်းနှင့်၄င်းတောင်ညွှန်း | ၃၂ |
| ၁၇ | ရွှေမင်းဝံဘုရားသမိုင်း | ၃၅ |
| ၁၈ | ရွှေတောင်ဦးမော်ဘုရားသမိုင်း | ၃၇ |
| ၁၉ | ရှင်ပင်နံ့ကိုင်းဘုရားသမိုင်း | ၃၈ |
| ၂၀ | ချမ်းသာကြီး ချမ်းသာရဘုရား ၂-ဆူသမိုင်း | ၄၀ |
| ၂၁ | ရှင်မဟာအရိယာဝံသအကြောင်း | ၄၁ |
| ၂၂ | ရေငုံဆရာတော်ထံ၌ရှင်မဟာအရိယာဝံသ စာဝါတောင်းခြင်းအကြောင်း | ၄၂ |

# မာတိကာ


စာမျက်နှာ

၂၃ ရှင်မဟာအရိယာဝံသကျမ်းဂန်ပြုစုတော်မူခြင်း
အကြောင်း ၄၃
၂၄ ရှင်မဟာအရိယာဝံသချောင်သို့ဘုရင်မင်းခေါင်
ထွက်တော်မူ၍တရားနာတော်မူခြင်းအကြောင်း ၄၅
၂၅ ရှင်မဟာအရိယာဝံသပြုစုသောကျမ်းများအကြောင်း ၄၆
၂၆ ပဲပုံတောင်ဘုရားသမိုင်း ၄၇
၂၇ စေတီလှဘုရားသမိုင်းနှင့်စေတီလှတောင်ညွှန်း ၄၈
၂၈ ဝတ်ရုံတောင်နှင့်ဝတ်ရုံကျောင်းဘွဲ့မော်ကွန်း ၅၀
၂၉ နန်းဦးဘုရားသမိုင်း ၅၃
၃၀ ရှင်ဖြူ,ရှင်လှ,ရွှေမြင်မိ,ရွှေမြင်တော်ကြက်ငါးဆူ
ဘုရားသမိုင်း ၅၄
၃၁ တိလောကဂုရုဆရာတော်နှင့်တိလောဂုရုဂူအကြောင်း ၅၇
၃၂ ဆွမ်းဦးပုညရှင်ဘုရားသမိုင်း ၆၀
၃၃ ရာဇမဏိစူဠာကောင်းမှုတော်ဘုရားသမိုင်း ၆၃
၃၄ စစ်ကိုင်းငါးထပ်ကြီးဘုရားသမိုင်း ၆၆
၃၅ သာပန်ဘုရားသမိုင်း ၆၇
၃၆ မင်းကွန်းဘုရားကြီးနှင့်ခေါင်းလောင်းတော်ကြီး
ခြသေ့တော်ကြီးသမိုင်း ၆၈
၃၇ မြာပုံတောင်အကြောင်း ၇၁
၃၈ သေလာဂီရိဘီလူးတောင်နှင့်ဥက္ကာသယတောင်
နတ်ဘုံတောင်များအညွှန်း ၇၁
၃၉ ထူပါရုံဘုရားသမိုင်း-မြန်မာတို့ဆောက်လုပ်သော
ရောဝတီမြစ်ကူးကြိုးတံတားကြီးနှင့်-တရုပ်၇၀ဝကျော်
တို့အရေးတော်ပုံ ၇၄
၄၀ အောင်မြေလောကဘုရားသမိုင်း ၇၆
၄၁ အဘယစေတီဘုရားသမိုင်း ၇၈
၄၂ ဆင်များရှင်ဘုရားသမိုင်းနှင့်မိုးညှင်းမင်းတရား
သက္ကရာဇ်ဖြိုခြင်း ၇၉

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ၄၃ | ခါပဲတောင်သစ္စာစေတီဘုရားသမိုင်း | ၈၃ |
| ၄၄ | မဟာစေတီဘုရားသမိုင်း | ၈၄ |
| ၄၅ | ခါပဲတောင်ဘုရားသမိုင်း | ၈၅ |
| ၄၆ | ညီအစ်မကောင်းမှုဘုရားသမိုင်း | ၈၇ |
| ၄၇ | ရွှေဂူကြီးဘုရားသမိုင်း | ၈၈ |
| ၄၈ | ရေသွန်းကုန်းဘုရားသမိုင်း | ၈၉ |
| ၄၉ | ဗညားဘုရားသမိုင်း | ၉၀ |
| ၅၀ | စကြံမုဋ္ဌောဘုရားသမိုင်း | ၉၂ |
| ၅၁ | ရန်အောင်မြင်ဘုရားသမိုင်း | ၉၃ |
| ၅၂ | လေးကျွန်းမာရ်အောင်ဘုရားသမိုင်း | ၉၄ |
| ၅၃ | ရတနာမြစည်းခုံဘုရားသမိုင်း | ၉၇ |
| ၅၄ | စကြံအတွင်းမုဋ္ဌောဘုရားသမိုင်း | ၉၉ |
| ၅၅ | တောင်ဘီလာဘုရားသမိုင်း | ၁၀၀ |
| ၅၆ | တောင်ဘီလာဆရာတော်၏အဖြစ်တော်စဉ်များ | ၁၀၈ |
| ၅၇ | တောင်ဘီလာဆရာတော်နှင့်ဓါးမကျူးကန်အကြောင်း | ၁၀၉ |
| ၅၈ | တောင်ဘီလာဆရာတော်ပြုစုခဲ့သောကျမ်းများ | ၁၁၂ |
| ၅၉ | တောင်ဘီလာတောင်, မျက်ရှုတောင်နှင့်, နတ်သွီး တောင်များအညွှန်း | ၁၁၃ |
| ၆၀ | စစ်ကိုင်းအတွင်းမုဋ္ဌော ၉ ဆူ ဘုရားသမိုင်း | ၁၁၆ |
| ၆၁ | စစ်ကိုင်းမော် ၉ မော်ဘုရားသမိုင်း | ၁၁၈ |
| ၆၂ | စစ်ကိုင်းမြို့အတွင်း ၉ ကုန်းပြင် ၉ ကုန်းဘုရားသမိုင်း | ၁၁၉ |
| ၆၃ | စစ်ကိုင်းမြို့အတွင်း ၉ကျင်းပြင် ၉ ကျင်းသမိုင်း | ၁၂၀ |
| ၆၄ | စစ်ကိုင်းမြို့ချောင်း ၉ ချောင်း ဂူ ၉ လုံး နတ်ကြီး ၉ ပါး တို့သမိုင်း | ၁၂၂ |
| ၆၅ | စစ်ကိုင်းမြို့သိကြား ၉ ဆူ-တီ ၃ တီ-တည် ၉ တည်- ရုံ ၃ ရုံသမိုင်း | ၁၂၄ |
| ၆၆ | စစ်ကိုင်းမြို့ ညောင် ၉ မျိုး-အင်း ၉ အင်းအကြောင်း | ၁၂၆ |
| ၆၇ | အင်းဝမြို့ လောကသယမ္ဘူဘုရားသမိုင်း | ၁၂၆ |

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ၆၈ | အင်းဝတံတားဦးမင်္ဂလာစေတီဘုရားသမိုင်း | ၁၂၈ |
| ၆၉ | မင်းပူးစက်တော်ရာဘုရားသမိုင်းနှင့် ရှင်မဟာရဋ္ဌသာရ၏-ပါဒနက်သန်ဘုရားရှိခိုး | ၁၃၀ |
| ၇၀ | မန္တလေးမဟာမြတ်မုနိဘုရားကြီးသမိုင်းချုပ်-ဘုရားရှင်၌ ကြောသားတော် ပေါင်သားတော်မပါဟူသောစကားနှင့်-ဦးကျော်လှ သမိုင်းသံချို | ၁၃၃ |
| ၇၀ | မန္တလေးမြို့ သကျသီဟဘုရားသမိုင်း။ | ၁၃၇ |
| ၇၂ | မန္တလေးမြို့ အိမ်တော်ဘုရားသမိုင်း | ၁၃၈ |
| ၇၃ | ကျောက်တော်ကြီး, စန္ဒာမုနိနှင့်, ကုသိုလ်တော်ဘုရား ၃ ဆူသမိုင်းချုပ် | ၁၃၉ |
| ၇၄ | ဝါခင်းကုန်းဘုရားသမိုင်း | ၁၄၁ |
| ၇၅ | ပုဂံမင်းရှင်စောကောင်းမှုတော်များနှင့်ရန်ကင်းတောင်အကြောင်း | ၁၄၁ |
| ၇၆ | အမရပူရ ပုထိုးတော်ကြီး ဘုရားသမိုင်း | ၁၄၄ |
| ၇၇ | အမရပူရတောင်မင်းကြီးဘုရားသမိုင်း | ၁၄၄ |
| ၇၈ | စစ်ကိုင်းတောင် ထောက်ပန့်ရေးအသင်းကြီးများ | ၁၄၇ |
| ၇၉ | စစ်ကိုင်းတောင်ရိုးရှိချောင်များစာရင်း | ၁၅၁ |

# စစ်ကိုင်းတောင်သမိုင်း။

## နိဒါန်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ

ဇယတု၊ ။မဟာဇေယျာပူရ၊ သာစွ ဝေမှိုင်း၊ ရေညို့ဆိုင်းသော စစ်ကိုင်းတောင်ကြီးသို့ မြန်မာပြည်တလွှားအထက်အောက်နိုင်ငံသားတို့သည်၎င်း၊တိုင်းတပါးသားတို့သည်၎င်း၊ဗုဒ္ဓရှင်တော်ဘုရား၏ သရီရဓါတ်မွေတော်မြတ်တို့ ကိန်းဝပ်စံပယ်ရာ ပြဿဒ်တန်ဆောင်းဂူကျောင်း ကဆွန်၊ ဥမင်ပုထိုး စေတီတော် အမျိုးမျိုးတို့အားရှိခိုးဝတ်ပြုရန်အတွက်ဖြစ်စေ၊ဂန္ထဓူရ,ဝိပဿနာဓူရနှစ်ပါးကိုအားထုတ်တော်မူကြကုန်သောသီလဝန်ဂုဏဝန်အရှင်ကောင်း အရှင်မြတ်တို့ကို ဆည်းကပ်ရန်အတွက်ဖြစ်စေ၊မဟာဒါန၊သံသရိက္ခာ၊ကထိန်စသောကောင်းမှု အရပ်ရပ်တို့ကို ပြုလုပ်လှူဒါန်းကြရန် ဖြစ်စေ၊ဒေသန္တရ သုတကြွယ်ကုံ လော်လံ့ဆည်းဘူး ကြရန်ဖြစ်စေ၊ ဤတောင်တန်းကြီးတလျှောက်သို့ ရောက်ကြကြွားသော်လည်း၊ရောက်ခါမတ္တ၊ မြင်ခါမတ္တ၊ တွေ့ခါမတ္တမျှသာဖြစ်၍၊ ကျောင်းရာဇစ်မြစ် သနစ်မူလအခြေပါဒကိုမသိမမြင်ကြရဘဲသာ ပြန်လည် ကြရ သူများ သဖြင့်၊

ရတနာသုံးပါး၏ကိစ္စကို မူလဘူတနှင့်တကွ သိမြင်ကြရလျှင် အတိုးအနန္တ၊ အကျိုးမဟာဖလ ရကြီးရကြစေရန် ရည်သန်သောအား သဘောထား၍၎င်း၊ သုတဆည်းရ၊ သုတသောသန၊ သုတဂဝေသီ၊ ဒေသန္တရဗဟုဿုတကာဒီ ပုဂ္ဂိုလ်တို့အကျိုးငှါ၎င်း၊ ရည်စေါင်ရိုးရင်း၊ နှလုံးသွင်းဖြင့် ရေးမှတ်သားခင်းပြောင်ပင်သာဆရာကြီးဦးပုည၏ စေတီဝင်တေးထပ်များကို အခြေထားပြီးလျှင် စပ်ဆိုင်ရာရာ၊ ရာဇဝင်၊ မဟာဝင်စသောဂန္ထန္တရများနှင့်၊ ပိဋကတ်စာပေတို့ကိုရှုမြင်ပြုပြီးလျှင်ရေးသားပေအံ့။

ဤ စစ်ကိုင်း တောင်တန်း ကြီးသည် မြန်မာပြည် အတွင်းမြောက်မှတောင်သို့ စီးဆင်းသောဧရာဝတီမြစ်ကြီး၏ လက်ျာဘက် - သို့မဟုတ် အနောက်ဘက်သုနာပရန္တတိုင်း အရှေ့ဘက်ကရှိ၍၊ မြစ်ကြောအတိုင်းတောင်မြောက်အလျားလိုက်သွယ်တန်းနေလေသည်။ စစ်ကိုင်းမြို့တွင် တောင်ဆက်ပြတ်၍၊ မြောက်သို့ မူကား တိုင်ပေါင်းများစွာ ရှည်လျားပြီးလျှင် စစ်ကိုင်းနှင့် မင်းကွန်းသာသာလောက်မှာ မြင့်မောက်၍ ၎င်းမှမြောက်သို့ တဖြေးဖြေး နိမ့်လျောသွားရာ ကျောက်မြောင်း နယ်တွင်မူကား၊ ပြန့်ကျယ်ပြီးလျှင်ကုန်းခင်ရိုးတန်းမျှသာ ဖြစ်၍၊ ဧရာဝတီမြစ်အရှေ့ဘက်ကရှိသော တမ္ပဒီပတိုင်းနှင့် မျက်နှာချင်းဆိုင် ယှဉ်ပြိုင်ကာ မြန်မာပြည်၏ဗဟို - စစ်ကိုင်း၊ ရွှေဘိုနယ်ကြီးများအတွင်းမှာတည်ရှိလေသည်။ ဤစာသည် စစ်ကိုင်းတောင်သမိုင်း ဆိုသော်လည်းစစ်ကိုင်းမြို့နှင့် အနီးအပါးရှိ ဘုရားပုထိုးများ ရှေးဟောင်း

အမှတ်အသားများလည်းပါဝင်ပေလိမ့်မည်ဖြင့်၊တမ္ဗဒိ
ပတိုင်းဘက်ကရှိသောအင်းဝမြို့၊အမရပူရမြို့၊ မန္တလေး
မြို့များမှ အချို့ မှတ်သားရန် များကိုလည်း မူလရင်း
ညောင်ပင်သာဆရာကြီး၏စာကိုယ်မှာပင်ပါရှိနေ၍နောင်
ဆက်တွဲအဖြစ်ဆက်လက်ရေးသား ထားရပေမည်ဖြစ်
ကြောင်း၊ ဤတောင်တန်းကြီးကို မင်းဝံတောင်တန်းဟူ
၍၎င်း၊စစ်ကိုင်းတောင်တန်းဟူ၍၎င်း ခေါ်ဝေါ်ကြလေ
သည်၊ အထူးမှာ မင်းဝံတောင်တန်းကလေးသည် စစ်
ကိုင်းတောင်တန်းကြီး၏ အနောက်ဘက်က ယှဉ်လျက်
သီးခြားတည်ရှိပေ၏၊ ဘုရားလောင်း ဝံသတ္တဝါဖြစ်စဉ်
ကာကျင်လည်နေထိုင်ဘူးသဖြင့် မင်းဝံတောင်ခေါ်သည်
ဟုရေးမှတ် ပြောဆိုကြ၏၊ သို့ရာတွင် ဂေါတမဘုရား
အလောင်း၏ အဖြစ်တော်-၅၄၇-ဇာတ်တွင် ဘုရား
လောင်းဝံသတ္တဝါ ဖြစ်သည်ဟုမပါမရှိပေ၊ ရှေးအမှတ်
အသားမျှသာ ဖြစ်ပေသည်၊ ၎င်းပြင်ရှေးစာဟောင်းတ
စောင်၌ ဂေါတမ ဘုရား ဤတောင်တန်းသို့ ညီတော်
အာနန္ဒာနှင့် ဒေသစာရီ ကြွချီတော်မူလာရာ၊ ဝံသတ္တဝါ
တကောင်သည် သစ်သီးများကိုကပ်လှူရာတွင်၊ နောင်
အခါသံလျက်ခုံကျွန်း၌ မင်းဖြစ်၍ စည်းခုံကြီးကို တည်
လိမ့်မည်ဟုဗျာဒိတ်ထားတော်မူကြောင်း၊ ထိုမင်းလည်း
မင်းကြီးစွာ စော်ကဲ ဖြစ်ကြောင်းကို ပြဆို လေသည်၊
(ဤ၌သံလျက်ခုံကျွန်း ဆိုသည်မှာ အင်းဝမြို့ တည်ရာ
အရပ်ကိုဆိုလိုသည်၊) ဤသို့အထွေထွေ ရှိသော်လည်း
အများသုံး စကားကို လိုက်၍ စစ်ကိုင်းတောင် ဟုပင်

ဝေါဝေါရေးသားပါသည်၊ ဤတောင်တန်းကြီးဝယ်တန်ခိုးကြီးသောဆေးမျိုးကျောက်မျိုးများစွာနှင့်၎င်း၊ ပဒ္မမြားကျောက်ရွှေငွေစသော သတ္တုကျောက်များလည်း နှင့်၎င်း၊ နတ်နဂါးဘီလူးတို့လည်း ဓမ္မးကာအထင်အရှား နေထိုင်ဘုး၍၊ ရုနိ-အရည်း-ဦးပြည်း-တပဿီ-ဇေရးဂီနှင့်ဇော်ဂိပိဏ္ဍာများစွာသော လောကီလောကုတ် အားထုတ်ကြီးပန်း ထွက်ရပ်လမ်း ပေါက်ကြ ကုန်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ နေထိုင်ရာစစ်ကိုင်း တောင်တန်းကြီးအချင်းအရာတို့ကိုသိမြင်စွမ်းဆောင်နိုင်သလောက်ရေးသားလားပေအံ့။ ။

## နိဒါန်းပြီး၏

—ဝ—

## မူလဓေတ်ီဝင်သမိုင်းဘေးထပ်များကို စီကုံးရေးသားခဲ့သောပညာရှိ-ညောင်ပင်သာဆရာကြီး-ဦးပုည အတ္ထုပ္ပတ္တိ-အကျဉ်းချုပ်။

မန္တလေးမြို့ အိမ်တော်ရာမဟာလောကရံသိစေတီတော် ဒါယကာမင်းတရားလက်ထက်၊ စစ်ကိုင်းမြို့အစေခံရပ်၊ဝဲ နှင်းကြီးဦးရွှေဖျော်၊ ဝဲ နှင်းကံတော်ဒေါ်ဖျဦးတို့မှ၊ သက္ကရာဇ်-၁၁၉၀-ပြည့်ပြာသိုလတွင်၊ ဦးပုညအလောင်းဖြစ်သော၊ တတိယမြောက်သားတယောက်ဖွားမြင် လေသည်၊ ငယ်မည်ကား မောင်စို ဖြစ်သည်၊ မိဘနှစ်ပါးသည် မောင်စိုအား၊ ဆင်နှင်းကျောင်းတွင် ပညာသင်ကြားစေရာမှ-၉-နှစ်သားအရွယ်တွင်၊ သာ



ညောင်ပင်သာဆရာကြီး–ဦးဂုဏ်ုံ။


မငေကာအဖြစ်သွတ်သွင်းချီးမြှင့်သောအခါ၊ ဆင်နှင်းဆရာ တော်ဦးပညာက ကြာသပတေးသားဖြစ်သည့်အတိုင်း၊ ရှင်ပုညဟုဘွဲ့ပေးတော်မူသည်၊ ရှင်ပုညသည် (၁၁)နှစ် ရွယ်တွင်သဒ္ဒါသင်္ဂြိုဟ်ကိုအာဂုံဆောင်နိုင်၏၊ အသက် ၁၉ နှစ်၊ ၁၂၀၉-ခုတွင် မိထုနှစ်ပါးက၊ ဥပသမ္ပဒကံ ဆောင်၍ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့် ကြပြန်၏၊ တပန်ငယ်ဆရာ ဦးပညာက၊ သာသနာပိုင် ဆရာတော် ဦးညောယျထံ ပို့သွတ်ပြန်သဖြင့်၊ သာသနာပိုင် ဆရာ တော်ထံ ပိဋကတ် ပညာ များကို-၉-ဝါနှင့် ပေါက် မြောက်အောင် သင်ကြားခဲ့၏၊ ပဉ္စမ သင်္ဂါယနာတင် မင်းတရားကြီး နှင့်လည်း၊ သာသနာပိုင် ဆရာတော်၏ ကျေးဇူးကြောင့် တန်းမှန်းခဲ့လေ၏၊ ၁၂၂၁-ခု နှစ်တွင် အဘဝဲ နှင်းကြီးကွယ်လွန်၍၊ မူလဆင်နှင်းကျောင်းသို့ ပြန်ကြွခဲ့ရာ၊အစေခံရပ်ဦးရွှေအောင်-ဒေါ်ဖျောက်တို့က၊ ၁၂၂၃-ခုတွင် ကျောင်းဆောက် ကိုးကွယ်သဖြင့်၊ထို ကျောင်းသို့ပြောင်းရွှေ့ သတင်းသုံးကာ တပည့်တို့အား စာပေပို့ချခဲ့ကြောင်း၊အဆိုပါကျောင်းကား၊ ဆရာကြီး အမည်နှင့်တွဲကာကျန်ရစ်သော(ညောင်ပင်သာကျောင်း) ဟုပညပ်ခဲ့သတည်း၊ နောက်-၅-နှစ်ကြာသော အခါ လေရောဂါကြောင့်၁၂၂၈-ခုတွင်ဘိုးသူတော်ဝတ်သို့ ပြောင်းလဲကာ ကျောင်းကြီးအနီးတွင် ကျောင်းငယ် က လေးနှင့်နေထိုင်ရင်း၊ ဆေးကျမ်းဓါတ်ကျမ်း ပျို့ ကဗျာ လင်္ကာအမျိုးမျိုးတို့ကိုရေးသားခဲ့ကြောင်း၊ ၁၂၄၇-ခု အရေးတော်တွင်ပါတော်မူကဗျာများကိုပင်ရောက်ရေး

သွားခဲ့၍၊ ၁၂၅၈-ခုတွင် ရန်ကုန်မောင်လမြိုင် ပုသိမ်မြို့တွင်ပန်ထောက်ဦးဘာဘူပင့်ခေါ်၍တနှစ်ကျော်မျှနေထိုင်ခဲ့ဘူးကြောင်း၊ ၁၂၆၀ ပြည့်နှစ်တွင် စစ်ကိုင်းသို့ပြန်ရောက်လာသောအခါ၊ မူလကျောင်းငယ်တွင်မနေဘဲ၊ လင်းဇင်းရပ်ဥယျာဉ်ထဲတွင်နေထိုင်ရာ ၁၂၆၂-ခုတွင် လေရောဂါ ပေါ်လာသည်တကြောင်း အရွယ်ကြီးရင့်သည်တကြောင်းကြောင့်၊ ရောဂါမှ ထမြောက်ခြင်း မရှိတော့ဘဲ၊ ၁၂၆၃-ခု ပြာသိုလပြည့်ကျော် -၅-ရက်အင်္ဂါနေ့ညဉ့-၃-ချက်တီးကျော်အချိန်၊ အသက် ၇၃-နှစ်တွင်ကွယ်လွန်ခဲ့လေသတည်း၊

—၀—

## ရှင်းဆရာကြီးပြုစုခဲ့သောစာများကား။

(၁) နဝဧပ်ဒိုင်ခေါ်ဘုံ-၉-ဆင့်တက်ကျမ်းကြီး၊
(၂) သာမုဒ္ဒရိက လက္ခဏာကျမ်းကြီးကို သက္ကတဘာသာမှမြန်မာဘာသာပြန်ခဲ့ခြင်း၊
(၃) သာသနဟိတမေဏ္ဍာစာများ၊
(၄) လောကမဉ္ဇူဆေးကျမ်း၊
(၅) ရာဇဝံသကဗျာကျမ်းနှင့်၊
(၆) မျိုးကဗျာ လင်္ကာ-ရတုးတေးထပ်၊သာသနာလျှောက်စသော မြောက်မြားစွာသော မြန်မာစာပေတို့ကိုရေးသားတော်မူခဲ့သတည်း၊



ညောင်ပင်သာဆရာကြီးသတင်းသုံးသော
'ညောင်ပင်သာ' ကျောင်းကြီးပုံ။

## စစ်ကိုင်းရာဇဝင်အကျဉ်းချုပ်။

စစ်ကိုင်းရာဇဝင်ကို ထည့်သွင်းပြရခြင်းသည်၊ ရှေ့ရေးလတံ့သောအချင်းအရာဝတ္ထု၌ ရာဇဝင်နှင့်စပ်ယှဉ်နေသည်တကြောင်း၊ စစ်ကိုင်းမြို့ကိုပင်အမှီပြု၍စစ်ကိုင်းတောင်ဟု ခေါ်ဝေါ်နေရခြင်းကြောင့် တကြောင်း၊ စစ်ကိုင်းရာဇဝင်ကိုအကျဉ်းပြဆိုရန် လိုအပ်သည် ဖြစ်ပါကြောင်း၊သို့ပြဆိုရမည်ဖြစ်ရာ၊၎င်းရာဇဝင်ကိုယုတ်တရက် မပြမဆိုမီ၊ထိုအခိုက်အတန့်အချိန်၌မြန်မာပြည်မည်သည့်အခြေတွင် ရောက်နေသည်ကို ပဌမစရ ပေမည်၊ ပုဂံပြည်တွင် နရသီဟပတေ့ဘွဲ့ခံ တရုပ်ပြေးမင်းသည် တရုပ်တို့နှင့် တိုက်ရာတွင် စစ်ရှုံးပြီးသည့်အချိန်ကစ၍ မြန်မာပြည်ကြီးသည် ဖရိုဖရဲ ပျက်ပျက် ရှိ၍၊ ဆက်ခံသောကျော်စွာမင်း၊စောနစ်မင်း၊ စောမွန်နစ်မင်းတို့ရှိနေသေး သော်လည်း တန်ခိုး ဣဒ္ဓိပါဒ် မရှိကြတော့ ပေ၊ ရာမညတိုင်း တလိုင်းသုံးရပ်—အနောက်တလွှား ရခိုင်၊ သက်၊ မြုံ၊ ပန်းတဝါး တို့လည်း၊ ခြားနားကြပြီးလျှင်၊ အရှေ့တလွှားယိုးဒယား၊ဇင်းမယ်စသောနယ်အပေါင်းတို့လွတ်ထွက်ကြ၍၊ ရှမ်းပြည်များကိုပင် ကောင်းစွာမစိုးပိုင်နိုင်တော့ချေ၊မြန်မာပြည်သည်အလွန်ကျဉ်းသွားသည့်ပြင်ပုဂံ တရပ်၊မြင်စိုင်းတရပ်ဖြစ်ကြပြီးနောက်၊တစီးရှင်မင်းကြီးသည်သက္ကရာဇ်-၆၄၇-ခုတွင်၊ ပန်းယမြို့ကိုတည်၍၊ထီးနန်းအသစ်စိုက်ထူတော်မူပြီးနေ၏၊ မြောက်ဖက်လင်းယဉ်ရွာသူရတနာပုံမည်သောမြေခံနန်းမိဘုရား

မှဖွားမြင်တော်မူသောသားတော်၊အသင်္ခယာစောယွမ်းမင်းသည်၊ သက္ကရာဇ် ၆၇၇-ခုတွင်စစ်ကိုင်းမှမြောက်တသွားကိုမင်းမူလျက်စစ်ကိုင်းကို ဇေယျာပူရမြို့တော်သမုတ်ပြီးလျှင် ခမည်းတော်နှင့်အပြိုင် မင်းပြုတော်မူ၏၊ သိရီအသင်္ခယာဟူသော အမည်ကိုလည်း ခံတော်မူ၏။ သားတော်သမီးတော်ကား မိဘုရားကြီးတွင်၊ သမီးတော်စိုးမင်းကိုယ်တော်ကြီး(၁) မောင်တော်ကျစွာမင်း(၁)ညီတော်နော်ရထာမင်းရဲ(၁) ညီတော်တရဖျားငယ်(၁) ပေါင်း-၄-ပါးတည်း၊ သက္ကရာဇ်-၆၈၀-တွင်ထောင်သင်းအရနှင့် မြင်း-၉-သင်းဖွဲ့တော်မူ၏။ ၆၈၂-ခုနှစ်စကြိုကျောင်းကို ဆောက်လုပ်တော်မူသည်၊ ၆၈၄-ခုတွင်နတ်ရွာစံတော်မူ၏။

—၀—

# (၂)တရဖျားကြီး-မင်းအကြောင်း

သက္ကရာဇ်-၆၈၄-ခုကာလအခါတွင်အသင်္ခယာစောယွမ်းမင်း နောင်တော် တရဖျားကြီးသည် ညီတော်၏ မိဘုရားနှင့်နန်းတက်တော်မူ၏၊(ထိုမင်းကား၊အသင်္ခယာစောယွမ်း မယ်တော်တွင် ပါရင်းအထက် သားတည်း၊ ပင်းယသီဟသူမင်း၏သားတော်ရင်းမဟုတ်) မင်းဖြစ်တော်မူလျှင် အရှေ့သာသနာကျောင်းကို ဆောက်လုပ်တော်မူ၏၊နန်းစည်းစိမ်-၁၄-နှစ်၊ သက္ကရာဇ်-၆၉၈-ခုတွင်သားတော် ရွှေတောင်တက်သည်၊ မိဘုရားငယ်တို့

နှင့်စကားဝင်ကြသောကြောင့်၊ ခမည်းတော်ကိုဘမ်း၍ သိမ်ခြေကျဉ်းနှင့်အမြဲထားပြီးလျှင် သီရိသီဟသူရအမည် ခံ၍မင်းပြု၏၊ တရဘ့ဖျားကြီးသည် အချုပ်တွင်-၃-နှစ် နေရပြီးနောက် သက်တော်-၄၁-နှစ်တွင် အမတ်ကြီး အနန္တပကြံ နန်းသို့တက်၍လုပ်ကြံသဖြင့် အနိစ္စရောက် တော်မူ၏၊

## (၃)ရွှေတောင်တက်မင်းအကြောင်း။

သက္ကရာဇ်-၆၉၈-ခုတွင် တရဘ့ဖျားကြီးသား ရွှေတောင်တက်သည်၊ ခမည်းတော်ကိုဘမ်း၍ အချုပ်နှင့် ထားပြီးလျှင်၊ သီရိသီဟသူရ အမည်ကို ခံသည်၊ ရွှေတောင် တက် မင်းဖြစ်လျှင်၊ အသင်္ခယာ စော ယွမ်း ဒိဘုရား၊ သားတော်ကျစွာ၊ မင်းညီနောင် တရုတ်နှင့်၊ ယောက်ဖတော်သတိုး၊စိုးမင်းကိုတော်ကြီးတို့၊စစ်ကိုင်း တွင်မနေဝံ့၍၊ အနောက်ဘက်မင်းရူးမင်းတုန်းအရပ်မှာ ဂုန်းထွဲရှောင်ရှား၍နေကြ၏၊ နောက်မှ ရွှေတောင်တက် သို့ ခစ်၍ယူသဖြင့်၊ အမြင့်သမန္တစာဘုရားအရှင်ထံ၌၊ သားမယ်တော်တရုတ် ဖူးမည်ဝင်ကြရာ၊ ကျစွာမင်း ဘုရားရှင်သို့ခဝင်နိုင်ရှိသည်ကို၊ မယ်တော်သည်၊ သား တော်ဝတ်တော်မူသောဖျင်ကို၊ ဘုရားရှင်အားလှမ်း၍၊ ငါ့သားတော်အသက်မသေအနာမှထမြောက်၍ မင်းအဖြစ် သို့ရောက်ပါမူကား၊ ကြီးစွာသောကောင်းမှုကိုပြုပါအံ့ဟု ပန်နက်၏၊စစ်ကိုင်းသို့ရောက်လျှင်၊ အမတ်ကြီးအနန္တပ

ကြံ့နှင့်တွေ့၍ ဖွက်ထားပေ၏၊ တရုဖျားကြီး၏မိဘုရား ဖြစ်သော၊ ပင်းယမိဘုရားကြီးသည်၊ ချစ်ကျွမ်းဝင်သော အမတ်တို့ကို သေပို့လေသည့်အဘာန်၊ သေဒိုးထဲဝယ် ရွှေငွေအများထည့်၍ မပြတ်ပို့ရလေ၏၊ ထိုသို့ပို့သော ရွှေငွေတို့ဖြင့်စွမ်းသန်မြန်ပါသူတို့ကိုရှာဖွေရွေးကောက် ၍ပေးသည်၊ ထိုအခါစစ်ကိုင်း တမြို့လုံးပင် ငွေစားသူ ချည်းဖြစ်သဖြင့်၊ တရုဖျားကြီးကညှိ၍၊ နံနက်အိပ်ပန် ထွက်ကိုနန်းသို့ဝင်ကြလေ၏။ ရွှေတောင်တက်ကျွန်ရှမ်း တယောက်သည်၊ ကာတချပ်နှင့်ဓားကားက ဟန့်တား နှင့်သည်ကို၊ နင်လည်း တံစိုးစားသူဖြစ်လျှင်၊ ဘယ် ကြောင့်ငါတို့နှင့်မညီရန် တဘက်ပြုသနည်းဟု ဆိုလျှင်၊ ထိုရှမ်းလည်းအတူတချက်တည်းဝင်၍၊ ရွှေတောင်တက် ကိုအောက်သို့ချပြီးလျှင်အသေသတ်လေ၏၊ ရွှေတောင် တက်ကား-၇၀၁-ခုတွင်အနိစ္စရောက်လေ၏၊

—— ၀ ——

## မင်းစည်းစိမ်ကားရေပွက်ပမာတသက်လျှာတည်း။

တရုဖျားကြီးမှာ၊ အချုပ်မှလွတ်၍ထီးနန်းကိုပြန်ရ သည့်အခါ၊ တရုဖျားကြီးကျွန်တို့သည်၊ ရွှေတောင်တက် ကျွန်တို့ကိုဘမ်းမဲ့ဟုသွားလေသည့်အခိုက်၊ ရွှေတောင် တက်ကျွန်အမတ်အနန္တပကြီသည်၊ ကောဝိုက်ရာကအ မြန်ရွှေတောင်တက်ကိုသတ်၍ တရုဖျားကြီးနန်းတက် သည့်ဟုကြားလျှင်၊ ဆင်ချစ်နောင်ရင်းကိုစီး၍လာသော ဦးစီးကို၊ မဲဒိဆောင်သည့်ရွှေကွမ်းခွက်ကိုပေး၍ဆင်ကို

ကီးပြီးသော်၊ တရုတ်ဗျားကြီးနန်းထက်ဝယ် တယောက်
ထည်းနေရာ ဆင်ယှဉ်ကတက်လေ၏၊ တရုတ်ဗျားကြီး
လည်း၊အနန္တပကြံ့အနောင်ခေါင်းစားလျှင် ငါအမြီးစား
ပါမည်၊ အနောင်အမြီးစားလျှင် ငါခေါင်းစား ပါမည်၊
ငါ့ကိုမသေပါစေနှင့်ဟုဆို၏၊အနန္တပကြံ့လည်းမင်းကြီး
သည်၊ မင်းဖြစ်လျှင်ပြည်ရွာနှင့် ဆန့်ကျင်သောအမှုကို
သာပြုသောကြောင့်မင်းကြီးကိုနန်းချ၍ ရွှေတောင်တက်
ကို ငါနန်းတင်သည်၊ ယခုမင်းကြီး မင်းဖြစ်တပြီးကား
ငါတို့ အမျိုးအနွယ်အားလုံး ပျက်စီးအံ့ဟူ၍၊ နန်းထက်
တွင်ပင်လုပ်ကြံ၍အနိစ္စရောက်လေ၏၊

—○—

# (၄) ကျစွာမင်းအကြောင်း။

သက္ကရာဇ်-၇၀၁-ခု သော် အသင်္ချာ စောယွမ်း
မင်းသားတော်အကြီးကျစွာကို၊ အနန္တပကြံ့ ဇက်ထား
ရာကယူ၍နန်းတင်လေ၏၊ (သိရိတရိဘဝနာဒိတျာပဝရ
ဓမ္မရာဇာ) ဟူသောတံဆိပ်နာမံခံ၍ မင်းပြုတော်မူ၏၊
မင်းဖြစ်လျှင် အနန္တပကြံ့အမတ်ကြီးကို ကျေးဇူးရှိပေ
သည်ဟု၊သုဘရာဇ်ဟူသောအမည်နှင့်ပြည်အလုံးကိုနှင်း
၍စစ်သူကြီးအရာထားု၏၊ မင်းတုန်းကအဖြန့်သမန္တဇာ
တရားရှင်၌၊ ဖယ်တော်မိတရားကြီး ဆုပန်ခဲ့သည့် အ
တိုင်း မင်းအဖြစ်သို့ ရောက်ပေ သည်ဟု၊ သက္ကရာဇ်
၇၀၅-ခုတွင် ဝတ်မိုးဝတ်မြေ ဖျူတော်မူ၏၊ ကျစွာ
ကျောင်းကို မိတရား-၂-ပါး တဆောင်စီ ဆောက်၍၊

မြေမြိုးလှူတော်မူ၏၊ ထိုကျောင်းကိုအဘယဂိရိတွင်၏၊ ကျစွာမင်းသည်-၇၁၁-သေသ်အနိစ္စရောက်တော်မူ၏၊

## (၅) နော်ရထာမင်း၏အကြောင်း။

သက္ကရာဇ်-၇၁၁-ခုသေ သ် ကျစွာမင်းညီတော် ဆင်ဖြူရှင်နော်ရထာမင်းရဲ့မင်းဖြစ်တော်မူ၏၊ မင်းဖြစ်လျှင်မင်းရဲ့ကျောင်းကို ဆောက်တော်မူ၏၊ ၇-လမျှနှင့် နတ်ရွာလားတော်မူသတည်း၊

## (၆) ဆင်ဖြူရှင်တရဖျားငယ် အကြောင်း။

သက္ကရာဇ်-၇၁၁-ခုတွင်ပင် နော်ရထာ မင်းရဲ့ညီတော်၊ဆင်ဖြူရှင်တရဖျားငယ်မင်းဖြစ်တော်မူ၏၊မင်းဖြစ်လျှင် စကားကျောင်းကိုတည်တော်မူ၏၊ သက္ကရာဇ် ၇၁၄-ခုတွင်နတ်ရွာစံတော်မူသတည်း၊

## (၇) သီဟပတေ့ဘွဲ့ခံမင်းမြောက် အကြောင်း။

သက္ကရာဇ်-၇၁၄-ခုတွင် အသင်္ခယာစောယွမ်းသို့ မိုးမင်းကိုတော်ကြီးမြောက်သားတော် မင်းမြောက်မင်း

ဖြစ်တော်မူ၏၊မင်းဖြစ်လျှင်၊စည်းခုံကြီးကိုတည်တော်မူ၏၊မင်းပြောက်ကားမင်းရိုးမဟုတ်၊ ဗုဂံ တရုပ်ပြေးမင်းမိဘုရားဘွား စောအစ်မတော် မြေးရင်းတည်း၊ အသင်္ချာစောယွမ်းသို့းတော် ရိုးမင်းကိုတော်ကြီးသည်၊ တကောင်းမင်းရိုးသတိုးဆင်ထိန်းနှင့်သင့်၍၊ သားတော်ရာဟုလာ(၁) နှစ်မတော်ရှင်စောကြီး(၁) ညီမတော်စောဥမ္မာ(၁)မောင်နှမ-၃-ယောက်ကိုမြင်လျှင်၊ သတိုးဆင်ထိန်းအနိစ္စရောက်၏၊သီဟပတိမင်းကြီးမိဘုရားမြောက်ရာတွင်သို့းတော် စောတော်ဦးကိုမြင်ပြန်သည်၊ ထိုမင်းသို့း ၃-ယောက်တို့ကား မင်းကြီးစွာစော်ကဲ မိဘုရားချည်းတည်း၊ သားတော်ရာဟုလာကို-၁၄-နှစ်အရွယ်သို့ရောက်လျှင်၊ တကောင်းမင်းရိုးသတိုးမင်းမျိုးဖြစ်ပေသည်၊ သတိုးအနွယ်အဆက် မပျက်ကောင်းပလေဟုသတိုးမင်းဖျား အမည်နှင့်၊ တကောင်းမြို့ကို၊ ဘွဲ့တော်သီဟပတိပေး၍စားရသည်၊ သီဟပတိနန်းတက်သည့်ကာလ သတိုးမင်းဖျား-၇-နှစ် အရွယ် မျှသာရှိသေးသတည်း၊

မြန်မာမင်းတို့မညီညွတ်ကြဘဲသူ့ကိုမနှာလိုကိုယ်အကျိုးမရှိဖြစ်၍၊ပင်းယ စစ်ကိုင်း-၂-ပြည်လုံးနွားကွဲကျွားကိုက်-ရှမ်းတိုက်၍ပျက်ခြင်းအကြောင်း၊ ၊ပင်းယမင်းနရသူကလည်း မင်းရိုးမဟုတ်သသူ စစ်ကိုင်းမြို့ကိုမင်းပြုသည်ဟူ၍ သက္ကရာဇ်-၇၂၅-ခုတွင်၊ ကိုးသိန်းသခင်သိုဟန်ဘွားညီ၊ သိုချည်ဘွားသို့၊ စစ်ကိုင်းကိုထိုးတော်မူပါ၊ ရလျှင်အကာကိုသာယူ၍ အနှစ်ကို ပေးပါ

မည်ဟု စေလိုက်၏၊ သိုချည်ဘွားလည်း အလုံးအရင်း
ဆင်မြင်းအများနှင့်ချီလာ၍၊ သတိုးမင်းဖျားလည်းအလုံး
အရင်းဆင်မြင်းအများနှင့် တကောင်းကခံ၍ တိုက်၏၊
မတိုက်နိုင်ပျက်ရေ၍ ဆင်တစီးနှင့်သာ စစ်ကိုင်း မြို့သို့
ရောက်လာ သည်ကို၊ ဘထွေးတော် မင်းပြောက်က၊
တကောင်းမြို့ ပျက်ရာသလောဟု၊ သံခြေကျဉ်းခတ်ပြီး
လျှင်ကြခပ်စရာသို့ပို့လေ၏၊ သတိုးမင်းဖျားလည်းမင်း
ကြီးငါ့ကိုမခံဟုငြိုနေတော်မူသည်၊ ငါ့ကိုထားဦးမင်းကြီး
မြို့နှင့်မင်းကြီးခံနိုင်အောင်ခံတော်မူဟု၍ဆို၏၊ မင်းပြော်
လည်းကာတုတ်ရင်တား မြို့ပြကျုံးမြောင်း နိုင်ခန့်အောင်
စီရင်၍ရှမ်းတို့ကိုတိုက်သည်၊ ရှမ်းတို့လည်းစစ်ကိုင်းသို့
ရောက်လျှင်မြို့သုံးမျက်နှာကိုတပ်တည်၍လုပ်ကြံ၏၊မင်း
ပြောက်လည်း ဆင်ချစ် နောင်ရင်းကို ကာစဉ်ပတ်ရစ်
အောင်ကျွေးပြီးသော်တံခါးကိုလှစ်ဖွင့်၍ထွက်၏၊ဆင်ချစ်
နောင်ရင်းလည်းရှမ်းတို့ကထုံးပစ်လျှင်တံခါးကိုဝေ့ပေါ်
၍မြို့တွင်းသို့ဝင်ပြန်လာ၏ မြို့တွင်းသို့ရောက်လျှင်၊ အိမ်
ရာကျောင်းကန်တို့ကိုတိုးဝေ့လေ၏၊ ပြည်သူတို့လည်း
မြို့တွင်းကားဆင်၊မြို့ပြင်ကားရှမ်းဖြစ်ခဲ့ပြီဟုဆိုစကုန်၏
ရှည်လသော်မင်းပြောက်လည်းမခံနိုင်ရာဟု သောင်ပန်း
သော့တော်ထက်စီး၍ တမြို့လုံးကြခပ်ရေးသို့ ရန်လေ၏၊
အချို့သောသူတို့လည်း ပင်းယသို့အိုးဘောင်စီး၍ ကျူး
ကြလေ၏၊ သိုချည်ဘွားလည်းစစ်ကိုင်းကိုပင်းယနရသူ
က ချီပင့်လာသောကြောင့် လုပ်ကြံမည် လာသည်၊
နရသူလည်းမကျွမ်းပြီလား၊ စစ်ကိုင်းကိုထိုးသည်လည်း၊

သူ့အိုးနှစ်ယောက်အပမရဖြစ်သောကြောင့်၊ပင်းယသည် ဆင်ဖြူသုံးစီးရှိသည်ဟု တပယ်ယောက်ရစ်ဘ ကျူးပြီးလျှင်၊ပင်းယကိုတိုက်လေ၏၊ နရသူလည်းသိုချည်ဘွားသည်ငါကချီပင့်၍စစ်ကိုင်းကိုလုပ်ကြံလာသည် ငါတို့မှာ အခင်းမရှိဟု အလျော့ အမေ နေချေ၏၊ သိုချည်ဘွားလည်းပင်းယမြို့ကိုရွတ်ရွတ်ချွန်ချွန်လုပ်ကြံပြီးလျှင်၊ ဆင်ဖြူသုံးစီးနှင့်တကွ၊ နရသူကိုယူ၍ရှမ်းတို့ ပြန်လေလျှင် အမှူးအမတ်တို့ရုံးရုတိုင်ပင်၍နရသူ့နောင်တော်ဥဇနာပြောင်းကို မိဘုရားစောဥမ္မာနှင့် ပုံဘက်၍မင်းမြှောက်ကြ၏၊

—o—

## မင်းပြောက်ကြီးဆုံး၍သတိုးမင်းဖျားမင်းဖြစ်ခြင်း။

သတိုးမင်းဖျားလည်း ကြံခပ်ဝရာသို့ ဘထွေးတော်မင်းပြောက် ရောက်လာလျှင်၊ နှလုံးတူညီသော အမှူးအမတ်တို့နှင့်တိုင်ပင်၍၊ မင်းပြောက်ကိုလုပ်ကြံ လေ၏။ သတိုးမင်းဖျားလည်း ဘထွေးတော်မင်းပြောက် အလုံးအရင်းကိုယူ၍ ပင်းယသို့ချီလာ၏၊ ပင်းယသို့ ရောက်သော် ဥဇနာပြောင်းကို လုပ်ကြံပြီးလျှင် စောဥမ္မာကို မိဘုရားမြှောက်၍မင်းပြုတော်မူ၏၊သက္ကရာဇ်-၇၂၄-ခု ကဆုန်လ စစ်ကိုင်းပျက်သည်၊ နယုန်လ ပင်းယပျက်သည်၊ ဝါဆိုလ ဥဇနာပြောင် နန်းတက်သည်၊ ၎င်း

သဏ္ဍာရာဇ် တော်သလင်းလ ဥဇနာပြောင်နှန်းကျသည်၊ သတိုးမင်းဖျားနန်းတက်သည်၊ တပေါင်းလဆင်းမြို့ကို သတိုးမင်းဖျားတည်သည်၊ စစ်ကိုင်းပျက်သည်၊ ပင်းယပျက်သည်၊အင်းဝမြို့တည်သည်၊တသဏ္ဍာရာဇ်တည်းဖြစ်သည်၊

### စစ်ကိုင်းရာဇဝင်ပြီး၏။


—၀—

## ဇေတဝန်ဘုရားအကြောင်း။

စစ်ကိုင်း ရာဇဝင် ချုပ်ကို ပြပြီးနောက် စစ်ကိုင်းတောင်ရိုး တလျောက်ရှိ၊ ဘုရားပုထိုးများ၊ ကျောင်းများ ကျမ်းတတ်ကျမ်းပြုပုဂ္ဂိုလ်များငင်းတို့နှင့် သက်ဆိုင်ရာ၊ ရှေးဟောင်းစာပေအမှတ်အသား၊ ရာဇဝင်များနှင့် တကွပြဆိုပေအံ့၊ဇေတဝန်ဘုရားကို ရှေးဦးစွာပြရခြင်းသည်၍တောင်ရိုးရှိ အရပ်ရပ် ဘုရားပုထိုးများ အနက် ဇေတဝန်ဘုရားသည်ရှေးအကျဆုံး ဝါတော်အကြီးဆုံး ဖြစ်၍ပြဆိုပေသည်၊

## ဇေတဝန်ဘုရားသမိုင်းဒွဲ့ဝေးထပ် (၇၀) ပေါ်။

စိန္တေ့လေးဘော်-၈-ဂါထာ လင်းတယ်၊ သုံးဘုံမှန်ကင်းထွတ်သကျာ၊ အာနန်ထေရ်ဖြတ် နောက်တော်ပါ



ဇေတဘီလူးကောင်းမှုဇေတဝန်ဘုရားပုံတော်

တယ်၊ စက်မြတ်ရတနာ ကြွချီဖွမ်း၊ သုနာပရန္တတိုင်း
အောင်ချာကို၊နောင်ညီမကွာတူကွဒေဇာဖြန်း၊ ရွှေကိုင်း
သာဖွေသောတာပန်မှာ၊ လောကဖျော်မှန်ရပ်စခန်း၊ ရော
ဝတီရေယဉ်သန်းတဲ့၊ မြခန်းဌာနရောက်သောခါ၊ ကိုး
ကျိပ်ကိုးသောက်ယက္ခမျိုးတယ်၊ဇေတဘီလူးကြည်နူး
ဘူးမျှော်လာ၊ တရားချီမြဲ၊ဟောပြီးခါသော်၊ ရေစင်သီ
တာသပွါယ်ပြီးမှ၊အံ့ချီးရောင်ကြွရေသနုပ်တော်၊ပေးအပ်
လိုက်လေသော်၊ဇေတဝန်မည်ရ စေတီကျော်မှာ၊သွင်း
ထားပူဇော်ရှိဦးတင်ကြလေး၊

—၀—

## ရှင့်တေးထပ်၏အဓိပ္ပါယ်ဖော်ပြချက်

အစိန္တေယျ၊သုံးလောကထွတ်ထား၊ဂေါတမဘုရားရှင်
သည်၊ညီတော်အာနန္ဒာနှင့်အတူ၊ ဒေသစာရီကြွချီတော်
မူလာရာ ဤစစ်ကိုင်းတောင်သို့ရောက်တော်မူလျှင် ဇေ
တဘီလူး အမှူးရှိသော ကိုးကျိပ် ကိုးယောက် သော
ဘီလူးတို့သည်တရားတော်ကိုကြားနာကြရ၍ သောတာ
ပန်တည်ကြလေ၏၊ထို့ကြောင့် စစ်ကိုင်းတွင် သောတာ
ပန်အရပ်ဟူ၍ရှိ၏၊ ဘုရားသခင်ရေသပ္ပါယ် တော်မူ၍
ရေသနုပ်တော်ကို ဇေတဘီလူးအား ချီးမြှောက် တော်
မူရာ၊ ဇေတဘီလူးသည် စေတီတည်၍ ရေသနုပ်တော်
ကို ဌာပနာလေ၏၊ ဇေတဘီလူးကိုအစွဲပြု၍၊ ဇေတဝန်
ဘုရားဟူ၍အမည်တွင်လေသည်၊ ဘုရားသခင်ရေသပ္ပါယ်

တော်မူသောဆိပ်ကိုလည်း ဇေတဝန်ဆိပ်ကမ်းဟုတွင်လေ၏၊

## ကျမ်းတတ်ပညာရှိဇေတဝန်ဆရာတော်များအကြောင်း။

သက္ကရာဇ်-၈၆၃-ခု၊အင်းဝတွင် မင်းပြုသောရွှေနန်းကြော့ရှင် နရပတိလက်ထက်၊ ဇေတဝန် ကျောင်းတွင် ရှင်သဒ္ဓမ္မကိတ္တိထံ၊ ရှင်တိသာသနဓဇ- ပုဂံ မဟာဒုတော်ကြီးတို့စာပေသင်ကြားကြ၏၊သက္ကရာဇ်-၈၈၈ ခုသို့ရောက်လျှင်၊မိုးညှင်းစလုံကသားသိုဟန်ဘွားကိုအင်းဝ၌နန်းတင်လေ၏၊ သိုဟန်ဘွားလည်းရဟန်းတို့မှာသားမယားမရှိဘဲလျက် တပည့်တပန်း ထား၍ အခွေအရံဆည်းပူးကြသည်၊ပုန်ကန်သောင်းကျန်းသော်လည်း၊ ပုန်ကန်သောင်းကျန်းနိုင်ဘွယ်ရှိသည်၊ ရဟန်းတို့ကို ဘမ်း၍သတ်မှသင့်မည်ကြံပြီးလျှင်၊ တောင်ဘီလူး လယ်ပြင်တံတားဦး မြောက် ကန်ဘောင်ရိုး အရှေ့ ဘက် ၌၊ မဏ္ဍပ် အ ဆောင် ဆောင် ဆောက် စေ ပြီး မှ၊ ကျွဲနွား ဝက် ကြက် သတ်စေ၍၊ ဆွမ်းလုပ် ကျွေး မည်အဟန်နှင့်စစ်ကိုင်းပင်းယအင်းဝပတ်လည်တွင်၊ရဟန်းတို့ကိုပင့်ခေါ်၍ တပည့်သံဃာနှင့်တကွ မဏ္ဍပ်ဝယ်နေစေပြီးမှ ဆင်မြင်းဗိုလ်ပါဝန်းရံ၍ သတ်လေသည်၊ တထောင့်သုံးရာကျော် သေလေသောဟူ၏၊ ပဉ္စင်းရဟန်းပင်-၃၆၀-ကျော်သည်၊ ပါဠိအဋ္ဌကထာဋီကာကျမ်းဂန်

ကျနသောကျမ်းတတ်ပုဂ္ဂိုလ်ပင်သုံးကျိပ်ကျော်ပါလေသတည်း၊ ရဟန်းတို့ကိုသတ်ပြီးလျှင်စာပေကျမ်းဂန်များကိုမီးတိုက်လေ၏၊ စေတီပုထိုးများကိုတူးဖြို၍ဌာပနာကိုယူလေ၏၊ ထိုရောအခါရှင်သဒ္ဓမ္မကိတ္တိ—တပည့်ရှင်တိသာသနဓဇ—ပုဂံမဟာ သူတော်ကြီးတို့ ပင့်ခေါ်ရာသို့မလိုက်မပါ—တောင်ငူသို့ ကြွသွားကြလေ သည်၊ နောက် ရှင်သဒ္ဓမ္မကိတ္တိနှင့်-ပုဂံမဟာ သူတော်ကြီးတို့တောင်ငူမှာလွန်တော်မူကြသည်၊

## ရှင်တိသာသနဓဇအကြောင်း။

သက္ကရာဇ်-၉၁၂-ခုတွင်ဆင်ဖြူများရှင် မင်းတရားကြီး ဟံသာတီကို စိုးအုပ်တော်မူမှ ရှင်တိသာသနဓဇဟံသာဝတီသို့ရောက်သည်၊ ထိုနောက်အသက်—၄၃နှစ်ရှိမှ သက္ကရာဇ်—၉၁၃—ခုတွင် မိုးဗြဲနရပတိ လက်ထက်စစ်ကိုင်းသို့တဖန်ရောက်ပြန်၍ဇေတဝန်ကျောင်းတိုက်အနီး စကားဥမင်တွင်နေသည်၊ ရှင်မဟာအရိယာဝံသဂိုဏ်းဝင် ဇေတဝန်ဘုန်းကြီးမှာလည်း တက်သက်သည်းကပ်သည်၊ ထိုရောအခါ ဇေတဝန် ဘုန်းကြီးနှင့်ငါ့အရောက်ဟံသာဝတီကရောက်လာ၍ ဥမင်မှာတဲနေသောပုဂ္ဂိုလ်အားအပ်မည်ဟုကြံဆဲတွင်၊ ရှင်တိသာသနဓဇ၏သို့အိပ်မက်မြင်သည်၊ ညဦးယံမှာလူကောင်ကိုမြင်မက်သည်၊ သန်းခေါင်ယံတွင် လူကောင်ကို ဥမင်တွင်းသို့သွင်းမက်သည်၊ မိုးသောက်ယံတွင်လူသားကို

ဓါးနှင့်ထိုး၍စားရမက်သည်၊ ဤသို့ အိပ်မက်မြင်သည်ကို ပြန်ပြောမှအိပ်မက်မြဲသည်အကျိုးပေးသည်ဟု၊ ထုံးစံရှိသည့်အတိုင်း၊ အပါးတွင်အိပ်သော တပည့်သူငယ်ကို နှိုး၍ပြန်ပြောသည်၊ ၈၈၉ ခုကပင်ငါတို့အဝကျွဲခါချေ၍ ယခုမှရောက်စသာဖြစ်သည်၊ သို့စဉ်မြင်မက်သောအိပ်မက်၏အကျိုးကို ခံရမည်လောမခံရလော အောက်မေ့ပြီးလျှင်ပရိတ်မေတ္တာရွတ်၍နေခိုက်၊ စောစောကပင်ဇေတဝန်ဘုန်းကြီးကခေါ်လာ၍လိုက်ရသည်။ ရောက်လျှင် ငါ့အရပ်ကိုသူမြတ်အုပ်ချုပ်မှရှေ့ သို့စည်ပင်မည်၊ ကံမကုန်မီ ငါပေးအပ်တော့သည်ဟူ၍ ဇေတဝန် ကျောင်းအရပ်ကိုပေးအပ်တော်မူသည်၊ ရှင်တိသာသနဓဇလည်း ဇေတဝန်ကျောင်းတိုက်ကိုအုပ်ချုပ်၍၊ စာပေကျမ်းဂန်ပို့သသင်ကြားသည်၊ မိုးမြိန်ရပတီ၊ စလင်းနှရပတီ၊မင်းနှစ်ဆက်လည်း ကိုးကွယ်ချီးမြှင့်သည်၊ ၉၁၆-ခုလည်း ဟံသာဝတီ ဆင်ဖြူများ ရှင်အဝကို အလိုတော်ပြည့်လျှင် ဇေတဝန် ရွှေကျောင်းဆောက်၍ တင်လှူတော်မူသည်၊ တိသာသနဓဇဟူသော တံဆိပ်ကိုလည်း အပ်တော်မူသည် ဤသို့ ဆရာစဉ် စာတပေါင်တွင် ဆိုသည်၊

—၀—

# ဇေတဝန်ဆရာတော်တို့နှင့် ဓာတ်တော်မွေတော်။

တရံရောအခါမင်းမှာ ဝက်အမြုတေရသည်ကို၊မွေတော်စစ်ဟုရတနာပန်းတောင်းနှင့်အရိုအသေကိုးကွယ်သည်။ရှင်တော်သာသနဓဇနန်းတော်သို့ဝင်ရာတွင်၊ရတနာပန်းတောင်းနှင့်ပြသည်ကို၊ လက်ဝါးပေါ်တွင်တင်၍သာကြည့်သည်၊ပူဇော်တော်မမူ၊မင်းကလည်းဆရာတော်မယုံဟုအမှတ်ရှိ၍၊ဗိမ္မာန်တော်မှလျက်ဥသျှောင်တော်မှာနားစေသည်ရတနာပန်းတောင်းမှာလည်း နားစေသည်။ ထိုသို့ပြုခိုက်ဝယ်ဆရာတော်က၊ ပကာရေသွန်းခွဲစေမိန့်တော်မူ၍၊ပကာရေသွန်းခွဲသည်တွင်၊ ဝက်အမြုတေကိုလက်ဖြင့်ဆုပ်ထားပြီးမှ ယခင်ကနည်းဗိမ္မာန်စေ၍လက်ကိုဖြန့်သော်၊ဗိမ္မာန်ရာသို့မသွားဘဲ၊ ပကာရေသို့ဆင်း၍နေလေသည်၊သည်အကြောင်းကိုမြင်ရာတွင်မှ၊မွေတော်မဟုတ်၊ ဝက်အမြုတေဖြစ်သည်ဟူ၍သိကြသည်၊ ကိုးကွယ်တော်မမူသင့်၊ တန်ခိုးရှိသောဝတ္ထုဖြစ်၍အဆောင်အရွက်သာပြုတော်မူသင့်သည်ဟု ဆရာတော်လည်းမိန့်တော်မူ၏၊ (အမြုတေ ဆိုရာမှာ အမတေပင်) ထိုအကြောင်းကိုစွဲသဖြင့်ထိုကစ၍ မင်းအဆက်ဆက်စေတီပုထိုးတည်မည်ဓာတ်တော်မွေတော် ရွေးချယ်ရန်ရှိလျှင်ဇေတဝန်ကျောင်းတိုက်ကရဟန်းငါးကျိပ် မြေနန်းတော်သို့ပင့်၍၊ဓာတ်တော်မွေတော်ရွေးချယ်စေမြဲ၊ ထုံးစံဖြစ်သည်ဟူ၍စာဟောင်းစာတမ်းရှိ၏၊

# ချောင်း-၉-ချောင်းနှင့်တောင်ကိုးလုံး သမိုင်းဘွဲ့တေးထပ်-၈၀-ပေါ်

ပိတောက်၊ ရွှေဝါ၊ ကောဏ္ဍညနှင့်၊ ပရက္ကမနှုရုဋ္ဌါ၊ ပဘာဗောဓိလွှန်သာယာတယ်၊ယုန်ဖြူဝေါဟာဥပါလိ၊ ရှုတင်ကျင့်မြတ်မာန်မျက်ချွေတယ်၊ ဈာန်မဂ်အခြေဘိုး ချောင်းသမိုင်းရှိ၊ ပဏ္ဍုမြားတော လဲ့လဲ့ မှောင်တယ်၊ နှံ့ ကိုင်းမြစ်ရောင် ပြောင်ပြောင်ပြီ၊ ဗောဓိမဏ္ဍိုင်ငွေမိုင်အဲ သို့လေးကျွန်းဆီမီးဝဲပုံတွင်၊ ဘီလူးသေလာပဗ္ဗတ၊ ဝေ ဘာတမ္ဗုနဝကိုးတောင်ဝင်၊ ဇေယျာပြည်မြဘာထင် တယ်၊ အုံ့ဘွယ်ရုံလင်သာယာဖြိုးလို့၊ ကိုးပါးကိုးဆင့် ဝေဖြိုင်လှစွာ၊ ထွန်းလင်းသာသနာ၊ ရွှေဗျာဒိတ်ရသမိုင်း လာကိုး၊တေးဘွဲ့ချိုသာစီးကုံးဘော်ပြလေး၊

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ်ဘော်ပြချက်။

ချောင်း-၉-ချောင်းဆိုသည်မှာ (၁)ပိတောက်ချောင်း (၂)ရွှေဝါချောင်း၊ (၃)ကောဏ္ဍညချောင်း၊ (၄)ပရက္ကမ ချောင်း၊ (၅)အနုရုဋ္ဌါချောင်း၊(၆)ပဘာချောင်း၊ (၇)ဗောဓိ ချောင်း။(၈)ယုန်ဖြူချောင်း၊ (၉)ဥပါလိချောင်းများဖြစ်လေ သည်၊


တောင်-၉-လုံးမှာ (၁)ပဏ္ဍုမြားတောင် (၂)နံ့ကိုင်း တောင် (၃)ဗောဓိမဏ္ဍိုင်တောင် (၄)လေးကျွန်းဆီမီး တောင် (၅)ဝဲပုံတောင် (၆)ဘီလူးတောင် (၇)သေလာ

တောင် (၈)ပဗ္ဗတတောင် (၉)ဝေဘာရတောင်-တေး
သပ်အတိုင်းသာဆိုလျှင်၊ ဤအတိုင်းသာတွက်၍ရသည်၊
အခြားမှတ်သားဘူးသောတောင်ကြီး ၉-လုံးစာရင်းမှာ
(၁)ဝတ်ရုံတောင်(၂)တောင်ဘီလာတောင် (၃)ဇုည
ရှင်တောင် (၄) ပဏ္ဍုမြားတောင် (၅) တောင်ဘီလူး
တောင် (၆)ရွှေတောင်ဦးတောင် (၇)ခါစဲတောင် (၈)နံ
ဘိုင်းတောင် (၉)မင်းဝံတောင်တို့ဖြစ်သတည်း၊သင့်သ
လိုမှတ်သားတော်မူကြပါကုန်။

## ၉-ချောင်အဝင်ပရက္ကမချောင် အကြောင်း။

သက္ကရာဇ်-၆ ၈၄-ခုံတွင်ဥဇ္ဇနာမင်းကြီးသည်ပင်းယ
တွင်မင်းဖြစ်တော်မူသောအခါ ပင်းကျွားအရပ်၌စကား
သစ်တို့ဖြင့်ကျောင်းကြီးခုနစ်ကျောင်းဆောက်တော်မူ၍
စကားခုနစ်ကျောင်းတွင်၏၊ လင်္ကာပေသလ သိက္ခာကာမ
ဖြစ်တော်မူကြကုန်သော ကျမ်းဂန်တတ် ပုဂ္ဂိုလ်များကို
တင်လှူတော်မူ၍၊ ဝဏ္ဏုကံရိုးမြေများစွာ လှူတော်မူ၏၊
ကျောင်းမတော်နေရှင်သုဓမ္မမဟာသာမိဆရာက၊ ဝတ်
ရိုးဝတ်မြေအတို့ အရအခွန်ဘဏ္ဍာများကို တောင်းခံအံ့
သောငှါဥဿာဟာမပြုလို၍၊ ဝဏ္ဏုကံသိမ်းသာသနာစိုး၊
ဝတ်စားသံဃာဟူ၍သီးသန့်ခြားနားခန့်ထားလေသည်၊
ဝဏ္ဏုကံ သိမ်းကား၊ အခွန်ဘဏ္ဍာကို ကောက်ခံသိမ်း

ဆည်းရသောရဟန်းတည်း၊ သာသနာ့ဝိုးကားတရားနှင့် အညီကျင့်ဆောင်ကြအောင် ဆုံးမရသောရဟန်းတည်း၊ ဝတ်စားကား၊ အတ္တိအရဝေဘန်သည်ကို ခံစားရသော ရဟန်းတည်း၊ ထိုချောအခါ ဝဏ္ဏကံမိုးမြေကုံ၍ အမှု အခင်းပွားများသောကြောင့်၊ ပရိယတ်ပဋိပတ်လျော့လေ သည်ကို မကြိုက်မနှစ်သက်ဟူ၍ ရှင်သာသနမရ၊ ရှင် ပရဏ္ဏမ ညီနောင်တို့ စကားကျောင်းက ထွက်ပြီးလျှင်၊ ဈေးရှင်းမြေ တောင်တွင် ရှင်သာသနမရ နေလေသည်၊ ရှင်ပရဏ္ဏမညီနောင်တို့မှာ တောင်ဘီလူးကုန်းသို့ပြောင်း ရွှေ့နေထိုင်ကြသည်၊ ထိုကာလအင်းဝမြို့ မတည်သေး ကျန်စစ်သားကောင်းမှု ထီးလှိုင်ရှင်ဘုရားသာ ရှိသည်၊ ထိုဘုရားအနီးတွင်ရွာလည်းရှိ၏၊ထိုရွာကိုဆွမ်းခံအမှီပြု ၍ပရဏ္ဏမတိုက် သစ်ဘတ်တို့နေကြလေ၏၊ ၇၂၆-ခုတွင် သတိုးမင်းဖျားသည်အင်းဝမြို့ကို တည်ထောင်ရာတွင်မှ၊ တောင်ဘီလူးမှာငါတို့နေ၍မသင့်ပြီဟု၊ စစ်ကိုင်းသို့ကူး ပြီးလျှင်၊အုံတော်မူဘုရားအနောက်ချောက်မှာနေကြလေ ၏၊ အရှေ့အနောက်နှစ်တိုက်တည်၍ နေသောကြောင့်၊ အရှေ့ပရဏ္ဏမ၊ အနောက်ပရဏ္ဏမဟုတွင်လေသည်၊ ထို ကျောင်းတိုက်သစ်ဘတ်တို့ကို၊ ကျောင်းကအရှေ့မြစ် အ နောက်ဘက်၊ လက်ပံရွာတွင်၊ မင်းခေါင်ကြီးက ဆွမ်း ဝတ်တည်သည်၊ ဆွမ်းတော်ဝတ်ချက်တို့နေကြသည်ကို စွဲ၍ ဈေးကလက်ပန်ရွာသည်၊ နောက်မှ ယခုထက်တိုင် ဝတ်ချက်ရွာ တွင်လေသည်ဟု၊ အစဉ်စကား ရှိသည်၊ ထိုဆရာတို့သည်၊ ပုဂံရှင်အရဟံအနွယ်ရှေ့သစ်ဘရှင်



ပတုသာဃ်ရာဇာကောင်းမှု၊ ဥမင်-၃၀-ဘုရားအပြင်ဘက်ပုံ၊

ဆပဒတို့ အနွယ်နောက် သင်္ဃာအဝင်အပါ တောနေ ရဟန်းကောင်းရဟန်းမြတ်တို့ဖြစ်ကြသတည်း။

—၀—

## ဥမင်-၃၀-ဘုရားသမိုင်းဘွဲ့ တေးထပ်

စာမရှိတောင်ဖျားမှာ။ကိုယ်စါးတော်ဘုန်းလူ။လေးဆယ်နှင့်နှစ်ဆူမှာ။ ဥမင်ဂူဝံကျောင်း၊ ပတ္တူကြီးသစ်ဇာငယ်၊ ရှေးဦးတည်ကာ ကျမ်းထွက်စာဟောင်း၊ တထောင့်ရှစ်ဆဲ ငါးခုကျော်၊စံပွင့်တော်မူကြောင်း၊သုံးဘုံလူညွှတ်ခမြောင်းတယ်၊ ကုံးရတ်ပေါင်းထွန်းရှိန်၊ ဥမင်သုံးဆယ်ဘွဲ့တော်မြှီး၊ ဘယ်ခါမညှိုးတန်းခိုး ကွန့်ကွန့်ထိန်၊တစ်ထောင့်နှစ်ရာ့တဆယ်ချိန်မှာ၊ သဒ္ဓါမမှိန်ဇေယျာသားတို့၊ပျက်ပြားသမျှထပ်မံသေချာ၊ ပြုလုပ်ပြင်ကြပါ၊ ဝါခေါင်လပြည့်ပုဏ္ဏမာမှာ၊ ဆွမ်းတော် သြဇာငွဲကြီးခါပလေး။

—၀—

## အထောက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

စာမရှိတောင်ဖျားမှာ မြတ်စွာဘုရား၏ ကိုယ်စားတော်ရုပ်ပွားဆင်းတု ၄၂ ဆူကို ဥမင်တည်၍ ပတ္တူကြီးသစ်ရာဇာသည် တည်ထားတော်မူခဲ့သတည်း။ ဥမင် ၃၀–ဘွဲ့တော်တွင်ကြောင်း—၁၂၁၀-ခုနှစ်မှာစစ်ကိုင်းသူ စစ်ကိုင်းသားတို့က ပြင်ဆင်ခဲ့ကြကြောင်း၊ ၎င်းပြင်

ဝါခေါင်လပြည့်နေ့မှာလည်း ဆွမ်းချပွဲတော်များပြုလုပ်ကြလေသည်ဟုဆိုလိုသည်။ (ရှင်းချက်တထောင့်ရှစ်ဆဲငါးခုကျော်မှာ စံပွင့်တော်မူကြောင်း ဆိုသောစကား၌ ၎င်း-၁၀၇၅-ခုမှတည်သည်ဟုမယူဆသင့်၊ ၎င်းအချိန်မှာတကြိမ် ပြင်ဆင် ပြုလုပ်ကြသည်ဟု သာယူဆသင့်သည်၊ အဘယ့်ကြောင့်ဆိုသော်ပတ္တူကြီး သင်္ဃရာဇာသည် ၇၂၆-ခု နန်းတက်သော အင်းဝသတိုးမင်းဖျားလက်ထက်က၎င်းမင်း၏ဆရာဖြစ်သော ကြောင့်တည်း။ အကယ်၍ ၁၀၇၅-ခုမှာ မှ ဥမင်-၃၀-ကိုပတ္တူကြီး သင်္ဃရာဇာ တည်နေလျှင် ဘုရားတည်သော အချိန်မှာ ပန်းထူးကြီးသင်္ဃရာဇာ အသက်=၃၀၀-ကျော်-၄၀၀ ဖြစ်နေမည်ဖြစ်သောကြောင့်တည်း။

## ဥမင်-၃၀-ဘုရားကိုတည်တော်မူသောပတ္တူကြီး သင်္ဃရာဇာအကြောင်း။

ပတ္တူကြီးသင်္ဃရာဇာသည်၊ စစ်ကိုင်းမြောက်ပတ္တူရွာတွင်သတင်းသုံးသော ဆရာတော်တည်း သက္ကရာဇ် ၇၂၆-တွင်သတိုးမင်းဖျားသည် စစ်ကိုင်းပင်းယနှစ်ပြည်တောင်အားနှင့်တပ်ကြီးအရပ်တွင် တပ်ခိုင်တပ်လုံတည်၍ရဲမက်တော်တို့ကိုနေစေပြီးလျှင်၊ သတိုးမင်းဖျားမှာ၊ ငရာဝတွင် နဝရတ်ရွှေဘောင်နှင့် နေတော်မူ၍၊ ထင်းသောအခါ သဘင်တဲတော်နှင့်နေတော်မူခိုက်၊ ဖြာလိပ်ခန့်အတိုင်း အရှည်ရှိသော စပါးကြီးမြွေတခုသည်၊ မြေအတွင်းကတဲတော်တိုင်ကိုပတ်၍မကြာမကြာလှန့်သော


အခါတဲတော်အလုံး သိမ့်သိမ့်နှဲ့ နှဲ့ ရှိ၍၊ မြေကိုတူးကြည့်သော်စပါးကြီးမြွေကိုတွေ့လေ၏ သတိုးမင်းဖျားလည်းပိန္နကတ်ဗေဒင်တတ်သော ပတျူကြီး သင်္ဃရာဇာကိုမေးတော်မူသော်၊ မြို့တည်မည်ဟူ၍ အရပ်အနေပြုတော်မူသောတဲတော်ကို၊ စပါးကြီးမြွေထဲကအသသာအသာတိုးသည့်အလိုသော်ကား၊ဤမြစ်ဆုံဝ၌ပြည်ကြီးဖြစ်၍၊ သာသနာတော်၏ထွန်းပရာဖြစ်လတံ့၊ ပြည်သူပြည်သားတို့သည်လည်း၊ချမ်းသာစွာဖြစ်လတံ့ ဟုနိမိတ်ဘတ်တော်မူ၏၊စပါးကြီးမြွေကိုလည်းဘေးမဲ့ရာအရပ်သို့ အစာရေစာနှင့်ပို့ရလေ၏၊

—၀—

## သတိုးမင်းဖျားအိပ်မက်ကိုပတျူကြီးသင်္ဃရာဇာ ဘတ်ခြင်းအကြောင်း

သတိုးမင်းဖျားလည်း၊ ယင်းသည့်ညဉ့်ပင်အိပ်မက်မြင်မက်တော်မူပြန်၏၊အိပ်မက်ကား၊ အင်းဝမြို့တည်ရာအရပ်၌လက်ပန်ပင်ကြီးတပင်သည်ရောက်၏၊ ထိုလက်ပန်ပင်ဖျား၌ဆဒ္ဒန်ဆင်ပျံနား၏၊ခက်မလေးဖြာ၌လည်း၊ပရိက္ခရာရှစ်ပါးနှင့်တကွသော ရဟန္တာမြတ်လေးပါးတို့သည် သတင်းသုံးတော်မူ၏၊ အပင်ရင်း၌ကား ခြင်္သေ့စောင့်၏၊အမြစ်ဖျား၌ကားနဂါးစောင့်၏၊ခက်မလေးဖြာ၌သတင်းသုံး နေတော်မူသော ရဟန္တာလေးပါး တို့ကိုဂဠုန်သုတ်၍ယူသည်ကို မြင်မက်တော်မူ၏၊ သတိုးမင်း

ဖျားလည်း မိုးသောက်လျှင် ပတ္တူကြီး သင်္ဘောရာဇာကို ပင့်၍၊ အိပ်မက်ကို ပြန်တော်မူ၏။ သင်္ဘောရာဇာလည်း၊ တရားမင်းကြီး မြို့တော် တည်ရာအရပ်၌ လက်ပန်ပင် ရောက်သော အိပ်မက်အလိုသော်ကား။ လက်ပန်ပင်တို့ သဘောဖွဲ့ ကျိုင်း ကြီးမားသည်သာ အနှစ်မရှိ၍ သုံးနှစ် တကြိမ်လည်း၊ အရွက်အပွင့်အသီးတို့နှင့်ပြည့်ဝ်သည်၊ ပြည်တော်၌ နေသောသူတို့သည် အဓနအဝ အကျော် အစောရှိမည်၊ စည်းစိမ် ဥစ္စာနည်းအံ့၊ သုံးနှစ် တကြိမ် လည်းထူး၍သာယာစည်ပင်လတံ့၊ လက်ပန်ပင်များ၌ ဆဒ္ဒန်ဆင်ပျံနားမက်သည့် အလိုသော်ကား၊ တရားမင်း ကြီးသည်တုန်းလက်ရုံးအာဏာနှင့် ပြည့်စုံတော်မူသော ဆင်မင်းနံ့ဗုဒ္ဓဟူးသား၏မြို့ကိုတည်တော်မူသည်၊ ခက် မလေးဖြာ၌ ရဟန္တာမြတ်လေးပါး သတင်းသုံးတော်မူ မက်သည့် အလိုသော်ကား၊ နိုင်ငံတော် လေးမျက်နှာ အလုံး၌၊ သာသနာတော်ထွန်းပစည်ပင်ရာဖြစ်မည်၊ ထို ရဟန္တာမြတ်လေးပါးကို ဂဠုန်သုတ်ယူမက်သည့်အလို သော်ကား၊ တနင်္ဂနွေသားမင်းပြုသောအခါ၊ သာသနာ တော်ကိုသုတ်သင်ချီးမြှောက်လတံ့၊ အပင်ရင်း၌ခြင်္သေ့ စောင့်မက်သည့်အလိုသော်ကား၊ ပြည်ရွာထောင်တက် စသောရန်သူအပေါင်းတို့ခန့်ညားရွံ့ရှားသည်ဖြစ်လတံ့ အမြစ်ဖျား၌ နဂါးစောင့်မက်သည့် အလိုသော်ကား၊ ဤ ပြည်ဝယ် အဆုံးစွန်သောစနေနံမင်းလက်ထက်၊ မြို့ရွာ ပြောင်းလွှဲ၍တည်လတံ့သည်ဟု နိမိတ်ဘတ်တော်မူ၏၊ အထူးမှတ်ရန်မှာ အဆုံးစွန်သော မင်းသည် စနေနံဖြစ်



ပတ္တသဟ်ရာဇာကောင်းမှု။ ဥမင် - ၃၀။ တုရေးအတွင်းပုံ။

ခည်ဟုသည်ကား၊ စနေနံမင်းလက်ထက် ပြောင်းလဲမှ ဤပြည် သုဉ်ဖျင်းမည်၊ တပါးနံ မင်းတို့ လက်ထက် ပြောင်းလဲ သော်လည်း ဤပြည်မသုဉ်မဖျင်းနိုင် ဆိုလို သည်၊ ပတ္တကြီးသဃ်ရာဇာကား ဗေဒင်၌အလွန်လိမ္မာ ၍လောကဗေဟုသုတများစွာရှိ၏၊ထို့ကြောင့်ဗေဒင်နည်း ကိုမှီ၍ လောကီဒီပဏီကျမ်းကို စီရင်တော် မူသည်၊ ၄င်းပြင် ပတ္တကြီးသဃ်ရာဇာသည် ထွက်ရပ်ပေါက်၍ ဝိဇ္ဇာဖြစ်သည်ဟု– ဝိဇ္ဇာမရေ ကျမ်းများမှာ အဆို ရှိပေ ကြောင်း၊

—o—

## သဃ်ရာဇာဟူသော–စကားအဓိပ္ပါယ် နှင့်သဃ်ရာဇာပုဂ္ဂိုလ်တို့အကြောင်း ကိုဖော်ပြချက်၊

သဃ်ရာဇာဟူသောစကားမှာ၊ ကျောင်းကန်ဘုရား တို့ကိုလှူဒါန်းသော ဝတ္ထုကံမိုးမြေပစ္စည်းများကို ကော် ခံသိမ်းဆည်း စိုးမိုး အုပ်ချုပ်ရသော ရဟန်းကို၊ သဃ် ရာဇာ,သဃ်ဇာဟူ၍ပင်းယခေတ်လောကကာလစတင်ပေါ် ပေါက်လာလေသည်၊ သဃ်ရာဇာအမည်ခံ ပုဂ္ဂိုလ်များ မှာအချို့မင်းဇာကရာဇ်ကိုးကွယ်ခြင်းကို ခံရလေသည်၊ အကျင့်အမူ ကောင်းသည် လည်းရှိ၏ မကောင်း သည် လည်းရှိ၏ ဦးထုပ်ခေါက်ချာများကိုလည်း ဆောင်းကြ ကုန်၏၊

# မင်းခေါင်ကြီးလက်ထက်လက်ဝှေ့ သတ်ရဟန်းကြီးသဃ်ရာဇာတို့ အကြောင်း။

သက္ကရာဇ်-၇၆၃-ခုတွင် ပဌမဘုရင် မင်းခေါင်ကြီးသည်အင်းဝတွင်မင်းပြုတော်မူ၏၊ ထိုကာလပွဲကျောင်း ဂါမဝါသီတို့သည်၊ ပွဲလမ်းဝင်၍ လက်ဝှေ့ လက်ပန်း လည်းသတ်ခတ်ကြကုန်၏၊ အောင်စည်းခံ သဃ်ရာဇာ သည်လက်ဝှေ့ ဆုဖြင့် နှစ်တိုင်းမြင်း-၁၅-စီး-၂၀-ပင် ရသည်ဟူ၏၊ မင်းခေါင်ကြီးလက်ထက်အနှုန်းပေါင်စော် ဘွားက လက်ဝှေ့ ကောင်းရှမ်းကြီးကို အဝသို့ခေါ်ခဲ့၍ လက်ဝှေ့ မှော်ကွန်းတင်မည်လာသည်ကို၊အဝစစ်ကိုင်း သတ်ဘက်မရှိ၍သဃ်ရာဇာသို့ပုံစမ်းစေသော်၊ ငါကား အထက်မင်းများလက်ထက် လူပျိုလူရွယ်ဖြစ်၍ကျော် စောခဲ့ရသော သတ်သည် ယခုမှာ အသက်-၆၈ နှစ်အ ရွယ်ကြီးပြီဖြစ်၍ သေအောင်သတ်တော့မည် ဆိုလိုက် သည်၊ မသေပါစေနှင့် တန့်ရုံသာသတ်ပါဆင့်ဆိုပြီးမှ၊ စကားကျောင်းတော် မော်ကွန်း ရိုက်သော ရုတ်တင်ခါး အရှေ့ငါးတာ မြားကုန်းတွင်၊ မင်းနှင့်စော်ဘွား နေ၏၊ ရဟန်းရှင်လူများလည်းထိုကုန်းပြည်မှကြည့်ရှုကြသည်၊ ရှမ်းကြီးနှင့် အောင်စည်းခံသဃ်ရာဇာလည်း သတ်ခတ် ကြမည့်အရေးအရာ၊ တိုဘာဆို၍ကန့်ကွက်ပြီးလျှင်၊ သဃ် ရာဇာကခြေခတ်ယောင်ယောင်ချောက်၍ လကျာ်လက်

နှင့်ရှမ်းကြီးကိုသတ်လိုက်သည်၊ ရှမ်းကြီးမျက်နှာနောက်မှာနေထေ၏၊ ခုနီးပေါင်စေဘ်ဘွားကသေသေဘ်ပင်အမြင်ကောင်းသေး၏၊ ယခုမှာအမြင်မကောင်းပါတကားဆိုသည်တွင်လက်ဝဲလက်နှင့်သတ်လိုက်ပြန်သည်၊ ရှမ်းကြီးမျက်နှာ ရှေ့မှာနေမြဲနေပြန်လေ၏၊ မင်းနှင့် စောဘ်ဘွားလည်း၊ အံ့ဘွယ်ရှိလှပေသည်ဆို၍၊ မြင်း-၂စီးဖျင် ၃လိပ်ငွေတပိဿာဆုလာဘ်ပေးကြလေ၏၊ ဤစကားရပ်များမှာနေခဲ့သားတို့ရှေးဟောင်းနှောင်းဖြစ်ယခုခေတ်နှင့် နှိုင်းစာချိန်ဆ၍သါသနာတော်ရေးကိုအာရုံစောကြရန်ဘော်ပြရခြင်းဖြစ်ပေသည်၊

—၀—

## ဥမင်—၃၀—တောင်ညွှန်း။

သုဝဏ္ဏဂီရိတောင်၊ စာမဂီတောင် ဟူ၍လည်းခေါ်ဝေါ်သော ဥမင်-၃၀တောင်၌ သုဝဏ္ဏမာချိပ်ကျောက်ရှိ၏၊ သုဝဏ္ဏပထာကျောက်၊ သုဝဏ္ဏဘုမ္မိ ကျောက်များရှိ၏၊ ဥမင်-၃၀-တောင်အနောက်၊ ၂-လုံးသောတောင်ကိုအညွှန့်တောင်ခေါ်သည်၊ အခွန့်ရာသီကျောက်ဗုလျက်ရှိ၏၊ တောင်တလုံးကိုမဏိသေလာတောင် ခေါ်သည်၊ ကျောက်သေလာ၊ ကျောက်ဟမ္မိ၊ ကျောက်ဆန်၊ ကျော်စပါး၊ ဗုလျက်ဗုလျက်ရှိ၏၊ ကျောက်ပွင့်ကျောက်ယားလည်းရှိ၏၊ ကျောက်ဟမ္မိ တွင်းလည်းရှိ၏ဟု ရှေးစာဟောင်းများမှာဆိုသတည်း။

—၀—

## ပဉ္စမြားစေတီဘုရားသမိုင်းနှင့် တေးထပ်—၈၀—ပေါ်။

စစ်ကိုင်းဇေယျာတောင်အများတွင်၊ မားမားစွင့်စွင့် မောက်လို့ရို၊ ပဉ္စမြားခေါ် ကြတောင်ညိုညို့မှာ၊ ဝိဇ္ဇာ လိုလိုပုဂ္ဂိုလ်ထူး၊ ပန်းထူးသိရိထေရ်မဟာသည်၊ တပည့် သင်္ဃာဂိုဏ်းရှိ ဗိုးပိုင်မှူး၊ ခြောက်ရာ့ ခြောက်ဆဲ့နှစ်ခု ပေါ်မှာ၊ နိဗ္ဗာန်ရည်ရော် ဆုမြတ်ချူး၊ သာသနာရောင် ပြောင်ပြောင်မြူးအောင်၊ ဘိုတောင်ဦးထက်စေတီတည်၊ တောင်၏အမည်စေတီမြတ်မှာ၊ ပညတ်ရွှေထုံ့ထက်ဝန်း ထင်ပေါ်သည်၊ ဥမင်–၃၀–ခြောက်ရောင်ခြည်ဘို့၊ သူပင် စည်စည်တည်ခဲ့ထားဟု၊ စာဟောင်းအများ သမိုင်းအ လာ၊ ယုံထောက်တန်ဘွယ်ပါ၊ တော်သလင်းလပုဏ္ဏမာမှာ၊ ဆွမ်းပွဲတော်ခါချိမ့်ဒုန်းညံ ဘွယ်လေး။

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

စစ်ကိုင်းတောင်တန်းပေါ် ရှိတောင်ထွတ် အများတို့ တွင် မြင့်စွင့်ဘွယ်သော ပဉ္စမြား တောင်ထိပ်ဝယ် ဘုရား ကြီးသည်ရာဇာသည်၊ သက္ကရာဇ်–၆၆၂–ခုတွင်စေတီ တည်တော်မူသည့်၊ တောင်၏အမည်ကိုစွဲ၍ ပဉ္စမြား

စေတီဟုခေါ်မည့်တော်တွင်သည်။ရှေးစာပေဟောင်းအများ ပင်အဆိုအလေ့ရှိသည် တော်သလင်း လပြည့်နေ့မှာ ဆွမ်းချ ပွဲတော်ပြုလုပ်ကြ၍ အလွန် စည်ကားစွာ သ တည်း။

— ၀ —

# ပဏ္ဏမြား စေတီတောင်ညွှန်း

မနိကာဠနခေါ်ပဏ္ဏမြားစေတီတောင်သည် ပဏ္ဏမြား တို့ဖြင့်ပြီး၏၊လူတို့လောဘရမ္မက်အားကြီး၍နတ်တို့ဇက် ထားသည်၊ထိုတောင်၌ဂဝံပတော့ရသေ့သည်၊ ဆေးဝါး အင်းအိုင် ယတြာ အနှ အသား ပြုခဲ့သည်၊ ထိုတောင် အဆင်း၌လူတို့ သောက်ချိုးသုံးစွဲစေရန် ရာဇမုနိရသေ့ သည်၊ ဆေးတန်ခိုးဖြင့်၊ ကျောက်ကိုစိပြီးလျှင် သိကြား ရေတွင်းဟု အမည်ပေး၍ ရေတွင်းတူးသည်၊ ပဏ္ဏမြား တောင်ယံမြောက်တွင် ချောက်ဝယ်၊ အသီးဇင်ရွှေးခန့် ရှိ၏အပွင့်ကား နှစ်ထပ်ပွင့်၏၊ အရွက်မှာအမွေးဖွားဖွား ရှိ၏၊အပင်ကားတတောင်ခန့်ရှိ၏၊၎င်းအပင်ကိုကမ္ဘာလာ နိုဟုခေါ်သတည်း၊သံလမ်းပြီး၏၊၎င်းအနီး၌ကြက်မအုပ် များစွာရှိ၏၊ကျောက်ချဉ်လည်းရှိ၏၊ ထိုအရှေ့မြောက် တောင်ကို၊ဆေးဒန်းတောင်ခေါ်သည်၊ ဆေးဒန်းများစွာ ရှိ၏၊ထိုတောင်၏အရှေ့တောင်ကို၊မြေဖြူတောင်ခေါ်သ တည်း၊ မြေဖြူတူးယူသော တွင်းကျင်း များစွာ ရှိ၏၊ ပဏ္ဏမြား စေတီတောင် သိကြား ရေတွင်း အနောက် ကျောက်ဂူဟောင်းတခုရှိ၏၊ ၎င်းအနောက် မန်ကျည်း

မောင်နှံ့ရှိ၏၊ ၎င်းအနီး ကျောက်လုံးကြီး ဒိမ်ခန့်ရှိ၏၊ ထိုကျောက်ကြီးကိုရှား၍တူးသော် ရှစ်တောင်ခန့်ရောက်လျှင်၊ ကြေးနီကျောက်အချပ် များစွာတွေ့လိမ့်မည်၊ ၎င်းကိုခွါသော်ကျောက်မောင်းကျောက်စည်ရှိ၏၊ ကြေးဖြူ၊ ကြေးနီ ဒန်စသော နဝလောဟာပုရပိုက်၊ လောကီပိဋကာစသော ရသေ့ကျမ်း ပုရပိုက်အသော အချာ ရေးသားလျက် တွေ့လိမ့်မည်၊ အချိန်-၁၀၀၀၀-ကျောင်ခန့် ရှိသော ဗုဒ္ဓဘားရုပ်ကြီးရှိ၏၊ ပတ္တမြား ပုလဲစသော ရတနာတို့လည်းအိုးနှင့် ထည့်ထားလျက်ရှိ၏၊ ရွှေကြက်ဥလုံးပတ် ၃-တောင်ခန့်ရှိတွေ့လိမ့်မည်၊ ဟူးရားရသေ့ရှိတ်သည် ပုရပိုက်ကိုတူးယူ၍၊ သုံးဆောင်စေခလိုဟူသောကမ္မည်းလည်းတွေ့လိမ့်မည်၊ ၎င်းကိုတူးသော် ပဌမရေထွက်လိမ့်မည်၊ ၎င်းကျောက်ကြီးအနောက်တောင် ကန္တာယံကြီး၌ကျောက်ဖြာကြီး တသားတည်းရှိ၏ ၎င်းအတွင်းတူးခွါသော်၊ သင်္ကာနက်၊ ကန့်တိုက်နက်၊ ဟုန်းနက်များရှိ၏၊ အင်းဝဘုရင်မင်းကြီးစွာစော်ကဲလက်ထက်၊ ဆေးဇော်ဂျီတဦးသည်၊ အထူးထူး အပြားပြား တန်ခိုးတန်ဆင်းခြင်းဖြင့်၊ ပျော်ပါး၍နေဘူး၏၊ အင်းဝမြို့တည်သတိုးမင်းဖျား လက်ထက်၊ ဆေးဝါးလုပ်ရပ်ကို အပြီးတိုင်ပေါက်သောစိဇ္ဇာကျော်ဘုန်းတော်ကြီးနေဘူး၏၊ ညောင်ရမ်းမင်းတရား လက်ထက်၊ ဗါးမဲ၊ ဗါးကြံ့ကြက်၊ ဗါးတမွတ်၊ ဗါးတမေ၊ မွန်ခင်ကြီး၊ ခင်ကြီးမုန့်တို့ ထိုတောင်ထွင်နေ၍၊ ဆေးဝါးစီရင်ရာ အပြီးတိုင်ရောက်ဘူးကြ၏၊ ပတ္တမြားစေတီတောင်အနောက်ဘက် ကန္တားယံပွင်

လည်း၊ချောက်ကြီးရှိ၏၊ ၎င်းချောက်ဝယ်၊ကန့်ချုပ်နက်
သခန်းနက်,ဆေးပင်များစွာရှိ၏၊ အဆင်းကားကန့်ချုပ်
ပင်ကဲ့သို့သဏ္ဍာန်ရှိ၏၊အဆင်းနက်၏၊အရွက်လည်းနက်
၏၊ အပွင့်လည်းနက်၏၊ အမြစ်လည်းနက်၏၊ ကန့်ချုပ်
နက်ကို သံပုရာရေနှင့်သွေး၍၊ သုတနှင့်စရနယ်၊ သုတ
သားကဲ့သို့ဖြစ်၏၊အထက်အောက်နှိမ်း၍ထိုးသုတသေ၏
၎င်းဆေးပင်ကိုအထက်အောက်နှိမ်း၍ဒန်တဆယ်နှင့်ထိုး
ဒန်တုံးလုံးသေ၏၊ကြေးနီဘဆယ်တွင်တ၀ဲပစ်၊ ရဇတ
ဖြစ်၏၊ ထိုပဗ္ဗတမြားစေတီတောင်နှင့်အစပ် ဧရာဝတီ
မြစ်ကမ်းတွင်၊ဆေးခါးကြီးပင်ရှိ၏၊၉၆-ပါးပျောက်၏၊
၎င်းဆေးခါးကြီးကိုများရေနှင့်တနှစ်စိမ်၍စားရသော်အ
သက် ၁၂၀-ရှည်၏ဟုရှေးစာပေါင်းတို့တွင် ညွှန်းသ
တည်း၊(မှတ်ချက်)ထိုဆေးခါးကြီးပင်မှာ-၁၂၇၇-ခုနှစ်
လောက်ကသေပြီဖြစ်၍ယခုမရှိပြီ၊

—o—

## ရွှေမင်းဓံဘုရားသမိုင်းဘွဲ့တေးထပ်
## ဂ၀-ပေါ။

ဘာယာသုဒ္ဓေါ်ရွှေရင်နှစ်၊ငါးမာရ်ပယ်လှစ်စိန္တေယျာ
ညီချစ်ရှင် မြတ်အာနန္ဒာဝယ်။ တရုက္ခမဂ္ဂါ ဒေဇာကြွ၊
အပရန္တတိုင်းအောင်ချာဝယ်၊စစ်ကိုင်းဇေယျာပဏ္ဏမြား
ဘောင်သို့ကျ၊ ဒဏ္ဍီနှုတ္တရရှာဘွယ်တည်သည်၊ ဤသည်

တောင်ရှည်ပဗ္ဗတ၊ ဝံဇာတ်ဖြစ်ခါရှေးကာလက၊ ဗုဒ္ဓကို
ရငါမြတ်စွာ။ ကျက်စားကျင်လည်ပျော်မွှာနရို၊ မင်းဝံ
တွင်ထင်ရှိမြဲသလာ၊ ဓမ္မာသောကရာဇ်ဖွဲ့သည်၊ နောင်
သောအခါ၌တောင်ညွန့်ထက်၊ ဖြိုးကွန့်ရောင်ကြွယ်ခြောက်
သျှံ့စည်စည်၊ စေတီတည်လိမ့်မည်၊ ဗျာဒိတ်တော်ခွန်း
သွေမဘိသည်၊ စေတီဖွဲ့မည့်ရွှေမင်းဝံတဲ့လေး။

## အထက်ပါ တေးထပ်ကို
## အဓိပ္ပါယ်ဖော်ပြချက်။

ဂေါတမ မြတ်စွာဘုရား သခင်သည် ညီတော်အာ
နန္ဒာနှင့်အတူ ဤစစ်ကိုင်းတောင်တန်း ပတ္တမြားတောင်
သို့ရောက်တော်မူ၍၊ ချစ်သားအာနန္ဒာ၊ ငါသည်ရှေးကာလ
က-ဤအရပ်ဝယ် ဝံသူတော်ကောင်းဖြစ်၍ ကျက်စား
နေထိုင်ဘူး၏၊ ထို့ကြောင့် ဤတောင်ကို မင်းဝံတောင်
ဟူ၍ခေါ်တွင်လေသည်၊ ငါဘုရားမရှိနောက် သီရိဓမ္မာ
သောက မင်းကြီးသည် ဤမင်းဝံတောင်ဝယ် စေတီ
တည်လိမ့်မည် ဗျာဒိတ်တော်ရှိခဲ့သောအတိုင်း သီရိဓမ္မာ
သောကမင်းကြီးသည် ယခု ရွှေမင်းဝံစေတီကို တည်
တော်မူခဲ့ သေသတည်း။ ၎င်းမင်းဝံတောင်၌ ဘော်ဖြူ
ကျောက်ရှိ၏၊ လေလာဇယကျောက်လည်းရှိ၏၊ ကျောက်
ကွမ်းသီးလည်း ရှိ၏၊ ပတ္တမြားကျောက်လည်း ရှိ၏ဟူ၍
ရှေးစာဟောင်းများမှာဆိုသတည်း။

## ရွှေတောင်ဦးမော်ဘုရားသမိုင်းတွဲ တေးထပ်-၁၀-ပေါ်။

သေလာမှာရောခတယ်၊ ဇေယျာနဂရကြိုက်သရေ၊ ရွှေတောင်ဦးထိပ်ဖွေမှာ၊ ခြောက်ရောင် ထွေထင်နှံလင်း။ အသောကရာဇာသည်၊ သူရိန်စန္ဒာချဉ်းကာတည်ခဲ့ရင်း။ ရှစ်သောင်း လေးထောင် စေတီတော်မှာ၊ တဆူထင် ပေါ်ရှိန်ဘုန်ဝင်း၊ တောင်စောင့်ဒေဝါ ပန်းမွှေ့ခင်းလို့၊ ဘယ်ခါမယွင်းမွှေးလှိုင်စွာ၊ စစ်ကိုင်းမြို့မှာပြင်မရွှေ ရယ်လို့၊ ကျောင်းစေခါရံနှိပ် တံဆိပ်ဘွဲ့တော်သာ၊ အရ ဟံတေရ်မြတ်ရဟန္တာသည်၊ သဏ္ဌာရာဇ်လေးရာကျော် ကာလ၌၊ ကြပ်ခကြည့်ရှုပြင်ဆင်တော်မူ၊ လူနတ်သာဒု ယူ၊ ရွှေတောင်ဦးမော်ထွတ်မှန်ကူကို၊ မော်ကွန်းရိုက်ထူ သမိုင်းတင်ပြလေး၊

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

စစ်ကိုင်းသဘော်ဆိပ်ကမ်းအနီးရှိ ရွှေတောင်ဦးမော် တောင်ပေါ်မှာ၊ သီရိဓမ္မာသောကမင်းကြီးသည်၊ လကို အသူရိန် ဘမ်းသောအခါ ဤရွှေတောင်ဦးမော် စေတီ ကိုတည်တော်မူခဲ့သည်၊ စေတီ-၈၄၀၀၀-တွင်တဆူ

အပါအဝင်ဖြစ်၍၊ တောင်စောင့်နတ်ပန်းမွေ့ရာခင်း၍။ သဖြင့်မပြုပ် မွှေးကြိုင်လျက်ရှိ၍၊ စစ်ကိုင်းမြို့တွင် ဖြင် မရွှေ-၉-ဆု အပါအဝင်ဖြစ်၍၊ ပုဂံပြည်နေဝ်ရလော မင်းစောကိုးကွယ်တော်မူသောရဟာကျွာခမ္ပဒဿီမည် သောရှင်အရဟံမထေရ်သည်သက္ကရာဇ် ၄၀၀-ကျော်၌ ကြိပ်မကြီးညှိရှု ဖြင်ဆင်တော်မူခဲ့သတည်း၊ ဤတောင် သည်ဘုရားသခင်ကြွလာတော်မူစဉ်က ရေကြည်သော မွတ်တော်မူသဖြင့် ဦးခေါင်းတော်ကို မော်၍ မျှော်၍ ကြည့်တော်မူရာ အရပ်ဖြစ်သဖြင့် ရွှေခေါင်းဦးမျှော်မှ၊ ရွှေတောင်ဦးမော်ဟူ၍ ဘာလရွေ့၍ အမည်ပြောင်းသည် ဟုလည်းရေးသားကြသတည်း။

## ရှင်ပင်နှံကိုင်းဘုရားသမိုင်းဘွဲ့။
## တေးထပ်-၈၀-ပေါ်။

ဧရာဝတီ ရွှေကာသိုင်းတယ်၊ ဇေယျာ ရွှေကိုင်း ကြက်သရေ၊ ခြောက်ရောင်ရှန်းလို့ ထွန်းလင်းဝေသည် ကိုးရတ် ပရမေဓာတ်မွေ့ကိန်း၊ တင့်ထူးမြင့်ဖြိုးလဲ့လဲ့ ရှိသည်၊ ဆုန္ဒနီလိုထက်ဝန်းညီမြဲပြိန်း၊ နံကိုင်းပဗ္ဗတသေ လာပေါ်မှာ၊ တေဇာသွမ်းကျော်ပါးမာရ်ပြိမ်းဖူးမြင်ကြ သူလူခပ်သိမ်းတို့၊ ညွှတ်ကိန်းကြည်လှသဒ္ဒါရွှင်၊ သက္က ရာဇ်လေးရာနှစ်ဆယ်မောက်တယ်၊ ခြောက်သွယ်ရောင် တောက်ဘွဲ့တော်ရေနဲ့အောင်မြင်၊ ငါးကျိပ်နှင့်ငါး ဖြူရိပ်

ဆင်တယ်။ ပေါက္ကူ ခေါ်တွင်ရိမ်တိုင်းက၊ ကြံ့သိုင်းအ
မတ်မဆွေတည်ထွာ၊ တန့်ခိုးထွန်းလျှံဖြာ၊ ငါခေါင်မာသ
လကွယ်မှာမူ၊ ပွဲတော်အခါစည်လွန်းပါဘွားလေး။

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

စစ်ကိုင်း ရေဝတီကမ်းစမှာ နံ့ကိုင်းတောင်ဟူ၍ ရှိ၏၊ ၎င်းတောင်ထိပ်ကဘုရားစေတီကို ရှင်ပင်နံ့ကိုင်းဘုရားဟုခေါ်ဝေါ်ကြ၏၊ နံ့ကိုင်းတောင်ကို အစွဲပြု၍ရှင်ပင်နံ့ကိုင်းဘုရားဟု ခေါ်ကြသည်၊ ဘုရား၏ဘွဲ့တော်မှာရန်အောင်မြင်ဘုရားဖြစ်သတည်း၊ ပေါက္ကူပြည်တွင် ကျန်စစ်မင်းကြီးသမီးတော် ရွှေအိမ်သည်ကိုထိန်းရသော အထိန်းတော်အမတ်ကြီးမှာ ကြံ့သိုင်းအမည်ရှိ၏၊ ထိုအမတ်ကြီးပင် တည်ဘာန်လက္ခဏာရှိသည်၊ ရာဇဝင်တွင် ဥဂ္ဂံကြံ့သိုင်းဟူသောအမည်နှင့်အခြားတဦးရှိသည်ကို မတွေ့ရဘူးပေ၊ ထိုအမတ်ကြီးသည် ရွှေအိမ်သည်နှင့် ပန္နက္ကရားကုလားမင်းသားကို အောင်သွယ်၍ပေးသဖြင့် ကုလားမင်းသားက ငွေဆယ်တင်းပေးသည်ဟုရာဇဝင်တွင်တွေ့ရသဖြင့်၊ ထိုငွေများနှင့်ပင် ဤဘုရားကိုတည်လေသလောဟုသံသယမကင်းစရာဖြစ်၏၊ ။နံ့ကိုင်းတောင် မြောက် တောင်တန်းကို နဂါးရုံ တောင်ဟု ခေါ်၏၊

## ချမ်းသာကြီးချမ်းသာရ-ဘုရားနှစ်ဆူ သမိုင်းဘွဲ့တေးထပ် ၈၀-ပေါ်

ဗဟာန်းသေလော လျှံဖြာညီ၊ ပုံသာ ဂိရိ မြစိမ်း
တောင်၊ ညို့ညို့မှိုင်းလို့ ရို့ဆိုင်းမှောင်သည်၊ လည်
ခေါင်ထိပ်ဖွေ ဝေဝေလျှမ်း၊ ချမ်းသာကြီး ချမ်းသာရဘွဲ့
တော်ကြူသည်၊ညီနောင်နှစ်ဆူသုံးဘုံ ထိပ်ပန်း၊ကြံသိုင်း
အမတ်တည် ကိုးကွယ်သည်၊ လေးရာ့နှစ်ဆယ်ကျော်
ဂဏန်း၊ ဖူးမျှော်ကြံသူစိတ် ရွှင်လန်းလို့၊ ဘေးတျှမ်း
မငြိကင်းလွတ်စင်၊ သက္ကရာဇ်ကောဇိန်သေဘ်ကာလမှာ
ပန်းယာအမတ်ဦးပုညကပြင်၊ တန်ခိုးကြီးတဲ့စေတီရှင်ကို
သန္ဒါကြည်လင် ရွှင်စိတ်ထားနှင့်၊ နိဗ္ဗူပြည်သားဖြစ်ကြ
စေငါ၊ဆုမြွက်ဌာပနာ၊ ဝါခေါင်လဆန်း ရှစ်ရက်ခါမှာ၊
ရွှမ်းပွဲညီညာဖျော်ဒါန်းတင်ကြလေး၊

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

ပုံသာဂိရိတောင်ထက်ခွဲတည်ရှိသော၊ ချမ်းသာကြီး
ချမ်းသာရဘုရားနှစ်ဆူကို နံကိုင်းဘုရားဒါယကာ ပုဂံ
ကြံသိုင်းအမတ်ကြီးပင်လျှင်သက္ကရာဇ်-၄၂၀-ကျော်က
တည်ထား ကိုးကွယ်ခဲ့ရာ၊ ၄င်းနောက် ပုညရှင် ဘုရား
ဒါယကာ၊ပင်းယာအမတ်ကြီးဦးပုညက ဆက်လက်ပြုရ
ပြင်ဆင်လေသည်၊ ဝါခေါင်လဆန်းရှစ်ရက်မှာ၊ ရွှမ်း
တော်ကပ်ဖျော်သောပွဲလမ်းသဘင်ပြုလုပ်ကြလေသည်၊

# ရှင်မဟာအရိယာဝံသ၏အကြောင်း။

ထူပါရုံဒါယကာနရပတိမင်းကြီး လက်ထက်ဆီက ရတနာပူရ အဝဖြည်ထဲတွင် ကျမ်းဂန်တတ်မြောက်လှသောရှင်မဟာအရိယာဝံသဆရာ ကျော်စောထွာဖြစ်၏၊ ထိုဆရာကား ပင်းယ စကား ခုနစ်ကျောင်းမှ ရဟန်းကောင်း ရဟန်းမြတ်တို့က သက်ဆင်းခဲ့သော ဂုဏ်ရှေ့သာသနာ၊ နောက်သာသနာ အနွယ်အဆက် အဝင်ပေတည်း၊ ထိုဆရာသည် ပင်းယစကားကျောင်းကပင်ပါဠိ အဋ္ဌကထာဋီကာကျမ်းဂန်များကိုသင်ကြား၍ပိဋကကိုယ်ဝန်ဆောင်တစ္ဆက်ခန့် ဆ္ဆက်ဆောင်လောက်အောင် နှုတ်တက်အာဂုံဆောင်ပါလျက်၊ ကျမ်းဂန်တတ်သည်စာပေတတ်သည်ဆိုသည့်သဘောကိုပင်မသိသေး၍၊ စစ်ကိုင်းအရပ်ဝယ်ကျမ်းဂန်တတ်သည့်ဆရာများထံ၊ နည်းနာခံမည်ဟူ၍စစ်ကိုင်းသို့ကူးလေ၏၊ ထိုရောအခါပုညစေတီမြောက်တွင်၊ ကျမ်းဂန် အလွန်တတ်သော ရေငုံဘုန်းတော်ကြီးအထင်အရှားရှိသည်၊လိုသို ရာရာ ဟုတ်ဟုတ် ငြားငြား စကားမပြောလို၍ ရေကိုငုံ၍နေလေ့ရှိသောကြောင့်ရေငုံဘုန်းကြီးဟုတွင်သတည်း။

# ရေငုံ့ဆရာတော်ထံ ရှင်မဟာအရိယာ ဝံသစာဝါတောင်းခြင်း အကြောင်း။

ရှင်မဟာအရိယာဝံသလည်း၊ ထိုရေငုံ့ ဘုန်းကြီးထံ စာဝါတောင်းမည်ဆည်းကပ်သည်၊ ၂-ရက်တိုင်အောင် စကားမပြောရ ဝတ်ဖြည့်၍သာပြန်ခဲ့ရသည်။ ၃-ရက်မြောက်သနေ့သားရေနွယ်ကိုခေါက်သည့်တွင်မှ အသံကိုကြား၍ ရေကိုထွေးပြီးလျှင်၊မေးမြန်းသဖြင့် စာဝါတောင်းမည့်ရောက်ကြောင်းကိုဆိုသော်၊သင်ကြားလေ့ကျက်ဘူးသော ကျမ်းဂန်များကိုမေးသည်တွင်၊ မသင်ကြားမလေ့ကျက်ဘူးသော သင်ရိုးကျမ်းဂန်ပင် မရှိပြီ ဆရာကဆိုသည်ကို၊ကျမ်းဂန်တတ်သည်စာတတ်သည် ဆိုသည့်အကြောင်းကိုမသိပါသေးသောကြောင့်ရောက် ပါသည်ဆိုလျှင်၊ ငါ့မှာစာ-၃-ဝါပို ရသည်၊ မွန်းယိမ်း လျှင်ပုညစေတီသို့တက်၍၊ တံမြက် စတ်လည်း ပြုရ သည်၊မအားမလပ်ပြီ၊သို့သော်လည်း စာတတ်မှန်းမသိ ဆိုသည်ကိုတံမြက်ဝတ်ပျက်ပစေဦး၊ ငါကာ့လက်သန်း ကိုသင်တော့ဟု၊ စာဝါပေး၍ငါကာလက်သန်းကိုသင်ရ သည်၊ရေငုံ့ဘုန်းကြီးလည်း၊ နည်းနာနယအထူးထူးအ ပြားပြားပြသသင်ကြားတော်မူသည်၊ သုံးရက်မြောက် အောင်သင်ကြားပြီးလျှင်၊ ပြသသည့်နည်းအတိုင်း ဆင် ခြင်၍၊ ၂ရက်၃ရက်မလောနေသည်၊ ကျမ်းဂန်တတ်သည်

စာတတ်သည် ဆိုသည့် အကြောင်းကို သတိရမှ၊ အ
ကြောင်းကိုလျှောက်မည် ရှင်မဟာအရိယာဝံသလည်း
လာ၍၊ရေငုံဘုန်းကြီးကလည်းပင်းယပုဂ္ဂိုလ်သည်၃ရက်
မြောက်စာသင်ပြီးလျှင်မလာ၊မကျန်းမမာရှိလေသလော
ပုညစေတီအရှေ့မြောက်၊မာန်ကျည်းပင်တောတွင်၊တဲ
ဆောက်၍ နေသည်ဆိုသည် သွား၍ကြည့်ရှုမေးမြန်းကြ
ပါချေစာသင်တပည့်တို့ကိုစေ၍၊ ထိုကအလာနှင့်သည်
ကစေးပူတို့အသွား၊ ခရီးအကြားတွင်တွေ့ကြ၍ အတူ
လာကြသဖြင့် ဆရာ့အထံသို့ရောက်သော်-၂ ရက် ၃
ရက်မလာကြောင်းကိုမေးလျှင်၊ ပြသာဒပသော နည်းကို
မှီ၍၊ ဆင်ခြင်ကြံစည်သောကြောင့်၊ စာတတ်သည် ဆို
သည့်အကြောင်းကို သိရပေပြီ လျှောက်၍၊ ရေငုံ ဘုန်း
ကြီးကလည်း ယင်းသို့တပြီးကား ဋီကာလက်သန်းကို၊
အရင်းအစနှစ်ကန့်ပတ်လောက်သင်ကာမျှဖြင့် စာတတ်
ပေသည် ကျေးဇူးကိုဆပ်ပေ ဋီကာလက်သန်းကိုပင်ဖွင့်
လေဆို၍၊

—○—

## ရှင်မဟာအရိယာဝံသကျမ်းဂန်ပြုစု
## တော်မူခြင်းအကြောင်း။

ရှင်မဟာအရိယာဝံသလည်း၊ ဆရာဆိုတိုင်းဋီကာ
လက်သန်း အဖွင့် မဏိသာရမဉ္ဇူသာကျမ်းကို စီရင်၍၊
ပုညစေတီအရှေ့မြောက်ချောက်တွင်နေ၍ စီရင်သည်၊

စာပေလည်း ပို့ချတော်မူသည်၊ တပည့်သံဃာအများ
ပြန့်ပွားစည်ပင်သည်ဟူ၍၊ မဏိသာရမဉ္ဇူသာကျမ်းကို
စီရင်စဉ်၊ပြီးသမျှကိုလပြည့်လကွယ်ရှစ်ရက်သတင်းနေ့
တိုင်းပုညစေတီရင်ပြင်တွင်၊ သံဃာအများနှင့်ဘတ်နာ
ကြ၍၊ ထိုရေးအခါပုဂံက ဘုရားပုထိုး ရှိခိုးမည်လာ
သည့်ပုဂ္ဂိုလ်တဦးလည်း အစွန်ကနေ၍နားလျက်၊ ဧဟု
၂—ကြိမ်တိုင်အောင်ဆိုသည်ကိုမှတ်သားရသည်၊တည်း
နေသည့်အရပ်ကိုလည်းမေးစေသည်၊ကျောင်းသို့ရောက်
၍မှတ်ရာတွင် ကြည့်ရှုဆင်ခြင်သော်၊ တချက်မှာဝါကျ
ထပ်သည်၊ တချက်မှာနာမံဂဏ္ဍ်စွဲရမည်ကို နာမံဂဏ္ဍ်အစွဲ
ပျက်သည်ကိုမြင်လေ၍ဧဆိုသော ပုဂ္ဂိုလ်ကိုပင့်ရလေ
သည်၊ ရောက်လျှင်ဤသို့မိန့်ဆို၍၊ ငါ့ရှင်ဤကျမ်းကိုငါ
သည်သာမည်မပြု၊ လူသံငှက်သံစဲမှညဦးကုံ ပုရပိုက်ကို
ဖွင့်၍ရေးသည်၊လူသံငှက်သံကြားမှနေ့ကိုပုရပိုက်အုပ်၍
နေသည်၊ သို့စဉ်ကြိုးစားအားထုတ်ပါသည်ကို ဧဆို
ပြန်ရလေသည်၊ဤသို့မိန့်ဆိုလျှင်၊ ဧဆိုသောပုဂ္ဂိုလ်က
လည်း ဤသို့လျှောက်၍၊ အရှင်ဘုရား စီရင်ပြုရသော
ကျမ်းသည် ဆိုဘွယ်အများပင်မရှိပေ၊ သူတယောက်
သည်ကျောက်စစ်ကိုဆုပ်၍တိုက်နံရံကိုပစ်သော်တစေ့
မကျန် တိုက်နံရံ၌ချည်း မှန်လေသကဲ့သို့၊ မိန့်ဆိုသမျှ
စကားသည်၊ အလိုရှိအပ်သောအနက်အဓိပ္ပါယ်သို့ချည်း
ရောက်ပလေသည်၊ ဝါကျတချက်ထပ်သည်၊ အစွဲတ
ချက်ပျက်သည်ကိုသာ ဧဆိုပေသည်ဟု လျှောက်လျှင်၊
အားရွှင်သက်ရှိတော်မူ၍ ကိုယ်တွင်သုံးသောဒုကုဋ်ကို

ပေးတော်မူသည်၊ ငါ့ရှင်ကိုငါပူဇော်သည်မဟုတ်၊ ငါ့ရှင်၏ဂုဏ်ကိုသာ ငါပူဇော်သည်ဟု၊ ထိုဂုဏ်ကိုထံခံစံ အောင်လည်းမိန့်တော်မူသည်၊ နောက်လည်း ဘုရင်မင်းခေါင်အားပြောကြား၍ထံဆိပ်အလှူခံရသည်ဟု အစဉ်စကားရှိသည်၊

—၀—

## ရှင်မဟာအရိယာဝံသချောင်းသို့ ဘုရင်မင်းခေါင်ထွက်တော်မူ၍တရားနာတော်မူခြင်းအကြောင်း။

တနံ့ရောအခါ ဘုရင်မင်းခေါင် ကျောင်းတော်သို့ ထွက်၍ တရားနာတော်မူသည်၊ တရားဟော ဆုံးတွင် စစ်ကိုင်းယဉ်ခွန်ကိုချမ်းသာပါစေအလှူခံတော်မူသည် ဘုရင်မင်းခေါင်လည်း လှူတော်မမူ ဘောင်တော် စီး၍ အပြန်တွင်ရွှေကြက်ယက်ပယ် ဘောင်တော်တက်မကို ဓိကျောင်းခဲ၍ မရွေ့နိုင်ရှိချေသည်၊ ယဉ်ခွန်ကိုအလှူခံတော်မူသည့်အတိုင်း လှူပါ၏ဟု ဟစ်ကြွေး၍ လှူစေသည်တွင်မှဘောင်တော်တက်မကိုဓိကျောင်းလွှတ်လေသတည်း၊ တကြိမ်ထွက်တော်မူရာတွင်လည်း၊ ကျောင်းတော်အနီး ဇောဓိပင်အခက်ကိုစီးတော်ဆင် မယဉ်သာချိုး၍စားလေလျှင်၊ ထိုအရပ်တွင်ပင်ဆင်မလည်း၍သေသည်၊ ဆရာတော်သစ္စာပြု၍ မေတ္တာရေသွန်းမှပက.တိ

ချမ်းသာသည်၊ ဘုရင်မင်းခေါင်လည်း၊ ဆင်မတစီးတိုး
တန်အောင်၊ ကျောင်းတော်က မြစ်ဆိပ်သို့ သွားသည့်
လမ်းကိုကျောက်ဖြာခင်းစီ၍လှူတော်မူသည်ဟူ၏။

— ၀ —

## ရှင်မဟာအရိယာဝံသပြုစုသော ကျမ်းများအကြောင်း။

ရှင်မဟာအရိယာဝံသသည်၊ မဏိသာရ မဉ္ဇူသာ
ကျမ်း၊မဏိဒီပကျမ်း၊ ဂန္ဓာဘရဏကျမ်း၊ မဟာနိဿ
ယကျမ်း၊ဇာတကဝိသောဓနကျမ်းများကို စီရင်တော်မူ
၏၊ အဘိဓမ္မာသင်္ဂြိုဟ်ကို လက်သန်း အဋ္ဌကထာဆို
သည်၊ ထိုအဋ္ဌကထာ၏ အဖွင့်ကို ဋီကာ သက်သန်းဆို
သည်၊ ထိုဋီကာသည်အဖွင့်အပြ ထိသာခြားနားလှသော
ကြောင့်၊ဋီကာကျော်ဟူ၍လည်းရှေးသူဟောင်းတို့ ခေါ်ဝေါ်
ကုန်သည်၊ ထိုဋီကာကိုသင်ရာတွင်၊ ရှင်မဟာအရိယာ
ဝံသကျမ်းဂန်တတ်လေသောကြောင့်၊ရှင်မဟာအရိယာ
ဝံသတွင်စ၍ဋီကာကျော်ဟု ယခုထက်တိုင်အောင်တွင်
သည်၊မဏိသာရမဉ္ဇူသာကား၊ ထိုဋီကာကျော်၏အဖွင့်
ကျမ်းတည်း၊ မဏိဒီပကား၊ ဋ္ဌိရကထာမူလ ဋီကာ၏
အဖွင့်ကျမ်း၊ ဂန္ဓာဘရဏကား၊ ဥပသာရနိပါတ်တို့၏
အနက်အနေအထားကိုဆိုသောသဒ္ဒါကျမ်း၊ မဟာနိဿ
ယကား၊ မူလဋီကာနှင့်အနုဋီကာကို စပ်ယှဉ်၍ဖွင့်သော

နိသသယည်းကျမ်း၊ဇာတကာပိဿောခန္ဓကား၊ဇာတ်ဆယ်
စောင်ကိုပုဒ်ပါဠိအဆစ်အဖုသုတ်သင်သောဂဏ္ဍိကျမ်း
တည်း၊ ရေဒုံဆရာတော်၊ ရှင်မဟာအရိယာဝံသတို့ကို
စွဲ၍၊ ရေဒုံကျောင်း၊ အရိယာဝံသ ကျောင်းများ ဖြစ်ကြသ
တည်း၊

—၀—

## ပဲပုံတောင်ဘုရားသမိုင်းတွဲ-တေးထပ် ၈၀—ပေါ်။

ရှေးလွန်လေကာလကာ၊ သမ္ဗုဒ္ဓလောင်းလျာ၊ သမင်
ဇာတ်ဖြစ်ခါဝယ်၊ ကျင်လည်ရာဌာန၊ဤသေလပဗ္ဗတာ
မှာ၊ ပါရမီဖြည့်စဉ်စံပ၊မြဂ်ရိမ်မှ မှောင်ကို၊ ပဲပုံတောင်
ခေါ်ကြ၊ သောင်းဒီပါအာဏာရှတယ်၊ အာသေသကာရ
ဇာ၊ထိုတောင်မှာတည်ခဲ့ထားတယ်၊ခြောက်ရောင်ကြွား
ထွန်းလျှံလို့ဖြာ၊ ရွှေကိုင်းနဂရမြို့ဇေယျာဝယ်၊ကုန်းပါး
သချာရွှေမရွှေဘွဲ့၊ရှင်စောမြတ်ဇှတဆွေပါစင်၊ပြင်မရွှေ
လို့တွင်၊ ပဲပုံတောင် စေတီရှင်ကို၊ မော်ကွန်း ပြတင်
နှောင်မှတ်သိတို့လေး၊

—၀—

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

လွန်လေပြီးသောရှေးအခါကာလကား၊ ဂေါတမမြတ်
စွာဘုရားအလောင်းတော်သည်၊ ဤပဲပုံတောင်ဝယ်သ

မင်းမျိုး၌ ဖြစ်တော်မူ၏၊ ဘုရားလောင်း သမင်မင်းကျင်လည်ကျက်စားရာအရပ်တွင်၊ သိရိဓမ္မာသောကမင်းကြီးသည်စေတီတည်တော်မူခဲ့လေသည် တောင်၏အမည်ကိုစွဲ၍ ဝဲပုံတောင်ဘုရားဟုတွင်၏ စစ်ကိုင်းမြို့မှမြောက်၉-ဆူတွင်တဆူ အပါအဝင်ဖြစ်သတည်း၊ ဝဲပုံတောင်ဟူသောအဓိပ္ပါယ်မှာအစွန်ရှည်စွာသောရှေးအခါကာလကပင်လျှင် လူအပေါင်းတို့သည်၊ တမာသက-တဝဲစိုရဆောင်း၍ ကောင်းမှု စေတီ ပြုလုပ်တည်ထား ခဲ့ကြသောကြောင့်ဝဲပုံတောင်တွင်ကြောင်းနှင့်ပညာရှိတို့မိန့်ဆိုချက်ကိုမှတ်သားရဘူးပေသည်၊

## စေတီလှဘုရားသမိုင်းဘွဲ့တေးထပ်
## ၈၀-ပေါ်။

ခြောက်ရာသီ ရစ်ဆယ်လေးခွန်းမှာ၊ စောယွမ်းအာနိနှုရိန္ဒာ၊အောင်ကိန်းသမထ၊ အောင်မြင်ခါဝယ်၊အောင်မင်္ဂလာပြုဟန်ဘွာညွှန်း၊ ရွှေနန်းရွှေမြို့ပျော်ဘွယ် သာသည်၊ ဓာတ်လေးမျက်နှာ တံခါးဟိတ်ပေါ်ထွန်း၊ "စေဇာ်ဟှာနှင့်ဆင်ဖြူကာန်၊ သောတာပန်မှာနတ်စံကွန်း၊ ခရုယာသွေရေစင်သွန်းလို့၊ကွန့်ရွှန်းဌာန-၉-ပါးရုံ၊ ဧခါချိန်တော်တမြိုင်နက်ဟူ၊ သမိုင်းစာထွက် မပျက် မော်ကွန်းပုံ၊ တန်ခိုးကြီးမြင့် ထွတ်စည်းခုံမှာ၊ မွေ့ဓာတ်ကိန်းလှ ပျော်စံပလို့၊ စေတီဟှာဟုနာမတန်ဆောင်၊ ထွန်းလင်းထိန်

ထိန်မြေခင်၊ နောင်မှတ်ထိတ္တိ သမိုင်းတောင်သည်၊ ရွှေ ညောင်ရိပ်ပျော်ဦးဂုဏ်ညတဲ့ လေး၊

—o—

## အထက်ပါတေးထပ်ကို အဓိပ္ပါယ် ဘော်ပြချက်။

သက္ကရာဇ်–၆၈၄–ခုတွင်အသင်္ချာ စောယွမ်းမင်း သည်စစ်ကိုင်းမြို့ကိုတည်တော်မူရာအောက်ပါ–၉–မွာ နကို တချိန်တည်းစ၍ တည်တော်မူသည့် (၁) ရွှေနန်း တော်၊ (၂)ရွှေမြို့တော် (၃–၄–၅ ၆ )ခါတ်တံခါးလေး ဌာန (၇ စေတီလှခေါ်စည်းခုံတော် (၈) သောတာပန် နတ်ကွန်းတော် (၉)ဆင်ဖြူကန်းဟူ၍ဖြစ်သည်၊ မှန်နန်း ရာဇဝင်မှာမူကား၊စစ်ကိုင်းကို–၆၇၇ခုတွင်တည်သည် ဟုဆို၏၊

## စေတီလှတောင်ညွှန်း။

ဟာဗ္ဗိဂုဏ်ကျောက်သည်၊စေတီလှတောင်တွင်ရှိ၏ ကျောက်အဆင်းကား လုံးလုံးလျားလျားရှိ၏၊ ခွဲသော်အ သားကား၊ နဂါးသွဲ့စိမ်းကဲ့သို့ရှိ၏၊ ဘော်ကိုအောက်အ ထက်နှီး၍ထိုးဘော်သည်တု းလုံးသေ၏၊ ဘင်တဆယ် ကိုတစ်ပစ်သုဝဏ္ဏမှုစစ်ဖြစ်၏၊

# ဝတ်ရုံတောင်နှင့် ဝတ်ရုံကျောင်း ရှင်းဘွဲ့မော်ကွန်း။

ဂုညရှင်တောင်၏ အရှေ့တောင်ယွန်းက တောင်ကို မြတ်စွာဘုရားသခင်သကင်္န်းဝတ်ရုံတော်မူပုံကို ပွားပနေ၍ ဘုရား တည်ထား သောကြောင့် ဝတ်ရုံ တောင်ဟု ခေါ်တွင်လေသည်၊ သက္ကရာဇ် ၈၆၃-ခုတွင် အင်းဝမှာ မင်းပြုတော်မူသော ရွှေနန်းကြော့ရှင် ဘုရင်မင်းမြတ်၏ ဆရာရှင် မဟာရဋ္ဌ သာရသည် ထိုတောင်၌ ကျောင်း ဆောက်၍နေတော်မူစဉ်၊ အောက်ပါဝတ်ရုံကျောင်းဘွဲ့ မော်ကွန်းကိုရေးသားစပ်ဆိုတော်မူခဲ့၏၊

## ဝတ်ရုံကျောင်းဘွဲ့မော်ကွန်း။

(၁) မဏ္ဍိုင်ဗဟို၊ နတ်များခိုသား၊ မြင့်မိုရ်တောင် ရင်း နတ်တလင်းသို့၊ ဆိပ်ခင်းသန့်သင်၊ ကျောက်စက် ရေကြည်၊ ယဉ်ရည်စီးမြေ့၊ နှိုးချည်းစေ့သား၊ အရှေ့ လဟာ၊ မြစ်ရောနှင့်၊ လကျာ တောင်စောင်း၊ မဟာ ကျောင်းတု၊ တောင်စောင်းရံဆောင်၊ ဝဲပုံတောင်လည်း၊ ထွတ်ခေါင်စွင့်စွင့်၊ ဂှာတင့်ပေါ်ထင်၊ ကုန်းခင်မော်ယွန်း၊ ထုပ်သန်းပတ်လည်၊ အုပ်စည်ဆိုင်းဆိုင်း၊ စစ်ကိုင်းငယ် ချောင်၊ ရွာထောင်တရျောက်၊ အနောက်တခွင်၊ တော မြင်မြင်လည်း၊ မည်ခင်ချိုးချိုး၊ တောင်ရိုးနိုးစပ်၊ ပါယပ်

တဖွားတောင်ကြီးဖျားနှို၊ ဘုရားလုံးညီ၊ စေတီတကွ၊ ဂုဏ်ညသခင်၊မြင်ထင်ပြုံပြုံ၊နေ့ခက်မင်သား၊တုမဲ့ရဟန်း၊ သုံးလူပန်း၏သက်နှီးမြတ်စွာ၊ဥာပနာသသား၊မြန်ချာတံခွန်၊ ဇေတဝန်ဟု၊ဗိမာန်နှစ်ဆူ၊မြေးမြူမကပ်၊ တံလျှပ်မထိုး၊ ထေရ်မျိုးဝန်းအုပ်၊ ရှင်တော်ရုပ်တည့်၊ စောင့်ချုပ်အဆောပတ်၊လွတ်စိမ့်သော၄ါ၊လေးမျက်နှာမှ၊ရောက်လာသသူ လူတို့အားကိုး၊စီးပွားဆောင်ရွက်၊ တောင်ထက်သတင်၊ ကြွေးရှင်မဆိုင်၊ ကျော်စောထိတ်၏၊ သပိတ်လည်မော်၊ ရှုမျှော်တသွန်း၊သေနံခတ်ဗိုင်း၊တံတိုင်းပမာ၊မြေမျက်နှာ နှင့်၊လကျာလက်ဝဲ၊တံကဲသဘွယ်၊ အကြွယ်အဝ၊ကု ေပစ္စည်း၊ သိမ်းဆည်းကိုယ်ဘို၊ မချို့မတဲ့၊ သုံးဆဲ့ခုနှစ်တောင်၊ ကုန်အောင် များတောင်း၊ ရံလေ့ရှောင်းသည်၊ ဤကျောင်းဝတ်ရုံထင်ရှားတည်း၊

( ၂ ) ရှင်ရပ်အင်ရုံ၊ ချိုးပွမ်းပုံသား၊ ဝတ်ရုံသာ၄မ်း၊ နိဗ္ဗာန်ငြိမ်းကား၊ ဆွမ်းတသပိတ်။ မှတ်သည့် စိတ်ဖြင့်၊ မပိတ်မပင်၊တချင်ရွေးမျှကျန်ရမရှိ၊ နှုရပတိရာဇာ၊သဒ္ဓါ ဖြတ်ဖြတ်၊ ကြည်ညွှတ်သောအား၊ သိကြား နှုံ့ကျယ်၊ နိကာယ်ငါးဦး၊ ပင်လယ် ကူးသို့၊ ကျေးဇူး နှင့်သော်၊ မလိုက်လျော်တည့်၊ သူတော်တို့တမ်း၊ ရေချမ်းတပေါ် တယောက်မတည့်၊နည်း၏မဟု၊ သုဌ။သရွေ့၊ခံမလေ့ ဟု၊ အောက်မေ့ကြံတွေ၊ တရားဖြေလျက်၊ စာပေသင် ခြင်း၊ကျင့်သတင်းနှင့်၊မဂင်းဘာဝနာ၊ဆည်းပူးရှာသား၊ မဟာရဏ္ဍ၊သာရဝင်မည်၊ပုဂ္ဂိုလ်သည်လျှင်၊ အရှည်လင့် လင့်၊အသင့်မြော်မြော်၊ နေသရော်တည့်၊ သာပျော်ကိန်း

အောင်း၊ ဤသည်ကျောင်းကို၊ နောက်နှောင်း သဟ်ာ၊ အနေရိယာတို့၊ မှီရာဖြစ်လောက်၊ ကိုယ်တိုင်ဆောက်သည်၊ ပင့်ထောက်ကုသိုလ်ဖြန့်ပွားတည်း၊

(၃) ငါးတောင်တိုင်မှန်၊ ထုပ်နှင်ဖြန့်တည့်၊ လျောက်စွန့်အပ၊ လက်တံ့ါးမှလည်း၊ အလှဝန်းဆောင်၊ လေးတောင်ပြည့်လုပ်၊ တရိက်ချုပ်လျက်၊ မြားထုင်ခုနှစ်တောင်ဆောင်သေဘွအားဖြင့်၊ နှစ်ပါး အောက်ထက်၊ မြောက်ထွက်ရာမ၊ အဋ္ဌဘာဂါ၊ သေသာပဋ္ဌ၊ ဂေါဏရှည်းရုံ၊ ကြိုက်တော်ကြုံ၍၊ များဟု ပြောထူ၊ ခပ်သိမ်းလူတို့၊ နေမှုချမ်းသာ၊ စီးပွားငြါဟု၊ မိန့်မှာကျမ်းလို၊ ဆိုသောလျောက်ဖြင့်၊ ဆောက်တု ရှောင်းသည်၊ ဤကျောင်းဗိမာန်၊ သာယာဟန်ကား၊ သည်ကန့်ပုတ်ရ၊ ယိသုံးခုနှင့်၊ တင့်မှုခေါင်ရန်း၊ တင့်ဆန်းခေါင်တိုင်၊ တင့်ပိုင်ခေါင်လျောက်၊ ရှေ့နောက်ပုံခွက်၊ လိုက်ဘက်နှင်နှင်၊ ကြောင်းဝင်ကင်ကပ်၊ မပျှပ်မစောင်၊ ချည်နှောင်ကျစ်လစ်၊ လက်သစ်နှစ်လုံး၊ သုံးသာခြားလျက်၊ ခြင်ဝါးမကျယ်၊ မြားနှယ်ဖြောင့်စင်း၊ သန့်ရှင်းပြုထွား၊ ကွပ်ပါးဆစ်သင်၊ ရှုမြင်မရိုး၊ ကြပ်တိုင်းအမြဲရှုရဲသတ်နှက်၊ လျောက်ဆက်မ ရှု ၊ ချောမြေ့ ပြေဆုံး၊ ဖိတုံးဗိတ်ထား၊ ရပ်နှားဝန်းကျင်၊ ပွတ်လုံးတင်လျက်၊ စိရင်တင့်တယ်၊ သက်ငယ်ခေါင်မိုမ်း၊ ရိပ်ငြိမ်ရိုးထ၊ နှီးစမမြင်၊ ပညာရှင်သည့်၊ ၊ လက်သင်တပြည့် စွမ်းအားတည်း၊

ရှင်မဟာရဋ္ဌသာရ ပုဏ္ဏိုလ်ကျော်သည်၊ မင်္ဂလာစေတီနှင့် တံတားဦးတည်မော်ကွန်း၊ ဘုရိဒတ်ပျို့ လင်္ကာ၊

ငှင်းဓာတ် ပေါင်းမျို့၊ စတုဓမ္မ သာရ ကိုးခဏ်းမျို့၊ ပုံတောင်နိုင် မေဉ်ကွန်း။ စတ်ရုံကျောင်းဘွဲ့ မော်ကွန်း၊ ဂမ္ဘီသာရမျို့၊ သံဝရမျို့များကို စီရင်တော် မူသော ပုဂ္ဂလ ဝိသေသ ကျမ်းတတ် အကျော် ဆရာ တော် တည်း၊

## နန်းဦးဘုရားသမိုင်းဘွဲ့တေးထပ် ဂဝ—ပေါ်။

၊ ဗဟန်းရွှေရောင်တောင်ငုထိပ်မှာ၊ နန်းဦးမာရ်နှိပ်ဘွဲ့ တော်သာ၊သိင်္ကိုဋ္ဌမြန်ရောက်ထေရ်မဟာသည်၊ရှေးဦးစ ရွာတည် ခွဲထား၊ သိရိတော်မြတ် မွေတော် စံတယ်၊ ထိုကြားပန်းရန်ဂြုလုပ်ကျော်ထင်ရှား၊ သဏ္ဍာန်ရာဇာခြောက် ရာ့ခြောက်နှစ်ကျော်မှာ၊ ပွင့်စရဏ်တော်ခြောက်ရောင် ကွာ၊တောတောင်ဒေဝါနတ်အများတို့၊ ရွှင်အားကြည် ရွှပန်းမွေ့ရာ၊ တလလေးကြိမ် ဆက်လာ ခင်းတယ်၊ ကြိုင်ကြိုင်မြန့်သင်း တောင်လုံးမွှေးလှိုင်ပါ၊ တထောင် နှစ်ရာ့ဆယ် ခြောက်ခါမှာ၊ ရွှေပြည်ခေမာ ရောက်ရာမို့ လို့၊ ကင်းစာရေးကြီးဓာတိဇေယျာ၊ ထပ်မံပြုပြင်ရှာ၊ ဝ ါခေါင်ကျော်ထရှစ်ရက်မှာမူ၊ ဆွမ်းပွဲလှူခါစည်ပြော ပါလှာလေး၊

## အထက်ပါတေးထပ်ကိုအစပြုပါယ် ဖော်ပြချက်။

သက္ကရာဇ်-၉၀၉-ခုတွင်သီဟိုဠ်ရောက် ဘုန်းတော်ကြီးမဟာထေရ်သည် နန်းဦး ဘုရားကို တည်တော်မူသည်၊ သိကြားမင်းလည်းပန်းရန်အကြီးယောင်ဆောင်၍ ကူညီ တည်ထားသည်၊ တောစောင့်နတ် တောင်စောင့်နတ်တို့လည်း တလလေးကြိမ်ပန်းမွှေ့ရာကို ခင်းဖြန့်မှု ဇော်လာကုန်သည် တောတောင်အလုံးမွှေးကြိုင် သင်းထုံ လျက်ရှိ၏၊ သက္ကရာဇ်- ၁၂၆၀-ခုနှစ်မှာ စစ်ကိုင်းဓာတိဒါယကာ ကင်းစာရေးကြီးက ထပ်မံ ပြင်ဆင်ပြုလုပ်ကိုးကွယ်၍၊ ဝါခေါင်လပြည့်ကျော်ရှစ်ရက်မှာဓွမ်းပွဲတော်များပြုလုပ်ကျင်းပလှူဒါန်းကြသည်၊

## ရှင်ဖြူ-ရှင်လှ ရွှေမြင်မိ-ရွှေမြင်တော် ကြက်ငါးဆူဘုရားသမိုင်းတွဲ

နရပတိစည်သူဘုန်းရှိန်မြူးလို့၊ မြဇန္နူဦးလှည့်ခဲ့လာ သင်းကာနက် ဇွေဘောင် စကြာယော်၊ လိုတော် ရှိရောက်နိုင်စွမ်း၊ ရှင်ဖြူရှင်လှ မြတ်ညီနောင်ကိုး၊ သိကြားပင့်ဆောင်ကွယ်ကိုးစေတို့ကမ်း၊ ရွှေမြင်မိရွှေမြင်တော်၊ ခြောက်သွယ် ရောင်မော် ထိန်ထိန်လျှမ်း၊ ကြက်ဇပ်

ကြက်ထောင့်အုံမခမ်း၊ ဘုန်းတော်ဝေလန်းထူးမြတ်စွာ။ ကြက်ကျကြက်ယက်ကြက်တောင်ထူး၊ ရွှေကြက်ငါးဦး ဂုဏ်ပေါင်း ကွန့်ကွန့်ဖြာ၊ ခုဆိုသမျှ ထွက်သကျာကို၊ သက္ကရာဇ် လေးရာရှစ်ဆယ်စွန်း၌၊ ပေါ် ထွန်းမှုလစ၍ ထွန်းစည်၊ ထိုမင်းနရပတိတည်၊ ဘောင်စကြာနှင့်ဇမ္ဗူ လည်သည်၊ ဓွန့်ရှည်သာသနာတည်ထွန်းစေဘို့လေး၊

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

အထက်ပါတေးထပ်သည်ဘုရား-၉-ဆူကိုရပေါင်း ရေးသားထားလေသည် -၉-ဆူစာရင်းမှာ အောက်ပါ အတိုင်းဖြစ်၏။(၁)ရှင်ဖြူဘုရား(၂)ရှင်ဖာဘုရား(၃)ရွှေ မြင်မိုဘုရား (၄)ရွှေမြင်တော်ဘုရား (၅)ရွှေကြက်အိပ် ဘုရား(၆)ရွှေကြက်ထောင့်ဘုရား(၇)ရွှေကြက်ကျဘုရား (၈) ရွှေကြက်ယက်ဘုရား (၉) ရွှေကြက်တောင်ဘုရား ဟူ၍-၉-ဆူတည်း။ အဆိုပါဘုရား-၉-ဆူကို၊ နရပတိ စည်သူမင်းကြီးသည်၊ သက္ကရာဇ်-၄၈၀-ခုတွင် တည် ထားကိုးကွယ်တော်မူသတည်း၊ နရပတိစည်သူအမည် တော်နှင့် မင်းနှစ်ပါးရှိသည့်အနက်၊ သက္ကရာဇ်-၄၅၄ -ခုတွင် ပုဂံ့ဝယ် မင်း ပြုတော်မူသော အလောင်း စည်သူမင်းကြီးကို ဆိုလိုသည်၊ ဇမ္ဗူဒိပ် ကျွန်းဦးသို့ ဘောင်စကြာ နှင့် ရောက်တော် မူစဉ်က၊ ထို ဇမ္ဗူ သပြေပင်ရင်း၌ခင်းထားအပ်သော ဘုရားရှင်သတင်းသုံး

တော်မူရာကျောက်ဖြာသဏ္ဌာန်နှင့်စွန်းကို သိကြားမင်းက
ဘုရားရှင်ထုတော်ပြုလုပ်၍ပေးသော ရှင်ဖြူဘုရားတဆူ
ဒက္ခိဏ သာခါကျွန်းဦး ဇမ္ဗူ့သပြေသားကို ထုလုပ်၍
သိကြားမင်း အပ်တော်မူသော ရှင်လှဘုရား တဆူဖြစ်
သည်၊ ထိုဘုရားနှစ်ဆူကို၊ နန်းတော်တွင် ထား၍ကိုး
ကွယ်သည်ထက် ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့
စီးပွားအလို့ ငှါဘုရားသခင်ကျိန်းဝပ်တော်မူလိုရာတည်
ထားရသော်အကျိုးများစွာရှိလတံ့ဟူ၍ ကြံတော်မူပြီး
လျှင်၊ ဘုရားရှင်ထုတော် -၂- ဆူကိုဘောင်ထက်တင်၍
များစွာသော ရဲမက်ဗိုလ်ပါအပေါင်း ဝန်းရံလျက် ဆန်
တော်မူ၏၊ ဤသို့လည်းမိန့်ခွန်းတော်မူ၏။ ဘုရားသခင်ရုပ်
ထုတော်ကျိန်းဝပ်တော် မူလိုသောအရပ်၌ နှုတ်တော်
မြွက်သည်ဖြစ်စေသောဟူ၍မိန့်ခွန်းတော်မူ၏၊ စစ်ကိုင်း
အရပ် ပြဿဒ်ဟုအမည်သို့ရောက်လျှင်။ ဘိလူးငဝက်
ဘောင်တော်ကိုခြေနှင့်ကျောက်၍ ဘောင်တော်ပြဿဒ်
ဒုပ်ကာကျချေ၏။ ထိုအရပ်ကိုပြဿဒ်ကျခေါ်၏၊ ရည်
လျားသဖြင့် ပြဿဒ်ဟုဟူ၍တွင်၏၊ ယင်းကာသည် ဆန်
တော်မူ၍စစ်ကိုင်းအထက်ချောက်မသို့ ရောက်တော်မူ
လျှင်ရှင်ဖြူရုပ်ထုတော်လည်း အမြဲနေပင်ဤချောက်တွင်
ဟူ၍စကားဆိုတော်မူ၏။ အလောင်းစည်သူ မင်းကြီး
လည်းထိုအရပ်၌ဘုရားရှင်ရုပ်ထုတော်ကို တင်ပြီးသော်၊
ကျိန်းဝပ်တော်မူလိုသောအရပ်၌၊ ဆင်ဖြူဝပ်စေသော
မိန့်ခွန်းတော်မူပြီးမှ ဆင်ဖြူကိုလွှတ်တော်မူ၏၊ ဆင်ဖြူ
လည်း ချောက်မသို့ ဝင်၍၊ ကမ်းယံတွင် ဝပ်လေ၏၊

မင်းကြီးလည်း ကမ်းယံတွင်စေတီတည်၍မကိုးကွယ် သာမြင့်သော အရပ်ထက်သို့တက်၍ ဝပ်စေသောဟူ၍ မိန့်တော်မူမြန်လျှင်။ ဆင်ဖြူလည်းကမ်းထိပ်သို့တက်၍ဝပ်လေ၏၊ ထိုအရပ်တွင် ရှင်ဖြူရှင်လှ ရုပ်ထုတော် ၂–ဆူ ကိုရုတည်၍ သတင်းသုံးတော်မူရ၏။ ဤသို့မင်းစဉ်မင်းဆက် ကိုးကွယ်၍လာရာ အင်းဝ ဟံသာဝတီ ရောက်မင်းလက်ထက်တွင် ရှင်လှဘုရား ပျောက်သော ကြောင့်။ ပုဏ္ဏားင, စံဖြူနှင့် သဃ်ရာဇာ အကြီးကိုကွပ် တော်မူပြီးလျှင်၊ တိလောကဂုရုဆရာတော်၏ တပည့် တိလောကာလင်္ကာရတံဆိပ်ခံသော၊ ၇–ဝါရတွင်ပရိတ် ကြီး ဋီကာကို ရေးသော ရှင်တေဇောဒီပ ကိုလည်း ကုလားဇောင်ဂိတ်ကိုလင်္ကာခံရမည်လောဟုတောင်တွင်း ကြီးသို့ရို့ လေ၏၊ ထိုအရှင်တေဇောဒီပကား အလင်္ကာ ဒုဋ္ဌိလ်ကျော်–၃–ပါးတွင်တပါးအဝင်တည်း၊ ငှင်းနေခံ ကုန်းပေါင်မင်းဆက်တွင် တန့်ခိုးကြီးဘုရားများပျောက် ဆုံးမည်ကိုစိုး၍နန်းတွင်းသို့ပင့်ပြီးလျှင် ကိုးကွယ်ခဲ့ကြရာ အင်္ဂလိပ် လက်ထက်သို့ရောက်မှ နန်းတွင်းကပြောင်း၍ မန္တလေးရွှေကျီးမြင်ဘုရားအပွင်းမှာထားသတည်း။

—၀—

## တိလောကဂုရုဆရာတော်နှင့် တိလောဂုရုဂူ အကြောင်း

သက္ကရာဇ်–၁၀၃၄–ခု အင်းဝတွင်မင်းပြုသော နရာ ဝရမင်း လက်ထက်၊ ရွှေစည်းခုံ မြောက်စောင်းတန်း

အနီးတွင်၊ ဇေတဝန်ခြေတိုင်ကျောင်းဟု ခေါ်ဝေါ်သော
ကျောင်းဝယ်၊ စာပေသင်သော ပဉ္စင်းမျို တဦးသည်၊
ကျမ်းဂန်တတ်မြောက်လျက်၊ အရွယ်မျိုသည်နှင့်မျိုစိတ်
သို့လိုက်၍၊ လူဝတ်ထဲမည်ကြံသဖြင့်၊ ဝတ်စားတန်ဆာ
ယူလျက်၊ အဘော်ရဟန်းများနှင့်ယင်းရဲဆိပ်သို့လာကြ
သော်၊ ရဟန်းအဖြစ်နှင့်ဘုရားကိုရှိခိုးဦးမည်၊ လိုဏ်တွင်း
သို့ဝင်၍ ရှိခိုးပူဇော်သည်။ ထိုအခိုက်တွင် တကာမတ
ယောက်သည်၊ လိုဏ်ပြင်ကရေချမ်းသွန်း၍ ဤကောင်းမှု
ဖြင့်ဆင်းရဲ ငရဲကင်းပါလို၏။ ဖြစ်လေတိုင်းသောဘဝ၌
လည်း၊ လူထွက်မယားမဖြစ်ပါလိုဟု ဆုတောင်း၏၊ ထို
သို့ဆုတောင်းသံကိုထိုပဉ္စင်းမျိုကြားလျှင်၊ အံ့ဘွယ်သရဲ
ပါတကား ငါလည်း လူထွက်မည်လာသည်၊ တကာမ
လည်းပြင်က ဆုတောင်းသည်၊ မေးရစေဦးကြံ၍လိုဏ်
ပြင်သို့ထွက်ပြီးမှ၊ လူထွက်မယား မဖြစ်ပါလို ဘယ်
ကြောင့်ဆုတောင်းသနည်းမေးလျှင်၊ တကာမဤသို့ဆို၏၊
လူထွက်မယား မဖြစ်ပါလို ဆုတောင်း သည်ကား၊
လူမိုက်မယားမဖြစ်လို ဆိုလိုပါသည်ဟုဆိုသော်၊ လူ
ထွက်လျှင်ပင်မိုက်လေသလောမေးပြန်၍၊ လူထွက်သော်
ရဟန်းသည်ဘယ်ကြောင့် မမိုက်ဘဲရှိတော့မည်နည်း၊
ရဟန်းမည်သည်ကား၊ သူလှူသောအဝတ်အစား၊ သူလှူ
သောအရိပ်သ[illegible]မ်းကိုသုံးဆောင်စားသောက်၍ချမ်းသာ
စွာနေထိုင်ရပေသည်၊ စာပေကျမ်းဂန်သင်ကြားလိုသော်
လည်းသင်ရ၏၊ မသင်လိုလျှင်လည်း၊ သင်္ကန်းကြီးကိုခြေ
ကန်ကာသာအိပ်လိုသမျှအိပ်နေရသည်၊ ထိုသို့စဉ်လျက်

သူ့ကျွန်ခံဦးမည် ခယားကျွန်ပြု၍ လုပ်ကျွေးဦးမည်၊ လူထွက်သော ရဟန်းထက် မိုက်သောလူမရှိပြီ၊ လူမိုက်မယားဖြစ်ချေကာ၊ ကျွန်ုပ်မဆင်းရဲပြီလော၊ တကာမဆိုသည်ကိုကြားလျှင်၊ ထိုပဉ္စင်းပျိုသည် သတိသံဝေဂရသဖြင့်၊ ယင်းရဲ့တံခါးဖြင့်သို့ထွက်၍၊ ကြိမှိုင်ကာရင်လျက်နေ၏၊ ထိုအခိုက်တွင် ဝတ်စားတန်ဆာ ဆောင်ယူခဲ့သောအဘောင်တို့ကခေါ်သည်ကို၊ လာခဲ့ကြပါဦးခေါ်၍လာကြလျှင် ယခင်အကြောင်းမျိုးကိုပြန်ပြော၍၊ ယခုမှကို ငါလူဝတ် မလဲပြီဟု စစ်ကိုင်းသို့ ကူးလေသည်၊ (ဆုတောင်းသော တကာမသည်လူမဟုတ်နတ်စောင်မသည်ဖြစ်မည် ပညာရှိတို့ ဆိုစကြသည်) စစ်ကိုင်းသို့ရောက်လျှင် ကျမ်းဂန်တတ်သော ဆရာတို့ထံနည်းနာခံပြီးမှ၊ ပုညစေတီတောင်၊ ယခုရှိသည့် တိလောကဂုရုကျောင်းရာတွင် ကျောင်းငယ်နှင့်နေ၏၊ ရဟန်းသင်္ဃာများကိုလည်းသင်ကြားပို့သပေး၏၊ စာသင်စာနာများ၍၊ ကျောင်းမနေလောက်သောကြောင့် တဲဆောက်ကာရိုးကာနေကြရလေ၏၊ တရံရောအခါအဝမင်း ပုညစေတီသို့ထွက်တော်မူသည်တွင်၊ တဲဆောက်ကာနေကြသည်ကိုမြင်၍၊ ဥမင်နှင့်တကွကျောင်းဆောက်၍၊ ထိုပဉ္စင်းပျိုအားတင်လှူတော်မူသည်၊ တိလောကဂုရုတံဆိပ် နာမံလည်း ပေးအပ်တော်မူသည်၊ နောက်မှစကားလွယ်နှင့်တိလောဂရုတွင်လေသည်၊


## ဆွမ်းဦးပုညရှင်ဘုရားသမိုင်းဘွဲ့ တေးထပ်-၈၀-ပေါ်။

ခြောက်ရာ့ရနှစ်ဆယ် လေးခုစွန်းမှာ၊ ပွင့်ထွန်းအာဒိဂုဏ်ပေါင်းဝေ၊ အောင်မြေမာရ်နှိပ်တောင်ထိပ်ဇွေဝယ် မှောင်ရိပ်ပယ်ချွေမြူးတလင်း၊ မားမားစွင့်စွင့် ဖူးတိုင်းပေါ်တယ်၊ တုနှိုင်းမဖြေ ခြောက်ရောင် ရှိန်လို့ ထင်း၊ ဝိဇ္ဇာယာဘုရပန်းယာဝရှုတယ်၊မင်းသီဟသူရိုးမိုင်နှင်း၊ ပန်းထိမ်သည်တော်င,စိန်သင်းနှင့်၊ ပုညမည်ရင်းမတ်ကာဗိန်၊ တုကွတိုင်ပင်တည်ပြုကိုးတယ်။ ဘယ်ခါမညှိုး တန်ခိုးထွန်းလျှံ ရှိန်၊ နှစ်ဆုရခေတ်မြတ်လွန်မွှေ့ ထိမ်တယ်၊ဝါဦးပုည္ကန်ခါသမယာ၌၊ ဇေယာဘုရမြည်သားပြည်သူ၊ဆွမ်းဦးစကာပ်တွျ၊ ပုညရှင်ဟုသမိုင်းတွင်သည်၊ ဘွဲ့တော်မွေးကြူးသင်းပြန့်ပါလှလေး၊

—၀—

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

ပင်းယမြို့တည်နန်းတည် တစီးရှင်သီဟသူ မင်းကြီးသည်၊ ရှေးပုဂံဝယ်နော်ရထာမင်းစောလက်ထက်ကာစ၌ ကွမ်းသွက်တော်ဝယ် ဌာပနာ ပြီးလျှင် မင်းစဉ်ဘိုးကွယ်ခဲ့ကြသော ခေတ်တော်—၇-ဆုအနက် -၅-ဆု



၆၇၄-ခုတည့်၊
ဗုဒ္ဓအမတ်ကြီးကောင်းမှု၊ ဗုဒ္ဓရှင်ဘုရားပုံတော်၊

ကိုကောင်းမှုတော် ရွှေစည်းခုံတွင် ဌာပနာတော်မူ၏၊ ကျန်-၂-ဆူကိုပန်းထိမ်သည် င,စိန်သင်လက်သို့ ပါ၍ စစ်ကိုင်းဂုဏ်ရှင်မှာ ဂုဏ်အမှတ်ဌာပနာလေ၏၊ ဤကား ရာဇဝင်ထွက်စကားတည်း။

—— ○ ——

## ဈေးစာပေါင်းတခေါင်တွင် ပြဆိုချက်။

ဝိဇယာပူရပန်းမြို့တည်သီဟသူမင်းသည်စရိုးမှ မြေ၍လာသော ကုံလုံးဖြူသော ဆင်ဖြူမက်ကို ကျည်းထက်သို့တင်၍၊ ရွှေချည်ဦးကင်း တန်းဆာတို့ကို ဆင်၍၊ မြေတော်တင်ပြီးလျှင်၊တစီးရှင်ခံတော်မူသည်၊ထိုမင်း၏ ဖြည်ရှာပျက်ပြားစေခြင်းငှာ၊ သိဟိုဠ်ကုလား တို့သည်၊ ကွမ်းလောင်း ကွမ်းခွက်တွင်၊ မွေတော်ဓာတ်တော်တို့ ကို ဌာပနာ ပြီးလျှင် ဆက်သလိုက်၏၊ သီဟသူလည်း ပညာရှိတို့ကိုတိုင်ပင်၍၊ မယုံမနာရှိသောကြောင့်။ကွမ်း လောင်း ကွမ်းခွက်တို့ကို၊ ပန်းထိမ်သည် င,စိန်သင်ကို ဖျက်စေ၏၊ ညဥ့်င,စိန်သင်၏အိမ်တွင်၊ ဂူတွင်တဆူ၊ ပေတွင်တဆူ၊ ကွမ်းလောင်းမှထွက်၍ ကိန်းဝပ်တော် မူပြီးလျှင်၊ အရောင်ခြောက်ပါးနှင့်တကွတထိန်ထိန်ပြာဋိ ဟာကို ပြတော်မူ၍၊ တအိမ်လုံး လင်းသော်၊ ပန်းထိမ် သည်င,စိန်သင် ကြောက်ရွံ့သောကြောင့်၊ ဂူပေတန် ဆာတို့ကိုယူပြီးလျှင်၊ ညဥ့်ချင်းစစ်ကိုင်းဘက်သို့ ကူး၍

အသင်္စယာစေတယ္ယမ်း အမတ်ကြီးပုညအား၊ မွေတော်
ဓာတ်မြတ်အကြောင်းကို င,စိန်သင်ပြန်ပြောလေ၏၊ ပုည
အမတ်ကြီးနှင့်၊ပန်းထိမ်သည်င,စိန်သင်တို့သည်၊ အခြား
လူတို့ကိုမသိစေရ၊နာဂဒတ္တတောင်၊ သိရိဓမ္မာသောက
မင်းတည်သော စေတီနားဝယ် တည်လေ၏၊ နတ်တို့
သည်ကျည်စီ၍တည်သောကြောင့်၊ စေတီသည်နေ့ချင်းပြီး
ပြည့်စုံလျှင်၊ ပုညအမတ်င,စိန်သင်တို့လည်း၊ ရေစက်
သွန်းချသောကြောင့်၊ ခပ်သိမ်းသော လူနတ်တို့၊ သာဓု
အနုမောဒနာပြုကုန်၏၊ ဇေယျာပူရစစ်ကိုင်းမြို့ ထီးနန်း
တည်ဘုရင်၊အသင်္စယာစေတယ္ယမ်းမင်းကြားလျှင်၊ ငါဘု
ရင်ဖြစ်လျက်ကို မကောင်မထားငါလည်းမသိငါမတည်ရ
လေလောဟု၊ အမျက်ကြီးစွာထွက်၍၊ ပုညအမတ်ပန်း
ထိမ်သည်င,စိန်သင်တို့ကို၊ ရေတွင်စိမ်လေ၏၊ ကိုယ်၌
ရေမစွဲ၊ ရေပိုင်း၍နေသောကြောင့် ယခုထက်တိုင် ရေ
ဝန်းအရပ်ဟုတွင်၏၊ ထိုပုညအမတ်- င,စိန်သင်တို့စေ
တီကိုစွဲ၍ ပုညရှင်တောင်ဟု တွင်သည်၊ ၎င်းပုညရှင်
တောင်ကို၊ကကုသန်ဘုရားလက်ထက် သေလာပဗ္ဗတ
တောင်တွင်သည်၊ ကောဏာဂုံဘုရားလက်ထက် ဝဏ်
စာရတောင်တွင်သည်၊ ကဿပဘုရားလက်ထက်၊ဓမ္မိ
ကတောင်တွင်သည်၊ငါတို့ဘုရားလက်ထက် နာဂဒတ္တ
မထေရ်နေဘူးသောကြောင့် နာဂဒတ္တတောင်တွင်သည်၊
ထိုနောက်ဘားသဏ္ဍာန်နှင့်တူသောကြောင့်ဖါးဦးတောင်
င,ဘားတောင်တွင်သည်၊ရွှေ့ ဈေးကြာလျှင်ပုညအမတ်
ကိုစွဲ၍ပုညရှင်တောင်တွင်ပြန်သည်၊ ၎င်းပုညရှင်တောင်

ဝယ် ဘိရိမမ္မာသောကမင်းတည်သော စေတီတဆူ၊ ပဏ္ဍုသဃ်ရာဇာ တည်သော စေတီတဆူ၊ မုညရှင် တဆူ၊သုံးဆူသောဘုရားစေတီရှိ၏ဟူ၍ တမျိုးဆို၏၊ ဝါဆိုလပြည့်နေ့မှာ ဆွမ်းချင့်ပွဲ ပြုလုပ်ကြ၏၊ တေးထပ် စကားအတိုင်းဆိုလျှင်သက္ကရာဇ်- ၆၇၄-ခုတွင်မုညရှင် ကိုတည်ခဲ့သ တည်း၊

—ဝ—


# ရာဇာမဏိစူဠာကောင်းမှုတော်ဘုရား သမိုင်းဘွဲ့တေးထပ်-၈၀-ပေါ်

ကိုးရာ့ကိုးဆယ်ရှစ်ခုစွန်းမှာ၊ ပွင့်ထွန်းလျှံပခြောက် ရောင်ဖြာ၊ရာဇာမဏိမြတ်စူဠာသည်၊ ဘွဲ့တော်သာသာ သုံးဘုံမိုး၊ ကောင်းမှုတော် ကြီးမြင့်သချာမှာ၊ တောင် ပေါင်းတရာတဆယ်စွန်းလို့ပြီး၊ လုံးဝန်းမဏ္ဍာလလေး ရာကျယ်တယ်၊ရှစ်ဆဲ့နှစ်တောင်ကယ်တံခိုး၊ ဒေါယကာ တော်အင်းဝစိုးတယ်၊ မြတ်မျိုးသာကီနေနတ်နွယ်။သာ လွန်ရန်နှိမ်တည်ခဲ့ထား၊ လူနတ်အများဆပ္ပါးကြည်ညို ဘွယ်၊ စွယ်တော်သပိတ်မြလျှံခြယ်၊ အုံ့သြစဘွယ်မွေ တော်မြတ်တို့၊ကိန်းဝပ်စံပသွင်းဌာပနာ၊ ခန့်ခိုင်လွန်သေ ခြာ၊မြေပြင်ညွတ်မျှစံလွတ်ကွာတယ်၊ငါးထောင်သာသ နာတည်ထွန်းပါလိမ့်လေး။

—ဝ—

# အထက်ပါထေးထင်ကိုအခေါ်ပွါယ် ဘော်ပြချက်။

သက္ကရာဇ်-၉၉၈-ခုတွင် ရာဇမဏိစူဠာကောင်းမှုတော်ဘုရားကြီးကို သာလွန်မင်းတရားကြီးသည်ဘုရားသခင်၊စွယ်တော်နှင့်သပိတ်တော်ကိုဌာပနာ၍ စစ်ကိုင်းအနောက်မြောက်ယွန်းတွင် တည်တော်မူသည် အမြင့်သံတောင်-၁၁၀- အဝန်း-၄၈၂-တောင် ရှိသည်ဟုဆိုသိုသည်၊ ၊ရာဇဝင်နှင့်ဘော်ပြချက်၊ သက္ကရာဇ်၉၁၂ခုတွင် ကေတုမတီ တောင်ငူမြို့ဝယ် မင်းအဖြစ်ကိုယူတော်မူပြီးနောက်ဝဲရူးဟံသာဝတီမှာစိုးစံတော်မူသောဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီးဘုရားလက်ထက်သိဟိုဠ်ကျွန်းဓမ္မပါလမင်းက ဆက်သသောဘုရားရှင်စွယ်တော်နှင့်သပိတ်တော်ကို နန်းစဉ်ကိုးကွယ်ခဲ့ကြရာ။ဟံသာဝတီ ဆင်ဖြူများရှင်မင်းတရားကြီး ဘုရားနတ်ရွာစံလွန်တော် မူသည့်နောက် သားတော် ငါးဆုဒါယကာမင်းလက်ထက် နိုင်ငံတော်အစိပ်စိပ်ပျက်ပြားရာတွင်၊ ဆင်ဖြူ များရှင် မင်းတရားကြီး၏သားတော်အငယ်ညောင်ရမ်းမြို့စားမင်းသားသည် ညောင်ရမ်းမှခွဲခဲ့၍-၄-နှစ်တိုင်တိုင် လူနှင့်ကင်းသဖြင့် ယိုယွင်း ပျက်စီးလျက်ရှိသောရတနာပုရအင်းဝမြို့တော်ကြီးကိုသက္ကရာဇ်၉၅၉ခုတွင်။ ဒုတိယအကြိမ်မြောက်အသစ်တည်ထောင်စံတော်မူ၍။ နန်းစည်းစိမ်တော် ရှစ်နှစ် -၉၆၇-ခုတွင်



၁၁၅၂-ခုတည်
ဘိုးတော်ဘုရားကောင်းမှု၊ မင်းကွန်းပုထိုးတော်ကြီးနှင့်
ခေါင်းလောင်းတော်ကြီးပုံ၊

လွှန်တော်မူရာ သားတော်ကြီး အနောက်ဘက်လွှန်မင်းတရားအရိပ်အရာတော်ကို ဆက်ခံတော်မူ၍ရွှေနန်းစည်းစိမ်-၂၃-နှစ် သက္ကရာဇ်၉၉၁ခုံတွင်ဟံသာဝတီချောင်းသစ်အနောက်ဘက်၌လွှန်တော်မူပြန်သည်။ထိုအခါ ညီတော်သာလွှန်မင်းတရားကြီးသည် ခမည်းတော်နောင်တော်တို့၏ အရိပ်အရာကို ဆက်ခံတော်မူလျက်။ ၉၉၁-ခုနှစ် မင်းဖြစ်တော်မူပြီးနောက်-၉၉၈-ခုနှစ်မှာ ရာဇမဏိစူဠာမည်သော ကောင်းမှုတော်ဘုရားကြီးကို တည်တော်မူရာတွင်နန်းစဉ်ကိုးကွယ်သောဘုရားရှင်သဗိတ်တော်နှင့်ပွယ်တော်မြတ်ကိုထိုဘုရားကြီးမှာသွင်းနှဌာပနာတော်မူလေသည်၊ ဤကောင်းမှုတော်ကြီးဘုရားမှာ၊ သရေခေတ္တရာ ပြည် ၄,တပါးမင်း ကောင်း မှုသရဖာ စေတီပုံကိုယူ၍ ခိုင်ခန့်အောင် တည်တော်မူသည်၊ ၊မူလကတည်းက။နှမူနာစံနစ်နှင့်တည်တော်မူသည်ကို၊ လူနောက် လူပျက်တို့က ဘုရားမပြီးမီ မင်းတရားကြီး နာတော်မူရာ ဘုရား အပြီးသတ် မီအောင် မိဘုရားကြီးကို လျှောက်ရာတွင် မိဘုရားကြီးကပေါင်းရင်နှင့် စေတီကိုချွန်မနေနှင့်တော့ မြန်မြန်ပြီးအောင်ဤပုံတည်လေဟု အသားဖြတ်ကိုပြသဖြင့် တည်ရလေဟန်စကားစဉ် ပြောနေကြသည်ကို အလျင်းမမှတ်သားအပ်နိရဂ္ဂကစကားမျှသာဖြစ်သတည်း၊

## စစ်ကိုင်းငါးထပ်ကြီးဘုရား သမိုင်းဘွဲ့ တေးထပ်။

တခေါင်နှင့်နှစ်ဆယ်ခုမှာ၊ ဝေဠုဝန်ပရမေ၊ ကိုးရာဇ်ရှင့်
စိန္တေ၊ ခြောက်ရောင်စေကျော်ကြွား၊ သဗ္ဗညုကိုယ်စား
တော်။ ကြီးတေဇော်သုံးဘုံထွတ်ထား။ ဗျာဒိတ်ရဆွေပြည့်
အင်းဝမည်ထင်ရှား၊ သန္ဓါတော်ပဋ္ဌာမြားကဲ့သို့။ ဘုရား
ရှင်ဒါယကာ၊ မင်းရဲဓေါ်ရဋ္ဌမိတ်၊ ဘွဲ့တံဆိပ်မြန်းထွတ်
ရာဇာ။ ငါးထပ်ကြီးသရိုင်းလာကုံ၊ မြညောင်သာစံကွန်း
က။ ဥါဏ်စွမ်းနှင့်ချိသာစွာ၊ တေးဘွဲ့လို့မှာ။ သောလာရိ
ဝေသာပျို့။ ဇေယျာမြို့မဂ်လာငယ်၊ ကပ်ကမ္ဘာတိမ်ဘူး
ပလေး။

—၀—

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

သက္ကရာဇ်-၁၀၁၀-ခုတွင် ငါးထပ်ကြီး ဒါယကာ မင်းရဲရဋ္ဌမိတ်သည် အင်းဝတွင်မင်းဖြစ်တော်မူသည်။ ၁၀၂၀-ခု တွင်မှ ဝေဠုဝန် ဘုရားကြီးကို တည်တော်မူ၍။ နတ်ရွာစံတော်မူသော သမီးတော်သိရိဘုန်းထွတ်ငယ်က-ကစားတော်မူသော-ရွှေရုပ်ငွေရုပ်များ။ ကြီးမှဆင်ယင်တော်မူသော တန်ဆာစသည်များဆို၊ ရွှေပေခတ်၍ပိဋကတ်-၃-ပုံကျမ်းဦးကို ကညစ်အက္ခရာရေး၍ ငါးထပ်ကြီးဘုရား ရှင်ထုတော်ခါးတွင် ဌာပနာတော်မူ

သည်၊မူလ ကတန်ဆောင်းကြီးငါးထပ်လုပ်တော်မူသော
ကြောင့်ငါးထပ်ကြီးဘုရားဟု အများခေါ်ဝေါ် ကြသည်၊
မူလတန်ဆောင်းကြီးမှာအင်းဝပျက်ခါနီး။ ကသည်းတို့
နှင့်တိုက်ပွဲတွင်ကသည်းတို့မီးရှို့ဖျက်ဆီးကြ၍။နောက်
ဆက်လက် ဆောက်လုပ် ပြသာဒ်နှင့်ကိုးကွယ် ကြလေ
သည်။

## သဘင်မန်ဘုရားသမိုင်းဘွဲ့တေးထပ် ဂဝ-ပေါ်။

အောင်မြေလောကစေတီကြီး၏၊မနီးမဝေးရှေ့မြို့မှာ
ရောနှမ်းကမ်းသာသာမှာ။ အသောကရာဇာ တည့်ခဲ့ဦး၊
မရှေ့-၉-ဆူပါအဝင်။ သုံးဘုံ ထွတ်တင်ခြောက်ရောင်
ဝေလို့ မြူးနုရပတိစည်သူမောင်းမငယ်သည်။ သ**ဘင်**ဆု
ပန်ရွယ်ရှိတင်ဖူး။သဒ္ဒါစောဝင်ကြည်လင်နှုးလို့၊ အမြတ်
အထူးကိုးကွယ်ရှာ။ ထို့ကြောင့်မယ်နှင့်မြတ်ထွတ်ထား
ကို။ သဘင်ပန်ဘုရားထင်ရှားရွှေဘွဲ့သာ၊ လိုရှိသမျှဆုပန်
ထွာလျှင်၊မကြာမတင်ပြည့်ရဲ့ရဟု။ ကိုယ်တွေ့ကြုံကြရေး
သူများစွာပြောဆိုထောမနာ၊ တဘန်ဆင့်တဲ့ရွှေဘွဲ့သာ
မှာ၊သဘန်ဝေါ်ဟာထင်ရှားပါလှလေး၊

## အထက်ပါတေးထပ်ကို အဓိပ္ပါယ် ဖော်ပြချက်။


စစ်ကိုင်းမြို့မြစ်နံဖူးတွင် ကျောက်စေတီဟုခေါ်ဝေါ်
ကြသော၊ ထိုးတော်ဘုရားကောင်းမှုအောင်မြေလောက

စေတီတော်ကြီး၏ အရှေ့ဘက် မနီးမဝေးတွင် ရှေးမြော
ဗုဒ္ဓအဝင်ဖြစ်သော၊သိရိမင်္ဂလာသောကမ်းကြီးဘောင်းမှ
စေတီတဆူရှိ၏၊ ထိုဘုရားတွင်နရပတိစည်းသူမင်းကြီး
၏မိဘုရားငယ်တပါးသည်။ သားဆုကိုပန်ရာသားရသ
ဖြင့်၊သားပန်ဘုရားဟုထင်ရှားစွာရှိ၏။နောက်လည်းများ
စွာသောသူတို့ သားဆုပန်ကြရာ သားသမီး ရကြသော
ကိုယ်တွေ့ကြုံသူများအထင်အရှားပြောဆိုကြ၏။ နောက်
ဆုံးခေါ်ဝေါ်ကြသောအမည်ဘွဲ့တော်မှာသဘန်ဘုရားဟု
တွင်၏၊ သဘန်ဟူသောအမည်ပင်ကျော်ကာလကြာရှည်
လှပြီဖြစ်၏။ အဘယ်ကြောင့်ဆိုသော်။ ရှင်မဟာ သီလ
ဝံသ၏ရတနာဗိမာန်ကျောင်းကျောက်စာမှာပင်။သဘန်
ဘုရားမြောက်ဝယ်ကျောင်းတည်ရာကို ရေးသားခဲ့သော
ကြောင့်။ ကြာရှည်သည်ကို သိရသည်။နှစ်ပေါင်း-၄၀၀
ကျော်ပြီဖြစ်သတည်း။

—o—

## မင်းကွန်းဘုရားကြီးနှင့်ခေါင်း လောင်းတော်ကြီးခြသေ့်တော်ကြီး သမိုင်းဘွဲ့ တေးထပ်-၇၀-ပေါ်။

အမရပူရရွှေပြည်ကြီးကို၊ ထီးနန်းကနက်ဇိုက်တည်
ထောင်၊ ဗျာသိုက်ဝင်တဲ့ ထွတ်မင်းခေါင်သည်၊ ကုန်း
ဘောင်ရွှေတိုင်နေနွှယ်ရင်း၊ ဇမ္ဗူညွှတ်ခနာစင်းနှိမ်တယ်၊
ဘိုးတော်အာဟိန်ဘုန်းပွင့်ထိန်ထိန်ဝင်း၊ တရောင့်တရှော



၉၉၈-ခုတည်
သာလွန်မင်းတရားကြီးကောင်းမှု
ရာဇမဏိစူဠာ–ကောင်းမှုတော်ကြီးပုံ။

ဝါးဆယ်ပေါ်မှာ၊နှစ်ရှစ္စန်းကျောင်းကောဝိန်တွင်း၊မင်းကွန်း ပုထိုး ငါးခါရံရှင်းကို၊ ရွှေခုတ်မြစ်ခင်း တည်တော်မူ၊ ခြသေ့ ညီနောင် အုံ့မဆုံးတယ်၊ ကြီးမြင့် ကျောက်ကုန်း တောင်ပေါင်း–၄၀–တူ။၊ ခေါင်းလောင်း တော်ကြီးတရု မတူသည်၊ ကျွန်းလုံးချိပ် ဆုတော်သံ ခတ်မျှ၊ အရပ် အောင်ပအဝဘြဇာ၊ အဝန်း သုံးပြန်ပါ၊ စေတီတော် ခြသေ့ တော်ကြီးဟိတ်ဘြဘာ၊ခေါင်းလောင်းတော်ကြီး ဟိတ်ဘြဘာသည်၊ ငါးထောင်သာသနာ တိမ်ဘူးဆိုရိုး လေး။

# အထက်ပါတေးထပ်ကိုအစီပွါယ် ဘော်ပြချက်။

အမရပူရမဟာရာဇဌာနီ နေပြည်တော်ကြီးကိုအဒေါ်မိ ကန္တိကာ၊လက်ပွန်မဆွ၊ ပဏ္ဍမတည်ထောင် ဖန်ဆင်းမင်း ထက်မင်း ဖြစ်တော်မူသော၊ ဘိုးတော် မင်းတရားကြီး ဘုရားသည်၊ ၁၁၅၂-ခုတွင် မင်းကွန်းပုထိုးတော်ကြီး ကိုတည်လုပ်တော်မူ၍၊ ကျောက်ကုန်းထိအတောင်-၄၀ အမြင့်ဆောင်သောခြသေ့ ကြီး-၂ ရုနှင့်တကွ၊အစောက် ၁၅-တောင် အဝအချင်း ၁၃၈-တောင် ရှိသော ခေါင်း လောင်းတော် ကြီးများကို တည်လုပ်တော် မူခဲ့သည်မှာ သာသနာ-၅၀၀၀-မတိမ်မကော တည်တွန်း ရစ်လိမ့် မည်ဟုဆိုလိုသည်၊

# ဤဒြိဖြခေသ့်နှင့်ခေါင်းလောင်းကို ရာဇဝင်အရရှင်းလင်းပြဆိုချက်။

ရာဇဝင်တွင်ခြဲခေသ့်ကြီးအတောင်-၆၀-ဟုဆိုသည် ဦးခေါင်းအစွန်းထိတိုင်းတာချက်ဖြစ်သည်၊ တေးထပ်မှာ ကျောက် ကုန်း ထိ အ တောင်-၄၀-ကို သာ ရေး သား ထားလေသည်၊ ခေါင်း လောင်း တော်ကြီးမှာ စောက် ၁၃=တောင်-၁-မိုက် -၄-သစ်ရှိ၍၊ အဝအချင်း-၁၁ တောင်-၄=သစ် လုံးပတ်-၃၃-တောင် တမိုက်လေး သစ်ဟု ပြဆိုချက် ရှိသည်။ ကြေးချိန်မှာ ပိဿာချိန် ၅၅၅၅၅-ဖြစ်၍ငါးသောင်းကျော်သာဖြစ်၏၊ လူတိုင်း လိုလိုပင် များပြောလေ့ရှိသော၊ မမင်းဖြူ။ မှန်မှန်ပြော၊ ဟူသော အဆိုနှင့်-၅၅၅၅၅၅-ဗိဿာချိန် ငါးသိန်း ကျော်ဟူသောအမှတ်များကိုမယူအပ်။ ရာဇဝင်မကျွမ်း သူတို့စကားမျှသာတည်း။

ဤခေါင်းလောင်းတော်ကြီးကို၊ ယခုတည်ရှိသောနေ ရာမှအရှေ့ ဧရာဝတီမြစ်တဘက် ယခုနန်းတော်ကျွန်း ခေါ်တွင်သောအလယ်ကျွန်းမှာ သွန်းလုပ်ပြီးမြေမှအနောက် ဘက်သို့ ဆွဲဆောင်ယူပြီးလျှင် တင်လှူတော် မူသည်၊ ယခုအချိန်မှာ ကမ္ဘာပေါ်တွင် အကြီးဆုံးခေါင်းလောင်း ကြီးဟုပြောဆိုကြ၏၊ ၎င်းထက်ကြီးသောရုရှားပြည်က ခေါင်းလောင်းကြီးမှာ ပျက်စီးသွားပြီဟု ပြောဆိုကြ၏။ ခေါင်း လောင်း တော် ကြီး က မြောက် မှာ ဗော မိ

ဘုရားနှင့်ဘကြီးတော်မင်းသားဘဝကတည်ခဲ့သော ရှင်ဖြူဘုရား။ ၎င်းဘုရားကိုလူအများပင်ဖြူသိန်းတန်ဘုရားဟုခေါ်ဝေါ်ကြ၏။ ပုထိုးတော်ကြီးတောင်ဘက်မှာလည်း ပုထိုးတော်ကြီး နမူနာပုံနှင့်။ ပါဒနက်သန် စေတီတော်လည်း ဘိုးတော်ဘုရား ကောင်းမှုတော်များပင် ဖြစ်သတည်း။

## ဖြာပုံတောင်

နံ့ကိုင်းဘုရားရှင် ရှိသောတောင်ကိုနံ့ကိုင်းတောင်ခေါ်သည်။ ၎င်း၏မြောက်ကတောင်ကိုဖြာပုံတောင်ဟူသည် အဝိတဇော်ဂျီ၊ သိဒ္ဓိဗလဇော်ဂျီ၊ ပရဘိန္န မည်သောဇော်ဂျီစသော-၅၀၀-တို့၎င်း။ဇာနလက္ခဏာမည်သောရသေ့၊ အညကိစ္စမည်သောရသေ့၊ ဝိတ်နာရ-ရသေ့။ နန္ဒသုခရသေ့စသော ဗာဟိရ-ရသေ့တို့သည်။ ဘုရားသခင်ပရိနိဗ္ဗာန်ပြုတော်မူရာအရပ်မှ၊ ဓာတ်တော်များကိုမရခဲ့သဖြင့် တေဇောဓာတ်လောင်ရာမှ ဖြာတို့ကိုယူခဲ့၍ ထိုဖြာတို့ကိုစေတီတည်သဖြင့်ဖြာပုံတောင်ဟူ၏။

## သေလာဂိရိ-ဘိလူးတောင်နှင့် ဇုဠိဘသယတောင်ညွန်း။

ဖြာပုံတောင်၏အနောက်တောင်ထောင့်ဟူ လေးလုံးသောတောင်ကို သေလာဂိရိဟုခေါ် သည်၊ ထိုတောင်၌ နှယ်ငန်းပင်လည်းရှိ၏။ နှယ်ရွှေစင်မည်သော ဆေးပင်

လည်းရှိ၏၊ နာဂနွယ်မည်သောဆေးပင်လည်းရှိ၏၊ နေ့ဝံ
ရွေ့လျှောလျှင် ဘီလူးတောင်တွင်သည်။ ဘီလူးတို့သည်
များစွာရှိ၏။ နောက်ကြာလျှင် တောင်ဘီလူးတွင်သည်။
ဂူပေါင်းဂူပျက်များစွာရှိသည်။ ၎င်းတောင်ဘီလူးမည်
သောတောင်၏မြောက်။ ဇုဿာသယ မည်သော တောင်
ကြီးရှိ၏။ ထိုတောင်အရှေ့ ဂူပျက် များစွာရှိ၏၊ ဇုဿာ
သယမည်သောရသေ့နေဘူး၏။ ထိုတောင်တွင် ဂူပျက်
မြောက်အရပ်၌၊မန်ကျည်းမောင်နှံ့ရှိ၏၊ မန်ကျည်းမောင်
နှံ့အနောက် ခြသေ့် ဂူပေါင်း-၃၀ ရှိ၏၊ ထိုမြောက်
၁၂-တောင်ခန့် အရပ်တွင် တောင်ကဿွား ဝယ်ဆယ်
တောင်ခန့်ဘူးသော ပြဒါးသေအိုးဖြင့် -၁၂-လုံးရှိ၏၊
နောက်အခါ ဘုန်းတန်ခိုးကြီးသောသူတို့ စားစေခြင်းငှါ
ဇုဿာသယရသေ့ ထားတော်မူခဲ့၏။ ၎င်းအနောက်ခပ်
ရွှန်းရွှန်းတွင် ချောက်ဝယ်။ ဇဘန်းဖြူ ဇဘန်းနက်ရှိ၏။
ကန့်ချုပ်နက် သမန်းနက်။ မဟာဂါနက်။ ကဇော့နက်။
ကြောင်းပန်းနက်လည်းရှိ၏။ ၎င်းတောင်ထိပ်ဝယ်နဂါး
ရစ်မည်သောဆေးပင်လည်းရှိ၏။ အရွက်ဝန်း၏၊ အသီး
ခရမ်းသီးခန့်ရှိ၏၊ ၎င်းအစေ့ကို ရှုသော် မှူးမော်၏။
အစေ့ဝါ၏။ ထိုဆေးပင်သည်ကြေးနီခဲမတိုက်ကို။ မြစ်ချင်း
ပြီးရ၏။ ကြက်မောက်ရွက်ကဲ့သို့။ အလယ်တွင်နီ၏သီး
ခြင်းပွင့်ခြင်းအလွန်နည်း၏။ပင်လုံးညှိုဆိုင်တွာဆိုင်ရှိ၏၊
၎င်းပဉ္စနှင့် သံကိုထိုးသော်ပြင်း၏။ ငါးမီးထိုးသော်ပန်း
သေ၏။ တဆဲ့နှစ်မီးထိုးသော်လမ်းပေါက်၏။ မီး-၂၀
ထိုးသော်သိဒ္ဓိမယဖြစ်၏။ဆီဦးထောပတ်ကျွေးလေ။

# နတ်အုံတောင်အညွှန်း။

ဇမ္ဗူသသယတောင်ဘား-၃ လုံးရှိ၏အလယ်တောင်၌ဝရုဏာဘာရီမည်သောဇော်ဂျီတဦးသည်ခါတ်-၄-ပါးနှင့်တကွ လမ်းအဆုံးသို့ရောက်၍။ ထိုဝယ်ကျောက်ဂူလိုဏ်ကြီးနှင့်နေ၏။ တရံရောအခါ ဘိန္ဓုရာဇ် တိုင်းပြည်တွင်။ တပင်တိုင်နန်းနှင့်ထားသော။ ဘိန္ဓုရာမင်း၏သမီးတော်။ စိတ္တရံသီအမည်ရှိသောမင်းသမီးကို။ ၎င်းဝရုဏာဇော်ဂျီသည်။ ဆေးတန်ခိုးနှင့် ကောင်းကင်ခရီးဖြင့်ယူဆောင်၍၊ ကျောက်ဂူတွင်ထားလေ၏၊ ဝရုဏာဇော်ဂျီလည်း၊စိတ္တရံသီမင်းသမီးကို၊ နှစ်သက်စေခြင်းငှါ၊ဆေးတန်ခိုးဖြင့်၊၎င်းတောင်ခြေဘလုံးသော၁၃တောင်ထိပ်ဝယ်နတ်ဗိမာန်တည်သကဲ့သို့၊ စိတ္တရံသီအမည်ရှိသောမင်းသမီးနှင့်ဝရုဏာဇော်ဂျီနေသောကြောင့် နတ်အုံတောင်တွင်သတည်း၊ ထိုတောင်၌ဆေးမျိုးကျောက်မျိုးအလွန်များ၏၊ ၎င်းတောင်အရှေ့ နတ်ရေကန်ရှိ၏၊ ထိုနတ်ရေကန်အောက်-၃-တောင်-၄-တောင်ခန့်တွင်၊ ကျောက်ယောက်သွား ရွှေရောင်ငွေရောင်ရှိ၏၊ ၎င်းနတ်ရေကန်တောင်လယ် တခင်းခန့်တွင်၊ ၅-တောင်-၆-တောင်ရှည်သော မြေထဲတွင်နှယ်၍သီးသော ကျောက်ပရုံများစွာရှိ၏၊ ၎င်းတောင်မြောက်ဘက်က ပုညရှင်တောင်ရှိသတည်း၊

## စစ်ကိုင်းထူပါရုံဘုရားသမိုင်းဘွဲ့ တေးထပ်.၈၀-ပေါ်။

မြနန္ဒီချွေခသည့်၊ရွှေအင်းဝစံ ရွှင်၊ နရပတိမြတ်ထွတ်တင်သည်၊ မာရ်လွတ်စင် ရောင်ကြွား၊ ရှစ်ရာ့ခြောက်ကောဋိနှံခြံဘယ်၊ ထူပါရုံကောင်းမှုတည်ထား။ မင်းစံညွန့်သေလာဘွေမှာ၊ လကျ်ာမြေထင်ရှား၊ ရောရေသွင်မြသားလိုပ၊နဖူးဖျားကမ်းငု၊တရာနှင့်သုံးဆဲ့ငါး၊မိုးယံဖျားမြင့် ရွှေညာဏ်လူ၊ လူနတ်ဦးခိုက် ထွိက်ထွိက်ဆူသည့်၊လောကမှန်ကူပေါင်းသို့၊ ကိန်းအောင်းစံပကြည်နူးစဘွယ်၊ တင့်ထူးလွှန်သပ္ပါယ်၊ ခြောက်ရောင်မြူးလို့ကိုးရတ်ကြွယ်တယ်၊ ပြိုင်နှိုင်းမဆွယ် ထူးမြတ်ပါတ့်လေး။

—ဝ—

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဘော်ပြချက်။

သက္ကရာဇ်-၈၀၄-ခုတွင်မင်းဖြစ်တော်မူသောအင်းဝနရပတိမင်းကြီးသည်-၈၀၆-ခုတွင်သံတော် ၁၃၅ ပဿာဏရှိသောထူပါရုံစေတီတော်ကြီးကို တည်တော်မူသည့် ထူပါရုံဘုရား ထီးတင်ရေစက် သွန်းတော်မူသောအခါ ဆင်မြင်းဗိုလ်ပါ ကျူးနိုင်အောင် အင်းဝနှင့်

စစ်ကိုင်းဧရာဝတီမြစ်ကြီးကိုဖြတ်ကျော်၍ကောင်းကင်
ကြိုးတံတားကြီးကိုခင်းတော်မူသည်၊

—၀—

## မြန်မာတို့ဆောက်လုပ်သော ဧရာဝတီ မြစ်ကူးကြိုးတံတါးကြီးကို ဖွဲ့ဆိုသော သခင်ထွေးချင်းမှကောခံနှုတ်ချက် ။

ဘုရားထူပါ၊ စွယ်လက်ဗျာဟု၊ရတနာ့ဘုမ္မိ။ ရှင်တော်
ဝိုးဖြင့်၊ ပုထိုးကျောင်းဂူ၊ တည်တော်မူမှ၊ ရှေးတုဘေး
လောင်း။မကြီတောင်းတည့်၊ မြစ်ကြောင်းနှစ်ဘက်၊ခုံသော
နက်၍၊ ကျဉ်းရှက်လျှိုခတ်၊သံတီသတ်လျက်၊ ရဟတ်
စက်ချား၊ ယန္တရားတိုင်ရှင်၊ရေကောင်းကင်ဖြင့်၊ သွယ်
ငင်ကြိုးများ၊တံတားအချင်း၊ခတ်အောင်ခင်း၍၊ သံလျင်း
ရထား၊ ဖှည်းနွားဝန်တင်၊မြင်းဆင်သင့်ကူး၊ အထူးထူး
တည့်၊ ပေးကျူးပေးသီး၊ ပေးကြီးအဘူ၊ ပေးတော်မူမှ၊
သည်းအရှုရင်သွေး၊တသွန်မွေးသား၊သားထွေးသားလတ်။
ကျိုင်းယောင်ထွတ်နှင့်၊ကြင်ဆွတ်မညီး၊ သားတော်ကြီး
ကို၊ စောထီးကြွရှန်း၊ ကိုယ်စားမှန်း၍။ ရွှေနန်းပွင့်ရိုး၊
ရှင့်ချစ်တိုးလျှင်၊ ရန်မျိုးပယ်သင်၊ ဘိသိက်တင်သည်၊
ရေစင်တည့်မြှောက်သခွေး။ ။လေည်းယင်ယင်အေး၊

## ထူပါရုံဘုရားအတွင်းတရုပ် ၇၀၀ ကျော်တို့အရေးမှုံး။

သက္ကရာဇ်—၁၀၂၃—ခုတွင် မင်းအဖြစ်သို့ ရောက်တော်မူသော ပြည်မင်းတရားလက်ထက်၊ မြန်မာပြည်တွင်းသို့ပေါက်မြောက်လာသောတရုပ်တို့ကိုတိုက်ခိုက်နှင်ထုတ်တော် မူလိုက်သဖြင့်၊ တရုပ်တို့ဆုတ်ခွါထွက်သွားကြရသည့်နောက်၊မြန်မာမင်းထံခိုလှုံ လျက်ရှိသောရုံဘုမ်ဦးတည်ဘွား ကျွန်တို့ကို သစ္စာတော် ပေးမည်ဟုထူပါရုံဘုရားသို့ ခေါ်ခဲ့ရာ၊ ရိုင်းဆည့်စားသည် သတ်မည်အထင်မှားသဖြင့်၊ ရဲမက်တော်တို့လက်မှဓါးကိုလုၡ်ခုတ်သည်၊အများပင်ထိပါးသေပျောက်လေ၏။ အခြားတရုပ်တို့လည်း ဓါးကိုလု၍ ခုတ်ကြလေ၏။ နောက်မှရဲမက်တော်များဝန်းရံ၍ ပစ်ခတ်သုပ်ကြံ ကြလျှင် တရုပ်အမတ်-၆၀—နှင့် တရုပ်—၇၀၀-ကျော်တို့သည် ထူပါရုံဘုရားတွင်းဝယ်ရဲမက်တော်တို့လက်တွင်ဆုံးရေ၏၊

—၀—

## အောင်မြေလောကဘုရားသမိုင်းဘွဲ့တေးထပ်-ဂ၀-ပေါ်။

ကွာပိန်ချာဇိန်တာရိန္ဒမှာမာပေိန်တမ္ပတောဇာရောင်၊ အမရပူရဌ္ဌပြည်သောင်သည်။ ကုန်းဘောင် နွယ်တော်

ခြောက်ဆင့်ထီး။မြမန်းဂီရိစက်ရိပ်ခိုတယ်။ အောင်စည်
ပဟိုရ် ကျွန်းလုံးငြိမ်းမျှတည်း။ ပြည်ပြည်မင်းတို့ပဏ္ဏာ
ပျော်တယ်။ဘိုးတော်အာဟိန်သိုက်ရကျိုး။မဟာသဘာ
ကထောမြိုးလို့၊ ချိုးချိုးတောက်ပ ထိန်ထိန်ဆူ၊ စံအိမ်ရာ
တော်မင်းစံညွန့်မှာ။ ခြောက်သွယ် ရောင်ကွန့် စေတီ
တည့်တော်မူ၊ အောင်မြေလောက ဘွဲ့တော်ဖျူတယ်။
ဖွာဖွာဦးဦးကောဝိန်ရမှာ၊ သေလာဆူမ္မက ကျောက်ဇရုတ်
ရတနာ၊ပြုပြင်တည်ခဲ့ပါ။ နတ်လူကိုးဘို့တင်ခိုးဖြာသည်၊
မညှိုးလျှ ဝါထွန်းလင်းပါလိမ့်လေး၊

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

ဆဒ္ဒန်ပေါက်မအရံရသော ဘိုးတော်မင်းတရားကြီး
ဘုရားသည်၊ အလောင်းမင်းတရားကြီးဘုရား၏ခိုဘုရား
ခေါင်ကြီးမှ ဘွားမြင်တော်မူသော၊ ပဥ္စမမြောက်သား
တော်ဘပါး ဖြစ်တော်မူ၍၊ ခမည်းတော်ဘုရား။နှောင်
တော်ဒုတိယ စစ်ကိုင်းမြို့တည်မင်းတရား၊ နှောင်တော်
တတိယ အင်းဝမြို့တည် ဆင်ဖြူရှင် မင်းတရားတို့
လက်ထက်တော်များမှာ၊စားကြေးမြို့ရွာ ဆောင်ယောင်
ခမ်းနားများဖြင့် တင့်တယ်စွာ စံနေတော် မူခဲ့ရသော်
လည်း၊ ဆင်ဖြူရှင်ဘုရားသားတော်စဉ့်ကူးမင်းလက်
ထက်တွင် ဘထွေးတော် မင်းသားကြီးများကိုဆောင်
ယောင်ခမ်းနားကျေးကျွန်အပြင်အသင်းကိုရုပ်တော်မူ၍၊

ပဒ္ဒမင်းကိုစစ်ကိုင်း၊ ဝုခန်းမင်းကိုပင်းယ၊ ပင်းတလဲမင်းကိုရွာသစ်ကြီးသို့ပို့ပြီးချောင်ထားလေသည်၊ ၎င်းနောက်စေဥ္စကူးမင်းသည် အညာသီဟတောဘုရားသို့ဘုရားဖူးထွက်တော်မူခိုက်၊ သမန်းပေါင်းခါးရွာသို့အပို့ခံရသော နောင်တော်ဘုရားကြီးသားတော် ပေါင်းကားစားသည်၊ ထီးနန်းကို အတင်းတိုက်ခိုက်စီးနင်း၍ -၇-ရက်မျှမင်းဖြစ်ပြီးနောက် ဘိုးတော်ဘုရားသည်ကျေးပေါင်းကျွန်ပေါင်းများကို ရုံးရတော်မူ၍ ပေါင်းကားစားကိုနန်းမှချပြီးလျှင်အင်းဝထီးနန်းကိုတက်သိမ်းစံပယ်တော်မူရာ ၁၁၄၄-ခုတွင် ဒိမိအကျယ်ချုပ်စံနေတော်မူခဲ့ရသော စစ်ကိုင်းအိမ်တော်ရာဝယ် အောင်မြေလောကဟူသော ဘွဲ့တော်ဖြင့် ကျောက်စေတီကြီးကို တည်တော် မူခဲ့သတည်း၊

—o—

## အဘယစေတီဘုရားသမိုင်းဘွဲ့ လေးထပ် ၈၀ ပေါ်။

ရှစ်ရာ့လေးဆယ်နှစ်ခုခွန်းမှာ၊ ပေါ်ထွန်းအဘယ်မြတ်စေတီ၊ ခြောက်ချောင်မိုးလို တန်ခိုးခြည်သည်၊ မဉ္ဇူးရံသိထိန်ဘိန်ဝင်း၊ ငါးဆယ်နှင့်ရှစ်မြင့်သန်ပျာဝယ် ။ကြီးလှတေဇာဘေးမျိုး စင်လို့ရှင်း၊ ရတနာပူရ ရွှေဝစံတယ်၊ တေဇထက်မြန် ထိပ်ခေါင်နင်း၊ ဇမ္ဗူလွှန်ကျော်ပေါ်သတင်းနှင့်၊ တရားမင်းတို့ကန်တော့ခံ၊ ဒုတိယ မင်းခေါင်

တည်ခဲ့ထား၊သုံးဘုံကျော်ကြားဘုရားခေတ်မွှေစံ။ တေဇာ ရွှန်းလို့ ထွန်းတောက်လျှံသည်၊ ဘေးဒဏ်ရန်မာရ် ပယ်ပျောက်ကင်းသတဲ့၊လူနတ်ခပင်းဝင်စင်းကြွပ်ကြွပ် ရှိခိုးညွတ်ခနှိမ့်၊တန်ဆောင်မာသပုဏ္ဏမိန့်ဝယ်၊ ပွဲတော် ကထိန်သျှုဒါန်းခါပလေး၊

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

ရတနာပူရအင်းဝရွှေမြည်ကြီးတွင်သက္ကရာဇ်-၈၄၂ ဝယ်။မင်းဖြစ်တော်မူသောဒုတိယမင်းခေါင် ဘုရင်မင်း မြတ်သည်၊ အဘယစေတီတော်ကြီးကို၊ ၅၈-တောင် အမြင့်ဆောင်၍၊သက္ကရာဇ်-၈၄၂-ခုတွင်ပင်တည်တော် မူသည်။ဖူးမြင်ဆည်းကပ်သူတို့အား ခပ်သိမ်းဘေးဒဏ် ရန်မာရ် အပေါင်းတို့ ကင်းလွတ်စေ တတ်သောဘုန်း တော် တံခိုး တော်လည်း ရှိတော်မူ၍ တန်ဆောင်မုန်း လပြည့်သရဒအခါဝယ်ကထိန်ပွဲတော်ကြီးများကိုကျင်း ပသျှုဒါန်းလေ့ရှိခဲ့ကြသည်ဟုဆိုလိုသတည်း။

## ရတနာမုနိ ဆင်များရှင်ဘုရား သမိုင်း ဘွဲ့-တေးထပ်-၈၀-ပေါ်။

ရစ်လည်ရေညိုသိတာခသည်၊ ရတနာပူရ ရွှေဝစံ၊ တမ္ပဒီပမြန်ထိပ်ပန်ဝယ်၊ရဋ္ဌသိမ်သန္တာအာဏာရှိ၊ ဗဟု

မှဖွားမြင်တော်မူသောသားတော်၊အသင်္ခယာစောယွမ်းမင်းသည်၊ သက္ကရာဇ် ၆၇၇-ခုတွင်စစ်ကိုင်းမှမြောက်တဖွားကိုမင်းမူလျက်စစ်ကိုင်းကို ဇေယျာပူရမြို့တော်သမုတ်ပြီးလျှင် ခမည်းတော်နှင့်အပြိုင် မင်းပြုတော်မူ၏၊ သီရိအသင်္ခယာဟူသော အမည်ကိုလည်း ခံတော်မူ၏၊ သားတော်သမီးတော်ကား မိဘုရားကြီးတွင်၊ သမီးတော်စိုးမင်းကိုတော်ကြီး(၁) မောင်တော်ကျစွာမင်း(၁)ညီတော်နော်ရထာမင်းရဲ(၁) ညီတော်တရဘျားငယ်(၁) ပေါင်း-၄-ပါးတည်း၊ သက္ကရာဇ်-၆၈၀-တွင်ထောင်သင်းအရနှင့် မြင်း-၉-သင်းဖွဲ့တော်မူ၏၊ ၆၈၂-ခုနှစ်စကြီးကျောင်းကို ဆောက်လုပ်တော်မူသည်၊ ၆၈၄-ခုတွင်နတ်ရွာစံတော်မူ၏၊

—○—

# (၂)တရဘျားကြီး-မင်းအကြောင်း

သက္ကရာဇ်-၆၈၄-ခုကာလရန်လတွင်အသင်္ခယာစောယွမ်းမင်း နောင်တော် တရဘျားကြီးသည် ညီတော်၏ မိဘုရားနှင့်နန်းတက်တော်မူ၏၊(ထိုမင်းကား၊အသင်္ခယာစောယွမ်း မယ်တော်တွင် ပါရင်းအထက် သားတည်း၊ ပင်းယာသီဟသူမင်း၏သားပော်ရင်းမဟုတ်) မင်းဖြစ်တော်မူလျှင် အရှေ့သာသနာကျောင်းကို ဆောက်လုပ်တော်မူ၏၊နန်းစည်းစိမ်-၁၄-နှစ်၊ သက္ကရာဇ်-၆၉၈-ခုတွင်သားတော် ရွှေတောင်တက်သည်၊ မိဘုရားငယ်တို့

လည်းယရတ္တိမရှိ။သင့်အောင်သာ ကြံစီမှတ်ယူတော်မူကြ ပါတုန်၊ ။ဤစေတီတော် ကြီးမှာ မူလက (ရတနာစေတီ)ဟု ဘွဲ့တော်ရှိခဲ့ရာ သက္ကရာဇ်-၈၄၇ ခုတွင် လျောင်ယွှံ့၍ပြိုကျသဖြင့်၊ ဒုတိယမင်းခေါင် မယ်တော် အမိဖွားသီရိပိတုရားကြီးသည် ဆင်ရုပ်အများ ဝန်းရံကာ ထပ်မံတည်လုပ်တော်မူသဖြင့် ဆင်များရှင်ဘုရားဟုဘွဲ့မည်တော် ပြောင်း၍ခေါ်ကြသည်၊ ။တေးထပဲတွင် ဗသျှုဆိန္နရမုနိပြီးသည်၊ ဆိုသောစကားအရ ကိန်းခန်း အရောက်သက္ကရာဇ်ပြိုပုံကိုပြဆိုပေအံ့၊

---

## ရိုးညှင်းမင်းတရားကြီး သက္ကရာဇ်ဖြိုခြင်းအကြောင်း။

သက္ကရာဇ်-၇၉၉-ခုတွင် ပြည်မြို့မှ ပြန်လည်တော်မူခဲ့ရာ နယုန်လပြည့်နေ့ ရတနာပူရသို့ ရောက်တော်မူသည်။ရွှေနန်းတော်သို့ရောက်တော်မူလျှင်။ ပြည်ထဲရေးရာရှိသည်တို့ကို ပိဋကတ်ဆောင်တတ်သော ဆရာတော်အပေါင်းနှင့် တိုင်ပင်တော်မူသော်၊စာကြို့သူမြတ်။ မင်းကျောင်းသူမြတ်တို့က။ ယခုသည်။ ဗသျှုဆိန္နရမုနိကိန်းရောက်ပြီဖြစ်သည်။ မဖြိုချေသော်မသင့်လျော်သည်ကို။ ရိုးညှင်းမင်းတရားလည်း သက္ကရာဇ် ဖြိုကိန်းရောက်၍ မဖြိုသော် အပြစ်အတိသို့ရှိသနည်းဟု၍မေးတော်မူ၏။ ပညာရှိတို့ကလည်း ဖြိုကိန်းရောက်၍ မဖြိုချေသော်ပြည်

ရွှာမငြိမ်မသက် သတ္တဝါတို့ မချမ်းသာကုန် ဟူ၍
သင်္ကေတကျမ်းဆရာတို့မှာကုန်သည်ဟူ၍လျှော်ကုန်၏။
ယင်းသောအခါ ရာဇသင်္ကြံ လျှော်သည်။ အထက်က
သက္ကရာဇ် ပြုသောမင်းတို့သည် သက်တော် မရှည်ချေ
ပြုသောနှစ်တွင်ပင်အနိစ္စရောက်တော်မူသည်ဟူ၍လျှော်
၏။ ရိုးညွှန်းမင်းတရားလည်း ခပ်သိမ်းသော သတ္တဝါ
အပေါင်းတို့ချမ်းသာခြင်းသို့ ရောက်မည်ကိုသိမြင်လျက်
ငါသို့သော မင်းသည် သေဘေးကို ကြောက်၍ ပြုကျင်နိုး
ရောက်လျက်မပြုချေသော်ကား လူ့မကျေသည် ဥဒါန်းမေဝ်
ကျွန်းဖြစ်ရစ်တော့မည်ဟူ၍မိန့်တော်မူပြီးလျှင်။ ဗိဒူကတတ်
ဗေဒင်တတ်သောပညာရှိ အပေါင်းတို့နှင့် တိုင်ပင်တော်မူ
၍။ တောင်ပလူ မြော်အင်းဝမြို့တောင်၊ လယ်ဟာပြင် ငွေစင်
ဈေးအရပ်၌။ မဏ္ဍပ်ကြီးဆောက်တော်မူ၍။ မင်းမိဘုရား
မင်းသားမင်းမြေးမင်းဆွေ မင်းမျိုးစသော၊ မျူးမတ်ဗိုလ်
ပါတို့နှင့်တကွ၊ ထီးဖြူကနုဋ္ဌဒန်ကျင်းပလျက်၊ ရွှေငွေ
ရတနာဆင်မြင်း ကျွန်ကျေး ကျွဲနွား အဝတ်အစားစပါး
ထန်းရေ စွန့်ကြဲတော်မူ၍၊ အဝိမာသပေါင်းသက္ကရာဇ်
၈၀၀ ပြည့်တွင် ၇၉၈-ခုကိုချေ၍ အကြွင်း ၂-ခုတည်
ထားတော်မူသည် — ဤနှစ်ရာတွင် ထိုသက္ကရာဇ်တိုကို
တိုင်းပြည်က မသုံး၍ ယခုတိုင် ဆက်လက် တည်ရှိ
သတည်း သက္ကရာဇ်တိုက်ဗေဒင်ပညာရှိများသာ တွက်
ချက်ရာ၌အသုံးပြုကြလေသည်။

# ခါပဲတောင်ပေါ်သစ္စာစေတီ ဘုရားသမိုင်းဘွဲ့ တေးထပ်-၈၀·ပေါ်

တကက်တကက်တရှချိ အေးနှင့်၊ ကြိုးရင့်ကြွေးထွန်းသံသာ။ ခါမင်းဇာတ်ဖြစ်ခါဝယ်၊ကျောက်စားရာဌာန၊ စိန်းညိုလဲ့ မြရည်မှောင်တယ်၊ ခါပဲတောင်ထွင်ရင်းမူလ၊ ကျန်စစ် သားဇမ္ဗူကျော်တယ်၊ပေါက်ကန်ပျော်ရာဇ၊ သာသနာ ရောင်ရှိန်ကြွ၊ပြောင်ထိန်ပစေ၍၊ ထိုတောင်မှာ တည်ခဲ့ ထား။စစ်သားနှာမဖြတ်စိင်နှံ့ယာ၊ပြင်မရှေ့လို့ သရုတ် ပါသည်။ရွှေဘွဲ့သညာနှောင်ဆင့်ပွါးလို့၊ ထင်ရှားကျော် ဇာသစ္စာစေတီ၊ လှူနတ်တင်ဦးချီ၊ လေးရာကျော်မော် သဏ္ဍီမှာ၊ပွင့်ဦးစချီသမိုင်းလာပလေး။


## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

ဂေါတမဘုရားသခင်နှစ်ဦးကာလသမယက။ ပါရမီ တော်ဖြည့်ဆိုက်ရို့၊ ခါဂုဏ်မျိုးနွယ်ဖြစ်တော်မူရာကျင်လည် ကျက်စားရာဌာနဖြစ်သော တောင်ကို ခါပဲတောင်ဟုအ မည်ဖြစ်ရသတည်း။ထိုတောင်ဝယ် သက္ကရာဇ်၄၂၇ တွင်အနိမ္မဒ္ဒနာပုဂါရာမပြည်ကြီးကိုအစိုးရတော်မူသော ထီးလိုက်ရှင်ကျန်စစ်မင်းကြီးသည်၊စေတီတော်ကြီးကို

တည်တော် မူရာ - မူလအမည် ဒွဲတော်ဟောင်းကား (စစ်သားဘုရား)ဟူ၍ သမုတ်တော်မူ၏။ ကာလနှောင်း သဖြင့် ပြောင်းလဲသော အမည်တော်မှာမူ သဗ္ဗာစေတီ ဟူ၍ထင်ရှားပြန်၏၊ စစ်ကိုင်းမရွှော ၆ ဆုတွင်ပြင်မရွှော တဆူအဝင်အပါဖြစ်တော်မူသတတ်သည်းဟူလို။

## စစ်ကိုင်းမြို့ ပေါက်ပေါက်တန်း ပန်းတောရပ်ရှိ မဟာစေတီ ဘုရား သမိုင်းဘွဲ့တေးထပ်-၈၀ ပေါ်။

အင်းဝပျော်စံ ဘုန်းလျှံညီတယ်။ မင်းဆွေ နရပတိ နန်းကြေဘုရင်၊ဇေယျာမြို့ဦးပန်းတောတွင်သည်။ ဘုရွှီသန့် စင်ရပ်ဌာန။ သာသနာ့မြတ်ထွန်းလင်းကြာအောင်။ မဟာ စေတီ တည်ရင်းအာဗိက။ရှစ်ရာ့ခြောက်ဆယ်ငါး၊ခုသာမှာ၊ အောင်ကိန်း မင်္ဂလာခါတော်ရ၊ ရွှေငွေမြအခေါ်ပန်ကော်ချ လို့။ လူနတ်ဖူးကြသောသောညာ။ အချင်းတော်မှာရာပို ဗွန်းတယ်။အဝန်းဘိနပ်သုံ့ရာမော်လို့ သာ။မဟာ့စေတီ သမိုင်းလာကို၊ မြည့ောင်ဆရာဦးပုညက။ မှတ်သိစေကြ နှောင်စဉ်အလာ။ မပျော်ရအောင်မှာ။ တေးချင်းရယ်လို့ မပေါ့သာ။လွယ်ကူသေချာသိကြောင်းပါဘုရား့လေး။



၄၂၇-ခုတည်
သင်္ဃာစေတီဘုရားပုံတော်
ကျန်စစ် မင်းကြီး ကောင်းမှု

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

ရွှေနန်းကြွ ရှင်ဘုရင် နရပတိသည်၊ သက္ကရာဇ်-၈၆၃-ခုတွင် ရတနာပူရ အင်းဝရွှေနန်းထိမ်းမြန်းစိုးစံတော်မူပြီးနောင်၊ ဇေယျာမြို့ဦးပန်းတောရပ်ဝယ် သမ္မာယဇ္ဈတင့်ရှင်ပင့်သာသနာအရွှန်းရည်စွာတည်စိမ့်ငှါဟုသဒ္ဓါနှိုးဆော်တည်တော်မူခဲ့သော မဟာစေတီဘုရားရှင်၏ထိနှုပ်တော် အချင်းကား သံတောင်တရာကျော် · ထိနှုပ်အဝန်းသံတောင် သုံးရာကျော်ကို ၈၆၅-ခုအခါဝယ်ရွှေခုတ်ငွေခုတ်စီ၍တည်ထားတော်မူခဲ့သတည်း။

## ခါဝဲတောင်ဘုရားအကြောင်း။

ခါဝဲတောင်ပေါ်ရှိသစ္စာစေတီမြောက်က-ခါဝဲတောင်ဘုရားမှာ ရိုးညွှင်းမင်းတရား တူမတော် သင်းကြီးမင်းသမီးစိုးမင်းပိမလာဒေဝီတည်တော်မူသတည်း။

စိုးမင်းပိမလာဒေဝီအကြောင်း ရာဇဝင်စကား-မှာ။ တလိုင်းဘုရင် ဗညားရန်သည်၊ တူမတော်စိုးမင်းပိမလာဒေဝီနှင့်ရုံဘက်တော်မူပါမည့်အကြောင်းကို၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ အထူးထူးသော ထည်မျိုးအုပ်မျိုးနှင့်၊ ကန်တော့တော်မူရာ၊ရိုးညွှင်းမင်းတရားလည်း၊ ပြသာဒ်သုံး ဆောင်ဆော်စေပြီးလျှင်၊

တုမတော်ကို ဦးဆေးမင်္ဂလာပြုစေ၍၊ (သီရိပဝရမဟာ ဓမ္မရာဇဒေဝီ)ဟူသော အမည်ကိုခံပေတော်မူ၍၊ မိဘုရား ကြီးတို့၏အဆောင်အယောင် ကြိုးငြင်းရွှေချက်ရှစ်စင်း ရွှေ ဝေါပေးတော်မူ၍၊ ဘလိုင်းအမတ် မြန်မာအမတ် ဝန်းရံ လျက်၊မင်းဗညားရန်ဘောင်တော်မှာထိမ်းမြားတော်မူ၏

တုမတော်သီရိပဝရ မဟာဓမ္မရာဇ ဒေဝီအကြောင်း ကား၊ မင်းခေါင်ကြီးဘထွေးတော်၊ ပုဂံစားသင်္ခယာနှင့် ဝတ်မှီးကတော် စောမင်းပုသမီးတို့သင့်ရာတွင်မြင်သည့် (၁) သားတော်မင်းရဲကျော်စွာ ခံစောရွှေခက် (၂) ဥဇနာခံတောင်ဘက်မြင်းမှူး (၃) စုတုစားသင်္ခယာ (၄) နှမတော်ရိုးမင်းဝိမလာဒေဝီ (၅) ညီမအတုလ မဟာဓမ္မရာဇဒေဝီပေါင်းငါးပါးတွင်ရိုးမင်းဝိမလာဒေဝီ ကို၊တလိုင်းမင်းဗညားရန်အား သို့ပေးသည်။ ထို့ကြောင့် ရိုး မင်းဝိမလာတည်ခဲ့သောခါဝဲတောင်ဘုရားကျောက်စာ၌၊ ။ မင်းခေါင်ကြီးဘထွေးတော်ပုဂံစားသင်္ခယာသမီးဖြစ်၍ မင်းခေါင်နှမတော်ဖြစ်ကြောင်း၊ ရာဇာဓိရာဇ်ချွေးမဖြစ် ကြောင်းများကိုလာသည်၊ အတုလ မိဘုရားမယ်တော် ပုဂံမိဘုရားကျောင်း ကျောက်စာတွင်လည်း၊ ပုဂံမိဘုရား တွင် သားတော်-၃၊ သမီးတော်-၂ ရှိကြောင်း သမီး တော်အကြီး ဟံသာဝတီမင်းမိဘုရား ဖြစ်ကြောင်းများ ကို ဂါထာဖွဲ့စီ၍ထွက်ရှိလေသည်။

## စစ်ကိုင်း ညီအစ်မကျောင်းမှ ဘုရားသမိုင်းဘွဲ့တေးထပ်-၈၀-ပေါ်။

အာရုံမင်္ဂလာသဏ္ဍာန်ဆိုးတယ်၊ ဂဏန်းသုံးလုံးနှစ်သင်္ချာ၊ တည်ရင်းအာဇမြို့ ဓမ္မယာဝယ်။ နရပတိဒ္ဓိသာရပ် ဌာန၊ ထားဝယ်ခေါ် ကြံ့ဘုမ္မိမြေမှာ။ ခြေခံဆိုင်ရောင် ဝေထွန်း ညီးလျှံလို့ပ၊ ထူပါရာမဒါယကာ၊ နရပတိသည်းချာ ညီအစ်မ၊ နှစ်ဆူဆိုင်ကာတည်ကုန်ကြ။ သပ္ပာယ်စွာလှရေ့ နေခံပြီး၊ သက္ကရာဇ်ရစ်ရာရှစ်ရှစ်နှစ်မှာ။ စထွန်းပေါ်ပွင့်ရွှေ ထီးစွင့်စွင့်မြင်း။ လူနတ်ဦးခိုက်ပူဇော်လှိုင်တယ်၊ ငါးမါရ် ပယ်နိုင်နှစ်ဆူလုံးမှာ ပတ်ကုံးရှိ၍ ထက်ဝန်းကြွေညာ။ ဘွဲ့ထူးသာလှပါ။ ညီအစ်မကျောင်းမှ စိန္တာယျာဝယ်။ ရွှေညောင်ဆရာမောင်ကွန်းထင်ပြလေး။

## အထက်ပါတေးထပ်ကိုအစီပွါယ် ဘော်ပြချက်။


အာရုံ၆ ပါး။ မင်္ဂလ၈ ပါး။ သဏ္ဍာ-၄ ပါးဟု ဆိုအပ်သော သက္ကရာဇ်-၆ ၈၄ ခု။ မူလအသင်္ချာတော်ဝယ္ယာပ်းမင်းတည် ဟောင်းစစ်ကိုင်းမြို့တော်အနောက်တောင်ယွှန်းနရတိအ ရပ်တွင်၊ အင်းဝဘုရင် နရပတိ သမီးတော် စစ်ကိုင်း မိဘုရားနှင့်၊ သမီးတော်ဝုစန်းမိဘုရားညီအစ်မ-၂ ပါးတို့

ထုပါရာမစေတီတော် - ၂၁ဂူဘုံ။ အရှေ့အနောက်ပြိုင်၍ တည်တော်မူသည့်ငါးထပ်ကြီးဘုရားအနီးမှာရှိ၏၊ တည် သောသက္ကရာဇ်ကား ၈၀၈-ခုနှစ်တည်း။ နောက်မှည် အစ်မဘုရားဟု အများခေါ်ဝေါ်ခဲ့ကြသည်မှာ ယခုတိုင် ဖြစ်သတည်း။

## စစ်ကိုင်းဝန်မင်းကိုးကွယ်သောမင်း ကျောင်းတိုက်တွင်းရှိလေးမျက်နှာ ရွှေဂူကြီး ဘုရား သမိုင်းဘွဲ့ တေးတပ် ၈၀-ပေါ်။

သက္ကရာဇ်ရှစ်ရာ့ကျော်ကာလက၊ ရှေးဦးအစပွင့်ထွန်း စည်၊ အင်းဝနေပြည် အမတ်တည်သည်၊ ခြောက်မည် ရောင်ရှိန် ထိန်ထိန်လှ၊ သံဃပမြတ်လေးဆူ၊ စံနန်း ရွှေဂူတင့်ထွန်းသပ္ပာယ်စွ၊ တထောင့်နှစ်ရာ့ လေးဆယ် ကျော်မှာ၊ တန်ခိုးထင်ပေါ်တပန်ကြွ၊ ပဉ္စမသင်္ဂါရာဇ်နှ၍၊ ညာခုံးတမျှပွင့်နှစ်ရည်၊ စစ်ကိုင်းဓမ္မယျာနယ်အလုံးဘုံ၊ ထားရုံးပိုင်တဲ့ မတ်ဝန်ထပ်၍တည်၊ ဘုံးရဏ် မြင့်တဲ့ ငါးမာရ်နည်မှာ၊ ခြောက်ပါးရောင်ခြည်ထိန်ထိန်ကြွလို့၊ သတင်းကျွတ်လ နတ်တောင်မာသာ၊ နှစ်ပွဲခြိမ့်ခြိမ့်ညာ၊ ဆွဲတော်နာမမွေးလှိုင်ဖြာတယ်၊ လေးမျက်နှာရွှေဂူကြီး တဲ့လေး၊

........



ခါငံတောင်တရားပုံတော်
စိုးမင်းဗိမလာဒေဝီကောင်းမှု၊

ထူပါရာမစေတီတော် - ၂ဆူကို။ အရှေ့အနောက်ပြိုင်၍ တည်တော်မူသည့်၊ ငါးထပ်ကြီးဘုရားအနီးမှာရှိ၏၊ တည်သော သက္ကရာဇ်ကား ၈၀၈–ခုနှစ်တည်း၊ နောက်မှညီ အစ်မဘုရားဟု အများခေါ်ဝေါ်ခဲ့ကြသည်မှာ ယခုတိုင် ဖြစ်သတည်း၊

## စစ်ကိုင်းဝန်မင်းကိုးကွယ်သောမင်း ကျောင်းတိုက်တွင်းရှိလေးမျက်နှာ ရွှေဂူကြီး ဘုရား သမိုင်းတွဲ တေးတပ် ၈၀–ပေါ။

သက္ကရာဇ်ရှစ်ရာ့ကျော်ကာလက၊ ရှေးဦးအစပွင့်ထွန်းစည်၊ အင်းဝနေ့ပေတီ အမတ်တည်သည်၊ ခြောက်မည့် ရောင်ရှိန် ထိန်ထိန်ဖျာ၊ သံရံ ပမြတ်လေးဆူ၊ စံနှန်း ရွှေဂူတင့်ထွန်းသမွာယ်စွ၊ တဆောင့်နှစ်ရာ့ လေးဆယ် ကျော်မှာ၊ တနိုးထင်ပေါ်တပန်ကြွ၊ ပဉ္စမသင်္ဂါရာဇ်နှ၏၊ ညာရုံးတမျှပွင့်နှစ်ရည်၊ စစ်ကိုင်းဧယျာနယ်အလုံးဘုံ၊ ထားရုံးပိုင်တဲ့ မတ်ဝန်ထပ်၍တည်၊ ကိုးရာဇာ ဖြင့်တဲ့ ငါးမာရ်နည်မှာ၊ ခြောက်ပါးရောင်ခြည်ထိန်ထိန်ကြွလို့၊ သတင်းကျွတ်လ နတ်တော်မာသာ၊ နှစ်ပွဲမြိုင့်မြိုင့်ညာ၊ ဆွဲတော်နာမမွေးလှိုင်ဖြာတယ်၊ လေးမျက်နှာရွှေဂူကြီး တဲ့လေး၊

ရှည် အမည်များလို့၊ ဆင့်ပွါးခေါ်ကြ ထက်ဝန်းကျင်၊
နောက်မှာဘဘန့်စိတ်ပုတီးဟု၊ ဘွဲ့ချီးကျောင်းတိုက်တွင်၊
ရှစ်မြှောင့်တင့်လှစေတီရှင်ကို၊ ကျောင်းဝင့်ဝါသက္ကရာဇ်၌၊
အသစ်ထပ်လို့ ပြင်ဆင်တည်ထောင်၊ ဝဲ့နှင်းဦးရွှေတောင်
နောက်မှဆင့်လို့ တဘွဲ့ပြောင်းသည်၊ ရန်မျိုးပယ်ရှောင်
ရွှေတောင်ကုန်းတဲ့လေး။

—o—

## အထက်ပါတေးထပ်ကိုအစခိ ပွါယ် ဖော်ပြချက်။

သက္ကရာဇ်၏ တထောင့် ခြောက်ဆယ် ကျော်တွင်စစ်ကိုင်းအစေခံရွာအနောက်ဖွန့်ဝယ်၊ အင်းဝမြို့ဘုရားမင်းထိပ်ပန်းသည် ကျောင်းနှင့် စေတီကို တည်တော်မူ၍ ရေသွန်းကျောင်း ရေသွန်းဘုရား သမုတ်တော်မူသည်၊ ကာလရှည်မြင့်သောအခါ စိတ်ပုတီးဟုအမည်ပြောင်းလေသည်၊ရှစ်မြှောင့်ချီးတည်သောအထက်ပါစေတီကို ၁၂၄၄-ခုဘွင် အသစ်တဖန် ဝဲ့နှင်းကြီးဦးရွှေတောင်က ပြင်ဆင် ပြုလုပ်လေသည်၊ နောက်ဆုံး အမည်တော်မှာ ရွှေတောင်ကုန်းဘုရားဟုခေါ်ဝေါ်ကြသတည်း။

# ဗုဒ္ဓဘုရားသမိုင်းဘွဲ့ တေးထပ် ၈၀-ပေါ်။

ကိုးရှဉ့်ကိုးဆယ်ကျော်ပဥ္စမှာ၊ဗုဒ္ဓါးနာမစိန့်လဲ့လာ၊ မွေပေါင်းဓာတ်မြတ်စံပျော်ပါသည်၊ နှုဒိဇရောကမ်းနှဖူး၊ သါလွှန်မင်းမြတ်လက်ထက်တော်မှာ၊ဗုဒ္ဓါးတွင်ခေါ်အမတ်တည့်ခဲ့ဦး၊ ရုပ်ပွားတော်မြတ် လျှန်သပွာယ်သည်၊ ရောင်ခြည်ခြောက်သွယ်ကွန့်ကွန့်မြူး၊ တလလေးကြိမ် နတ်တို့မှုး၊ ဂုဏ်ထူးပရမတ္ထတ်မှန်ကျ၊ ကာလ မြင့်ရှည်ပျက်သမျှကို၊ ရွှေစင်ခဲကာ၊ပေါင်းစပ်ထပ်မံထူ၊မာရာဇိန်မြတ်မှန်ကူကို၊မေါ်ကွန်းတင်ဝှါမတ်မိရအောင်၊မြဉောင်စံပသူတော်သရာ၊သမိုင်းစိကု်းမှာ၊ဗဟုသုတပွားဘို့ရာကို၊သေသေချာချာမှတ်သားတော့ကွဲ့လေး၊

—၀—

# အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဘော်ပြချက်။

သာလွှန်မင်းတရား ကြီး၏အမတ် ဗုဒ္ဓါးကျန်းတော သည်သက္ကရာဇ် ၉၉၅ခုတွင် ဗုဒ္ဓါးဘုရားကို စစ်ကိုင်း အစေခံရွာအနောက် တခေါ်ခန့်တွာ ရောဂတ်မြစ်ကမ်း နဖူးတွင် တည်ခဲ့လေသည်၊ တလလေးကြိမ် နတ်တို့ ပူဇော်လာကုန်သည်၊ရှိရှင်းပျက်စီးခဲ့လေသမျှကိုလည်း

ရွှေစင်ခဲရုပ်သူရုပ်သားတို့က ကြည့်ရှုဖြင်ဆင်ပြုလုပ်ကြသတည်း၊

—၀—

## စကြိုမုဒ္ဒေါဘုရားသမိုင်းအဲ့ တေးထပ် ဂစ-ပေါ်။

စကြိုကမ်းငှ ရွှေမုဒ္ဒေါမှာ၊ ဓမ္မာသောက မင်းနွှာ၊ ခြောက်ရာ့ ရှနှစ်ဆဲ့ လေးရှသာမှာ၊ စောယွမ်းသနိယာ အမိသားရေတီသ ခြောက်ကိုးကွယ်တည်သည်၊ ခြောက်ပါးရောင်ခြည်ထွန်းလင်းထိန်ထိန်ကြွား၊တထောင့်နှစ်ဆဲ့ခြော်ကျော်ခုမှာ၊သတိုးတွင်ခေါ်မင်းခေါင်များ၊သိရိဒေဝီမိဘုရားက၊သုံးကြိမ်ထပ်ပွါးဖြင်ခဲ့သည်၊တထောင့်တရာငါးဆယ်တစ်မှာ၊လေးကြိမ်အသစ်ရွှေတောင်ဗလတည်ခြောက်ဆဲ့ သုံးတောင်ဘိုနပ်စီသည်၊ ရပ်တောင်မြင့်ရှည်ငါးဆဲ့တစ်ပ၊ သက္ကရာဇ် တထောင့်နှစ်ရာ့လေးဆယ်၊ နှစ်ခုစွန်းခါ ဝသ်၊ တွင်းဝန်ဖျောသင်းငါးဆင့်ခြယ်တယ်၊ တန်းရူးလဝယ်ဆွမ်းပွဲစည်ဖော်လေး၊

## အထက်ပါတေးထပ်ကိုအခေါ်ပွါယ် ဘော်ပြချက်။

ရောဝတီကမ်းပျေမှာသိရိဓမ္မာသောကမင်းကြီးသည် စကြိုမုဒ္ဒေါဘုရားကို တည်တော်မူခဲ့၏၊ သက္ကရာဇ်

-၆၇၄-ခုတွင်အသင်္ချိယာစေတီယွမ်း သားမယ်တော်တို့ ဒုတိယ ပြင်ဆင် ပြုလုပ်တည်ထား တော်မူပြန်သည်။ သက္ကရာဇ်-၁၀၂၆ ခုကျော် အခါသို့ ရောက်ပြန်လျှင် သတိုးမင်းခေါင်၏ မိဘုရား ဘိဓိရိဒေဝီသည် တတိယ အကြိမ် ပြင်ဆင်တော်မူသည်၊ ၄င်းနောက်-၁၁၅၁-ခုတွင်-၄-ကြိမ်မြောက် ရွှေတောင်ဗလအမတ်ကြီး ပြင်ဆင်ပြုလုပ်၍။၁၂၄၂-ခုတွင်-၅-ကြိမ်မြောက် ဖျာသင်း အတွင်းဝန်မင်းကပြင်ဆင်ပြုလုပ်ခဲ့သတည်း။

—၀—

## ပြင်မှုရွှေဘ-ဇ ဆုအခ၀င်ရန်အောင်မြင် ဘုရားသမိုင်းတွဲ တေးထပ်-၈၀-ပေါ်။

နဒီရေယဉ်မြလျှံမြူးသည်၊ ဓေယျာကမ်းဦးပျံ့ပျူးသာ၊နက်သန့်ဘုန်းပထဗျာဝယ်၊ အသောကရာဇာတည်ခဲ့ရင်း။ဘွဲ့တော်နာမရန်အောင်မြင်သုံးဘုံထွတ်တင်တန်ခိုးထိန်လို့ဝင်း၊ ခုနစ်ရာနှစ်ခုကောဇ်နှခါဝယ်။ စစ်ကိုင်းရာဇာကျစွာမင်း။ထပ်မံပြုပြင်နှစ်ကြိမ်ဝင်းတယ်။အင်းဝမိုးညှင်းနရိန္ဒာ။ အဋ္ဌနဝါ သတ္တာနှစ်မှာ၊ တပန်သုံးဖြစ်သစ်၍ကြည်ညိုပါ၊တထောင့်နှစ်ရာ့ဆဲ့ရှစ်ခါမှာ၊ ကြည်ရွှင်သဒ္ဓါစေတနာမောက်သို့၊ ဝန်ထောက် တော်ကြီးဦးအိုပြုပြင်၊ လေးဆင့်သမိုင်းဝင်။ ဘုရားကလည်း ရန်အောင်မြင်။တဘာကလည်းရန်အောင်မြင်၊ရန်ကုန်ရန်စင်ရန်ငြိမ်းရန်သွင့်လေး။

## အထက်ပါဒေါးထပ်ကိုအခေါ်ပွဲါယ် ဖော်ပြချက်။

စစ်ကိုင်းမြို့ရောဝတီကမ်းအနီး ဘူမိနက်သံမြေကြွန့် ကောင်းမြတ်သော နေရာဝယ်သိရှိမှောသောကမင်းကြီး သည်၊ ဖြစ်ရမွှော-၉-ဆူအဝင် ရန်အောင်မြင် ဘုရားကို တည်ထားတော်မူခဲ့ရာ။ ၇၀၂-ခုသို့ ရောက်သောခါ ဝယ် စစ်ကိုင်းဘုရင်ကျစွာမင်း ထပ်မံပြင်ဆင် တော်မူ သည်၊ ၇၉၈-ခုတွင်လည်း မိုးညှင်းမင်းတရားကြီးဘုရား သည်လည်း ပြင်ဆင် တော်မူ ပြန်သည်၊ ၄င်းနောက် ၁၂၁၈-ခုသို့ ရောက်ပြန်လျှင် ဝန်ထောက် တော်မင်း ဦးအိုက-၄-ကြိမ် မြောက် ပြုလုပ် ပြင်ဆင် ခဲ့ကြသ တည်း။

## လေးကျွန်းမာရ်အောင်ဘုရားသမိုင်း ဘွဲ့-ထေးထပ် ၈၀ ပေါ်။

ဧရာဝတီနလာရှမှာ၊ ရေယဉ်ညီညီမြမြစ် ကမ်းသာ။ နက်သံဘုမ္မိသိခရာမှာ။ ခြောက်ရောင်လျှံ ဖြာတဝင်းနင်း စစ်ကိုင်းစံပဆင်ဖြူရှင်သည်။ သဉ္ဇာကြည်လင်မဆွတည် ခဲ့ရင်း၊ သဏ္ဌာရာဇ်ခုနှစ်ရှာဆဲ ငါးသါမှာ။ ပြီးကြွယ်တော့ဝါ ဝေရာရှင်း၊ ပုလဲစိန်ရောင်ပြောင်ပြောင်ဝင်းတဲ့၊ ကျော်သ၊

သလင်းကိုယ်စားတော်၊လိုက်နန်းရွှေရှု စံပျော်ပတယ်၊ သပ္ပါယ်စွာလှ လူနတ်ညွှတ် ပူဇော်။ လေးကျွန်း မာရ်အောင်ရွှေဘုံတော်သည်၊ ဆွမ်းပွဲလှူတော်ခါသမယမှာ၊ သစ်ဆင်းမာသဆန်းအဋ္ဌမီ၊သာဓုကောင်းချီးချီ၊ပွဲပေါင်း ပျော်တဲ့ တော်စေတီကို။ သရိုင်းဖွဲ့စိ နှောင်သိစေတ္တ လေး။

## အထက်ပါတေးထပ်ကို အဓိပ္ပါယ် ဖော်ပြချက်။

စစ်ကိုင်းတောင်ရိုး သရက်ပင်ဆိပ်အနီး ဧရာဝတီ မြစ်ကမ်းနဖူးမှာ၊ လေးကျွန်း မာရ်အောင် ဟူသောဘွဲ့ တော်နှင့်စေတီတော်ကြီးကို စစ်ကိုင်းဘုရင်ဆင်ဖြူရှင် မင်းကြီးသည်သက္ကရာဇ်–၇၁၅–ခုတွင် မုတ်လိုဏ်ဂူနှင့် တည်တော်မူ၍ ကျောက်သလင်းဖြူ ဆင်းတုတော်ကြီး ကိုသွင်းထားပူဇော်တော်မူခဲ့ရာ၊တော်သလင်းလဆန်း ၈-ရက်နေ့တွင် ဆွမ်းချပွဲတော်များကို တင်လှူပူဇော် လေ့ရှိကြသတည်း။

ရှင်းလင်းချက်။ ။မှန်နန်းရာဇဝင်တော်ကြီးတတိ ယအုပ်စာမျက်နှာ ၃၇၂-တွင် အင်းဝစံ တနင်္ဂနွေမင်း သည်၊သက္ကရာဇ်–၁၀၈၃–ခုနှစ်လောက်က လေးကျွန်း မာရ်အောင်ဘုရားတည်သည်ဟု အဆိုရှိသည်မှာ အေဝံ ပါအတိုင်း ဖြစ်၏။ ။ထိုနှစ် စစ်ကိုင်း မြစ်ဆိပ်တွင်၊ ကျောက်ဖြူရုပ်ထု သွန်းပြီးလျှင် စေတီတည်၍၊ လေး

ကျွန်းမာရ်အောင်သရတ်တော်မူ၏၊ထိုစေတီကားဘုရား
သခင်ရောက်သောကာလတရားဟော၍၊ဘီလူးကိုးကျိပ်
ကိုးယောက်တို့အသော တာပန်တည်ရာအရပ်ဖြစ်၍၊ သော
တာပန်ဘုရားဟု ခေါ်ဝေါ်ကြ၏၊ ဟူ၍ပါရှိ လေသည်။
ဘီလူး-၉၉-ယောက် တို့၏ ကျောက်ရုပ် များလည်း
ဘုရားလိုဏ် အတွင်းမှာတွေ့ရ၏၊ ညောင်ပင်သာဆရာ
ကြီးသမိုင်းတေးထပ်နှင့်ထပ်သောအချက်များမှာ၊ ဘုရား
ဘွဲ့တော်ချင်းတူသည်၊ ဧရာဝတီကမ်းစ အဆိုချင်းညီ
သည်၊ ဆင်ဖြူရှင် ကောင်းမှုဟူသော အချက်လည်းညီ
ညွတ်သည်၊ကျောက်ဖြူဆင်းတုတော်ရှိခြင်းလည်းထပ်
သည်၊ သို့ရာတွင်တေးထပ်ဆရာ၏ စစ်ကိုင်းဆင်ဖြူရှင်
မှာ၊ဆင်ဖြူရှင် တရုတ်များငယ်ဖြစ်၍သက္ကရာဇ်၇၁၁-ခု
တွင် မင်းဖြစ်သူတည်း၊ ရာဇဝင်အဆို ဆင်ဖြူရှင်မှာ၊
အင်းဝတွင်သက္ကရာဇ်-၁၀၇၆-ခုတွင် နန်းတက်၍ပုဂံ
မြို့မှဆင်ဖြူငယ်ကိုရသောကြောင့်ဆင်ဖြူရှင်ခံသောမင်း
တည်း၊ ထိုမင်း ၂-ပါးကာလအချိန်ချင်းနှိုင်းယှဉ်မူ နှစ်
ပေါင်း-၃၀၀-ကျော်ကွာခြားလျက်ရှိ၏၊သို့ရာတွင်မူလ
တည်သူစစ်ကိုင်းဆင်ဖြူရှင်ဖြစ်၍၊ ဒုတိယတည်းပူအင်း
ဝဆင်ဖြူရှင်ဖြစ်သဖြင့်အမှတ်-၂-မျိုး ကွဲလေသလော
ဟုဆင်ခြင်ဘွယ်လည်းရှိ၏၊ သို့မဟုတ်စစ်ကိုင်းဆင်ဖြူ
ရှင်တည်သောဘုရားအခြားပင်ရှိလေသလောဟုဆိုရမှာ
လည်းထိုအမည်တော်နှင့်စစ်ကိုင်းတွင်ရှာမရချေ၊သို့ဖြစ်
ရကား ဆင်ခြင်ထောက်ဆ၍သာ ယူတော် မူကြစေ
ခံသို့၊

## စစ်ကိုင်းမဟာဂါဓေယျာဘုရမြို့အနောက် ရတနာ-၉-ဆူအဝင်။ တိ-၃-တိအဝင် ရတနာမြစည်းခုံဘုရားသမိုင်းဘွဲ့ တေးထပ်-၇၀-ပေါ်။

ရတနာထွတ်ခေါင်ခြောက်ရောင်မြူးတယ်၊ရတနာစံ ဦးနှိုင်းမခြွင်း၊ ရတနာမှန်လွှန်ထင်ပေါ်သည်၊ ရတနာစံ ကျောင်းကုံးရံတည်လူး၊ရတနာဂီရိဘက်မပြူတယ်၊ရတနာ မထူးသုံးဘုံမကိုင်းဖူး၊ ရတနာပဝိစည့်ထွန်းလျှံရဲ့တယ်၊ ရတနာမြစည်းခုံဘဝင်ကြွူး၊ ရတနာပုင်ငါးမောရ် ချူးလို့၊ မှောင်မြူမလူးထွန်းလျှံကြည်၊ ရတနာကုံးဆုစိန်ရွှေယု၊ စစ်ကိုင်းရွာနဓာတ်ပေါင်းမွေတော်စည်၊ ထိပ်မိုးမိဘုရား စဦးတည်သည်၊ သက္ကရာဇ်ရှည် တထောင်မောက်လို့၊ ခြောက်ဆယ်ကျော်ခြောက်ပွင့်ထွန်းချောင်ရုံ၊ ရတနာမြ စည်းခုံ၊ နတ်တော်လပြည့်နှင်းမှုံမှုံဝယ်၊ဆွမ်းပွဲတော် ရုံနှံ့းဆောင်ညွှိလို့၊ရွှေခံဓာတ်ဆရာဦးကျော်ဘုရားတကာ တော်၊ နောင်မှတ်သိတ္တိ သတိဘောင်သည်၊ မြဲညှာင်သူ တော်သမိုင်းတင်ပြလေး၊

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဘော်ပြချက်။

စစ်ကိုင်းမြို့အနောက်ဝယ်သက္ကရာဇ်၁၀၆၀-ကျော် ကာလက အင်းဝ ထီးနန်း ကောင်းစားခိုက် ထိပ်မိုး

မိဘုရားသည် ရတနာ—၉-ဆူအဝင် တီ-၃-တီအဝင် ဖြစ်သော ရတနာမြစည်းခံစေတီတော်ကို တည်တော်မူခဲ့ရာ၊နတ်တော်လပြည့်နေ့တိုင်း ဆွမ်းချပွဲတော်များပြုလုပ်ခဲ့ကြသည်၊ အနေစခံရွာဇာတိဘုရားတကာဦးကျော် ကဝါယမစိုက်ထုတ်၍ လှူဒါန်းသည်ကို သတိရစေရန် ညောင်ပင်သာဆရာကြီးက တေးထပ်သမိုင်း ရေးသား ဖော်ပြခဲ့သတည်း။

—o—

## သမိုင်းတေးထပ်အစရ—ရတနာ-၉-ဆူ

(၁)ရတနာထွတ်ခေါင် (၂)ရတနာစံဦး (၃)ရတနာရှိန်(၄)ရတနာစံကျော် (၅)ရတနာဂီရိ၊(၆)ရတနာမဏ္ဍူ၊ (၇)ရတနာပင်စည် (၈)ရတနာမြစည်းခံ (၉)ရတနာပုံ၊

—o—

## အခြားမှတ်သားချက်ရတနာ ၉—ပါးသရုပ်။

(၁)ရတနာစေတီ(၂)ရတနာဗိမာန်(၃)ရတနာဦး (၄)ရတနာချိန်(၅)ရတနာဂီရိ၊(၆)ရတနာမဏ္ဍူ။(၇)ရတနာပုံ (၈)ရတနာကြီး (၉)ရတနာထွတ်ခေါင်—ဟူ၍ အခ

မှတ်အသားချင်းခြားနားရှိသည်ကိုဆင်ခြင်၍ယူဆတော်မူကြပါကုန်၊

.........

## စကြိုအတွင်းမုဋ္ဌောဘုရားသမိုင်းတွဲ တေးထပ်—၇၀—ပေါ်။

သုနာပရန်၏သည့်တိုင်းကို၊ စစ်ကိုင်း သမိုင်း မော်ကွန်းလာ၊ကကုသံဖိန ပွင့်သောခါဝယ်၊အမည်သညာပိနာသ၊ကောဏာဂမန ရှင်တော်ခါမှာ၊ နေလာတပုံတွဲ၍ခေါ်ဝေါ်ကြ၊ကဿပ သမ္မုန္ဒရွှေပွဲတော်မှာ၊ ပေါ်ပေါ်တွင်ခေါ်ဝေါ်ဟာရ၊ဂေါတ္တမြတ်စွာဂေါတမ၏၊ရွှေလက်ထက်ကရတနာ၊ယဉ်ဝေါဟာတွင်သမိုင်းမှာတော့၊ စစ်ကိုင်းခေါ်ကြ၊ ထက်ဝန်းလွန်ကြေညာ၊စစ်ကိုင်းတည်စ သဒ္ဓယါသဉ်၊ခြောက်ဖြာရောင်ရှိန်ထိန်ထိန်ဝင်းတဲ့၊စကြိုအတွင်းမုဋ္ဌောစိန္တော၊ထပ်မံတည်ခဲ့ပေ၊မွေတော်ဓာတ်မြတ်ကိန်းဝပ်နေသည်၊မာရ်မျိုးပယ်ချွေဘုန်းရှိန်ထွန်းလှလေး၊

.........

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

သုနာပရန္တတိုင်း အဝင်အပါဖြစ်သော၊ စစ်ကိုင်း သမိုင်း အရ ၏ အရပ်ကို၊ ကကုသန် ဘု ရား လက်

ထင်မှာ (ဝိနာသ) ကောဓဏာဂုံ ဘုရားလက်ထက်မှာ၊ (နေလာ)ကဿပ ဘုရားလက်ထက်(ပေါပေါ)ဂေါတမ ဘုရားလက်ထက်တွင်။(ရတနာ)ဟူ၍ တွင်ခဲ့ပြီးနောက်။ ယခုဝေါဟာရမှာ။စစ်ကိုင်းဟူ၍တွင်သတည်း။စစ်ကိုင်း ကိုအစပဌမ တည်တော်မူသော။ အသင်္ချာ စောယွမ်း မင်းသည်၊စကြာအတွင်းရွှေမုဋ္ဌောဘုရားကို။ ထပ်မံတည် ခဲ့ပေသည်ပင်။တေးထပ်အတိုင်းအဓိပ္ပါယ်ရသည်၊ထပ်မံ တည်ဟူသောစကားအရ၊ မူလကတည်ဦးရှိသေးသကဲ့ သို့။အဓိပ္ပါယ်သက်ရောက်သော်လည်း။ မူလတည်ရင်း ကိုမူသော်ပြသဖြင့်မသိနိုင်တော့ပေ။

## တောင်ဘီလာဘုရားသမိုင်းဘွဲ့ တေးထပ်—၇ ဝ—ပေါ်။

တိပိဋကာလင်္ကာရဟု။ဘွဲ့တော်နာမကျမ်းတတ်ကျော်၊ ဇမ္ဗူပတ်ကုံးကျွန်းလုံးပေါ်သည့်၊မြတ်ဆရာတော်မထေရ် များ၊တထောင်ကသုံးရကျော်မှာ၊ခတ်မွေ့စံပျော်ကိန်းပို့ တည်ခဲ့ထား။တောင်ဘီလာဟုရွှေဘွဲ့တွင်သည်၊ ငါးမာရ် ပယ်နှင်ခြောက်ရောင်ကြွား၊တန့်ခိုးတေဇောင်လွန်ထင်ရှား သည်။နတ်သားနတ်သမီးကြည်သဒ္ဓါ၊ တလလေးကြိမ်ဖုံ့မ ခမ်းတယ်။ နတ်သုဒ္ဓါဆွမ်းတင်ကပ်ပူဇော်ဟော။ သာလွန် မင်းလည်းပြုတည်ပါသည်။ရွှေကိုင်းဇေယျာ ပြည်သူအ ပေါင်းတို့ညွှတ်ပြောင်းကြည်ဖွဲ့သဒ္ဓါးပျော်ပျော်၊ ရှိခိုးတင်

ပူဇော်၊ ဝါဆိုမာသရှစ်ရက်ကျောင်မှာ၊ ဆွမ်းပွဲ ရွှင်ပျော် ဘုန်းဒါနကာပလေး၊

## အထက်ပါတေးထပ်ကို အခါမှုပါယ် ဖော်ပြချက်။

တိပိဋကာလင်္ကာရ တံဆိပ်နာမံ ခံတော်မူသော၊ ကျမ်းဂန်တတ်အကျော်၊ ပဌမ တောင်ဘီလာဆရာတော် ဘုရားကြီးသည်၊ သက္ကရာဇ်-၁၀၀၃-ခုတွင်၊ တောင်ဘီလာဘုရားကို တည်တော်မူသည်၊ တလ လေးကြိမ် နတ်တို့ဆွမ်းကပ်ပူဇော်လာကုန်သည်၊ သာလွန်မင်းတရားကြီးလည်း၊ ထပ်ပြုကိုးကွယ်တော်မူသည်၊ စစ်ကိုင်းမြို့သူ-မြို့သားတို့၊ ဝါဆိုလပြည့်ကျော် ရှစ်ရက်နေ့မှာ၊ ဆွမ်းတော်ကပ်လှူ၊ ပူဇော်လေ့ရှိခဲ့ကြသတည်း၊

### တောင်ဘီလာဆရာတော်၏အတိဘ်တာဘဝ ဆီးတော် ဆရာတော် ဘုရားကြီး အကြောင်း။

ရှေးအထက် သက္ကရာဇ်-ဂ၀၀-ကျော်၊ ဒုတိယမင်းခေါင် လက်ထက်ဆီက၊ ထင်ရှားစွာသော၊ ဆီးတောဘုရင့်ဆရာသည်၊ စလင်းမြို့ အသည်ကြီးသားဖြစ်သည်၊ ခင်းခေါင်ညီတော်သတိုးကျော်စွာ၊ စလင်းမြို့စားအဖြစ်နှင့်၊ စလင်းမြို့မှာ စံတော်မူစဉ်၊ သတိုးကျော်စွာ ၏

မိဘုရားသည်၊ထိုအသည်ကြီးသား၊ ငါးနှစ်ရွယ်ကိုယူ၍ မွေးစားတော်မူသည်၊စလင်းတွင် သတိုးကျော်စွာနတ်ရွာစံသည့်နောက်၊သားဘွဲ့တရလုံးကိုခေါ်၍၊ မိဘုရားအဝသို့လာရာတွင်၊ထိုအသည်ကြီးသားလည်း ပါသည်၊ အရွယ်သို့ရောက်လျှင်၊မိဘုရားက၊ရဟန်းပဉ္စင်းပြု၍၊ စာပေကျမ်းဂန်တတ်မြောက်သောအားဖြင့်၊ထင်ရှားကျော်စောလှသည်ဖြစ်၍၊ ဒုတိယမင်းခေါင်လည်း၊ ကိုးကွယ်တော်မူသည်၊နောက်သားတော်ရွှေနန်းကြော့ရှင်၊ ဘုရင်နရပတိလည်း၊ မင်းဝံလေးထပ်မြေရာတွင်၊ ရွှေကျောင်းဆောက်လုပ်၍တင်လှူတော်မူသည်၊ ကျောင်းတော်ပတ်လည်ဆီးပင်များ၍၊ဆီးတောရွှေကျောင်း၊ဆီးတောဆရာဟုတွင်သတည်း၊သက္ကရာဇ် ၈၈၈-ခု၊ ရှမ်းသိုဟန်ဘွားကြီးစိုး၍၊ အဝတိမ်းယိမ်းလျှင်၊ မိုးညှင်းစလုံ၏ သားသိုဟန်ဘွား၊ခုနန်းဘောင်ခံမှုဝင်းသား၊မိုးဗြဲစား စစ်ကိုင်းနရပတိ၊ ဤမင်းသုံးဆက်တို့ စိုးမိုးစဉ်အခါ၊ နှစ်ပေါင်း ၂၅-နှစ်တွင်၊သိုဟန်ဘွားလက်ထက်၊ ဆီးတောဆရာကို၊ခုနန်းဘောင်စော်ဘွားကပင့်ဆောင်၍ခုနန်းပေါင်မင်းဆရာဖြစ်လေသည်၊ခုနန်းဘောင်ခံမှုဝင်းသား၊ မိုးဗြဲစားအဝမှာဆင်း၍မင်းပြုလာသည်တွင်လည်း၊ ခုနန်းဘောင်ကပင့်ခဲ့၍၊ အဝမှာပင် ကိုးကွယ်သည်၊ ၉၁၆-ခုနှစ်ဟံသာဝတီ ဆင်ဖြူများရှင်သိမ်းတော်မူ၍ စစ်ကိုင်းနရပတိ ဟံသာဝတီသို့ ပါသည့်နောက်၊ အဝကိုညီတော်သတိုးမင်းစော မင်းပြုရသည့် ကာလလည်း၊ သတိုးမင်းစောကိုးကွယ်တော်မူသည်၊ သတိုးမင်းစော လက်

ထက် ၉၃၁-ခုတွင် ဆီးတောဆရာပျံလွန်တော်မူလေသည်။ ဤသို့ဘုရင်မင်းခြေခံဆက်တိုင်အောင် ဆရာချည်းဖြစ်၍ ဆီးတောဘုရင်ဆရာဟုတွင်လေသည်(ဆီးတောဆရာ၊ ဆီးတောရွှေကျောင်းဆရာ၊ ဆီးတောဘုရင်ဆရာဟုအမည်သုံးပါးတွင်သည်ဆိုလိုသည်)

## ဆီးတောဘုရင်ဆရာဝင်စားသော ပဌမတောင်ဘီလာဆရာတော်ဘုရားကြီးအကြောင်း။

ဆီးတော ဆရာတော် ပျံလွန်တော် မူသော အခါ၊ စလင်းမြို့မှာ တောင်ဘီလာ ဂုဏ္ဍိုလ်ကျော်၏ မယ်တော်ကို၊ ငါဆီးတောဘုရင် ဆရာဝင်၍နေမည်ဆိုလာသည်ဟု၊မယ်တော်အိပ်မက်မြင်လေသည်နှင့်သန္ဓေနေ၍ဆယ်လမြောက်လျှင်၊ သက္ကရာဇ် ၉၄၀တွင်ကြာသပတေးနေ့ ဘွားမြင်တော်မူသည်။ ထို့နောက် တဆဲ့သုံးနှစ်ရွယ်ရှိလျှင်၊ရှင်ပြု၍ စာပေသင်သည်။ဟံသာဝတီ ငါးဆူဒါယကာသားတော်မင်းကြီးနှောင်းပင့်၍ ပြည်မြို့သို့ရောက်လျှင်၊သာမဏေကျော်ဟုထင်ရှားသည်။၉၅၄-ခု သက်တော်—၁၅ နှစ်ရွယ်တွင် ဝေသာလီရာဇ်ပုဂ္ဂိုလ်ကို စပ်ဆိုတော်မူသည်။ ၉၅၉—ခု ရန်နိုင်မှူးမင်း ဖြစ်သည့်နှစ် ပြည်မြို့တွင် ရန်နိုင်မှူးကာပန္နွင်းခံသည်။အနောက်ဘက်လွန်မင်းတရားတိုက်၍ပြည်မြို့ပျက်သည့်နောက်အဝသို့ ပင့်

ဆောက်၍ ၎င်းမင်းတရားပင် ကိုးကွယ်တော် မူသည်။
တောင်ဘီလာပုဂ္ဂိုလ်ကျော်ကား။ ပြည်မြို့မြောက် နဝင်း
ရွှေကျောင်း။ဝိပုဋ္ဌရောက်ရှင်အတုလစံသအနွယ်တော်
တည်း။ ပြည်မြို့နဝင်းရွှေကျောင်း၌ သတင်းသုံးနေတော်
မူကတည်းကပင်ကျမ်းဂန်အလွန်တတ် မြောက်တော်မူ
၍ ပြည်ပဋ္ဌင်းကျော်ဟုကျော်စောထင်ရှားတော်မူသည်။
ပဲခူးသို့မင်းတရားရန်သောအခါလည်းပဲခူးသို့ပါရသည်။
၉၇၇-ခုတွင် ညီတော် စလင်းမြို့စား မင်းရဲကျော်စွာ
သုံးကြိမ်တင်လျှောက်မှ၊မင်းရဲကျော်စွာက ကိုးကွယ်ရ
သည်။ ၉၇၉-ခု စစ်ကိုင်းမြစ်နားလေးထပ်ကျောင်းကို၊
မင်းရဲကျော်စွာဆောက်လုပ်သည်၊၉၈၃-ခုထိုကျောင်း
ကိုတင်လှူတော်မူသည်၊တိပိဋကာလင်္ကာရတံဆိပ်နာမံ
လည်း။ သာလွန်မင်းတရားကြီးလက်ထက်တွင် ပေးအပ်
တော်မူသည်။အနောက်ဘက်လွန်မင်းတရား ပြည်မြို့က
ပင့်ဆောင်ခဲ့၍အဝသို့ရောက်တော်မူလျှင်၊မဟာမြတ်မုနိ
အရံတွင် သုခမ္ဗာစရပ်၌ နေတော်မူသည်။ ထိုကာလ
လေးထပ် ကျောင်း မဟာသံဃာနာထ ဆရာတော်ကို
သာသနာပိုင် အပ်တော်မူသည်။ စာပေကျမ်းဂန်လည်း
တတ်မြောက်လှသည်ဖြစ်၍တောင်ဘီလာပုဂ္ဂိုလ်ကျော်
လည်း ဆည်းကပ်၍ ကျမ်းဂန်ဆွေးနွေး တော်မူသည်။
ဆရာတော်လည်းအလွန်နှစ်သက်တော်မူသည်။

# ပြည်ပဋ္ဌင်းကျော်နှင့် အဝပဋ္ဌင်းကျော်

ထိုအခါ အဝတွင် အရိယာလင်္ကာရသည်၊ကျမ်းဂန် အလွန်တတ်သသူအဝပဋ္ဌင်းကျော်ဟု ကျော်စော ထင်ရှားသည်၊ တောင်ဘီလာဗုဒ္ဓိယလ်ကျော်လည်း ကျမ်းဂန် အလွန်တတ်သသူပြည်ပဋ္ဌင်းကျော်ဟုအလွန်ကျော်စော ထင်ရှားသည်၊ သိက္ခာဝါလည်းခုနစ်ဝါစီသာရကြသည်။ ပြည်ပဋ္ဌင်းကျော် ရောက်လာကြောင်းကို၊ အဝပဋ္ဌင်း ကျော်ကြားရ၍၊ တောတွင်းမှာသာကျော်လိမ့်မည်။မင်းနေ ပြည်မှာ မကျော်လေရာဟု အဝပဋ္ဌင်းကျော်က၊ ဘား တမော့ ဆရာတော်ထံပြောဆိုလျှင်၊ မပုပ်ဘဲကိုမပေါ်၊ မဟုတ်ဘဲကိုမကျော်ဟူ၍ သူဟောင်းတို့ ဆိုရိုးရှိသည် မဟုတ်ဘဲကို ကျော်ဘိမည်လော၊ ဘားတမော့ ဆရာ တော်ဆိုသည်၊ ပညာရှိရောက်သည့်ကို သွား၍ ပြော ဟောလည်ဆယ်ချင်သည်ဆိုပြန်လျှင်၊ ကိုယ်တိုင်သွား ၍မသင့်အာဂန္တုက ဖြစ်ပလေသည်။အကြောင်းကို သိ လိုလျှင်ဂါထာဗန္ဓဖွဲ့စီ၍ မေးသော်သိရတော့မည်ဘား တမော့ဆရာတော်ဆိုသည့်အတိုင်းအဝပဋ္ဌင်းကျော်က တွေ့မြင်ချင်ကြောင်း သိက္ခာဝါအသက် အရွယ် မည်မျှ ရှိကြောင်းကိုဂါထာဗန္ဓဖွဲ့၍ မေးသည်။ပြည်ပဋ္ဌင်းကျော် ကလည်းတွေ့မြင်ချင်ကြောင်း သိက္ခာဝါအသက်အရွယ် မည်မျှရှိကြောင်းများကိုဂါထာဗန္ဓ ဖွဲ့၍ဖြေသည်(ဗုဒ္ဓိယ် ကျော် ၂ ပါးအမေးအဖြေဟု စကားစဥ်ပင်ရှိသည်)

# ပုဂ္ဂိုလ်ကျော် ၂ ပါး တရားစစ်ဆိုးခန်း။

ပဥ္စင်းကျော် ၂ ပါးအကြောင်းကို၊ အနောက်ဘက်လွန်မင်းတရားကြီးတော်မူ၍၊ ပဥ္စင်းကျော် ၂ ပါးနှင့်၊ သည့်ဖြင့်ကျမ်းဂန်တတ်သောပုဂ္ဂိုလ်တို့ကို၊ လေးထပ်ကျောင်းတော်မှာ ဆရာတော်ကြီးရှေ့ လည်းဆယ် ပြောဟောကြရသည်၊ ဓါတုကထာဒိုကာကိုပြောဟောကြရာတွင် အဝပဥ္စင်းကျော်ကို ဖြည့်ပဥ္စင်းကျော်က ၂ ကြိမ်သာပလေသည်ဟု လေးထပ်ဆရာတော်ကြီးမိန့်တော်မူသည်၊ ပရိသတ်အစည်းအဝေးကြီးတွင်လည်းလေးထပ်ဆရာတော်ကြီး၍ သို့ဆိုစမှတ်ပြုတော်မူသည်၊ ဂဏ္ဍဏ္ဍရနှင့်စပ်သည်ကို၊ တိပိဋကာလင်္ကာရကိုမေးလျှင်၊ ဝါးခွဲသကဲ့သို့ရှိပေသည်၊ ဝိဂြိဟ်ဝစနတ္ထနှင့်စပ်သည်ကို။ အရိယာလင်္ကာရကိုမေးလျှင်၊ မိုးသေး မိုးဖွဲ့ကျသကဲ့သို့ ရှိပေသည်ဟု၊ ပုဂ္ဂိုလ် ၂ ပါး သတ္တိအထူးကို ဆိုစမှတ် ပြုတော်မူသည်၊ သာလွန် မင်းတရား လက်ထက် ရောက်မှ၊ ဖြည့်ပဥ္စင်းကျော်ကို၊ တိပိဋကာလင်္ကာရ၊ အဝပဥ္စင်းကျော်ကို၊ အရိယာလင်္ကာရတံဆိပ်လှူတော်မူသည်၊ အဝပဥ္စင်းကျော်အား၊ ကောင်းမှုတော်ကြီး ဒက္ခိဏာဝန်ကျောင်းကိုတင်လှူတော်မူမည်ခန့်ရန်တော်မူသည့်ကို၊ မတင်မီခင် လွန်လေ၍၊ ကျမ်းဂန်တတ်သောတပည့်ရင်းပုဂ္ဂိုလ်ကို၊ အရိယာလင်္ကာရတံဆိပ်အပ်၍တင်လှူတော်မူသည်။ ။

# တောင်ဘီလာဆရာတော်နှင့် မန်းစက်တော်ရာ ၂၈ဆူ အကြောင်း

သာလွန်မင်းတရားကြီးလက်ထက်တွင်–ဘိဗိုဒ္ဓကာလင်္ကာရမည်သော၊ တောင်ဘီလာဆရာတော်။ အနန္တဓဇဆရာတော်၊ အရိယာလင်္ကာရဆရာတော်။ တိလောကာလင်္ကာရ ဆရာတော်တို့သည်၊ နှစ်ပေါင်းများစွာ ဖွေရှာ၍မတွေ့၊ တိမ်မြုပ်၍နေသော၊ မန်းစက်တော်ရာ ၂၈ဆူကို၊ ရှာဖွေရန်မင်းထံစာသွင်း၍၊ မင်းဘုန်းမှတောအုပ်တောင်ကမ်း တက်သက်ရှာဖွေတော်မူကြရာ၊စက်တော်ရာအနီး၊ မရှက်ရွာတွင်၊ ခေတ္တနားနေ ကိန်းစက်တော်မူကြခိုက်။တောင်ဘီလာဆရာတော်အိပ်မက်မြင်တော်မူသည်မှာ-လူတယောက်သည်။ခွေးနက်ကြီးတကောင်နှင့် လာပြီးလျှင်။ ဘုန်းကြီးတို့ လာကြသည်ကား၊ တောအုပ်တောင်ကမ်းကြီး၍၊သစ်ကျွဲသားရဲဘေးအန္တရာယ်ထူပြောလှသည်၊ အဘယ်ကြောင့် ကြွလာတော် မူကြသနည်းမေးရာ၊ဆရာတော်က၊ငါတို့ကား ဘုရားသားတော်ဖြစ်သည်၊ဤဒေသ၌ရှိသော။ ဘုရားရှင် ခြေတော်ရာ ၂၈ဆူကို၊ ရှေးမင်းတို့သွားရောက်ပူဇော်ကြောင်း။ စာဟောင်းစာတမ်းရှိသျက်၊နှစ်ပေါင်းများစွာ တိမ်မြုပ်နေသည်ကိုရှာဖွေပူဇော်မည်လာသည်ဟု ပြောပြရာ။ ဒါယကာက–ခွေးနက်ကြီးဝင်ရာတောသို့လိုက်လျှင်၊ တွေ့လိမ့်မည်ဟုပြောပြီးနောက်၊ နိုးလတ်သဖြင့်-ဆရာတော် ၃ပါးအား

ပြောဆိုရာ၊ဗာရာဏသီပြည်မှာ။ သာသနာတော်ညှိုးနွမ်း
၍၊ သိကြားမင်းမှုဆိုးအသွင်။ ဝိသကြုံနတ်သား ခွေးနက်
ကြီးရောင်ဆောင်ပြီးလျှင်။ သာသနာတော်ကို၊ ကျည်ဘုး
သည့်ပမာ၊ နတ်သိကြားညွှန်ပြသောနိမိတ်ဟု၊ယူဆကြ၍
ရှာဖွေတော်မူကြဖြန်ရာ၊ ခွေးနက်ကြီး တကောင်၊ စက်
တော်ရာရှိသောနေရာသို့ရှေ့ကသွား၍ပျောက်ကွယ်လေ
၏။ခွေးနောက်မှ-လိုက်ကြသော၊ ဆရာတော်တို့လည်း၊
မြစ်ကမ်းတဘက်တွင်၊ဘိက္ခုတယောက်ကဆရာတော်
တို့ဘာဓာကို ရှာကြသနည်းမေးရာ။ဆရာတော်တို့ကစက်
တော်ရာရှာကြောင်းကိုပြောလျှင်။ထိုဘိက္ခုပင် အောက်
စက်တော်ရာနှင့် အထက်စက်တော်ရာကို၊လိုက်လံပြသ
ဖူးမျှော်ကြရပြီးနောက်၊ ညအခါ တောင်ပေါ်မှာသတင်း
သုံးတော်မူကြရာ။ တောင်ဘိက္ခုလာ ဆရာတော်လည်း၊
ပဋ္ဌာန်း ကျမ်းကြီးကို၊ သရဇ္ဈာယ်တော်မူလျှင်။ တောင်
စောင့်နတ်တို့တရားနာကြရာ၊ အသူနည်းဟု ဆရာတော်
ကမေးလျှင်။ သောတာပန် နတ်ဖြစ်ကြောင်းကို ပြော၍။
ဆရာတော်က၊တရားသခင်ကိုသိမှိလိုက်သလားမေးရာ၊
မှိလိုက်ကြောင်းကိုနတ်ကလျှောက်သဖြင့်၊ မှိလျှင်ငါရှုတ်
သောပဋ္ဌာန်းတရားသည် ဘုရားဟောနှင့်ညီ၏လော မေး
မြန်းရာ။ဖုင်ဘှသောငါးမိုကို၊ဖက်နှင့်အထပ်ထပ်ထုပ်လျှင်
အပေါ်ဆုံးဖက်အနံ့ နှင့်တူ၏ဟုနတ်ကဆို၏။ ထိုအခါဆ
ရာတော်က-သင့်ကိုယ်သင်သောတာပန်ဆိုသော်လည်း။
သင့်စကားထွက်ယုတ်ညံ့လှ၏၊ သင်ပျက်ချော်လှ၏။ ငါ
ရှုတ်သောပဋ္ဌာန်းတရားသည်၊ ဘုရားဟောနှင့်ညီ၏၊ ငါ

စကားမမှန်လျှင်၊ ငါ့ဦးခေါင်းထက် စက်သွားရောက်ပါ စေမိန့်ခြွန်တော်မူမှ၊ နတ်ဘကျွန်ုပ်လည်း သောတာပန် ဟုတ်၏။ဘုန်းကြီးရွတ်တိုင်းလည်းမှန်ပါ၏။ဘုန်းကြီးကိုမ ဆုတ်မနစ်အားထုတ်စေလို၍၊ လျှောက်ပါပါသည်ဟုဆို ၍။ကွယ်လေ၏၊ထို့နောက်အောက်စက်တော်ရာကို။ပံသု ကူသင်္ကန်းအုပ်လျက်၊ငါသည်ဘုရားဖြစ်မည်မှန်လျှင်။ဤ သင်္ကန်း၌၁၀၈ကွက်စက်လက္ခဏာထင်စေသောမိန့်ခြွန် ရ။သင်္ကန်းသည်ကြုံ့ကြာရှုပ်ကဲ့သို့ကုန်း၍ ထသည်ကို။ ဆရာတော်မြင်လျှင်။ ကြုံ့လည်းကြုံ့စား။ ကြာလည်း ကြာဦးမည်ဟု၊နိမိတ်ဘတ်တော်မူပြီးလျှင်။စက်တော်ရာ ၂ဆူကိုချည်မြင်ကွင်း၍ဆောင်ယူတော်မူခဲ့သဖြင့်၊ အင်း ဝသို့ရောက်လျှင်ဘုရင်မင်းမြတ်ကို၊အပ်နှင်းကိုးကွယ်စေ လေသတည်း။

—၀—

# တောင်ဘီလာ ဆရာတော်နှင့် ဒေါ်မကျူးကာန် အကြောင်း။

ငါးရာ့ ငါးဆယ်ပဏ္ဏာသ နိပါတ်နိလိနိကာ ဇာတ် တွင်။ဗာရာဏသီသိင်္ဂရသေ့၏ အကျင့်ပြင်းထန်မှုကြောင့်၊တုန် လှုပ်သောသိကြားသည်။ကာသိကတိုင်းအလုံးကို၊၃-နှစ် တိုင်တိုင်မိုးခေါင်စေ၍။ ရသေ့၏သိလကို၊ ဗာရာဏသီ မင်း၏သမီးတော်။ နိလိနိကာမင်းသမီးအား ဖျက်စေသိ

သကဲ့သို့၊ သာလွန်မင်းတရားလက်ထက်၊ မြန်မာပြည်တွင်ရှိယင်းခေါင်၍၊အမတ်အချို့ တင်ချောက်ချက်အရ၊ သက္ကရာဇ်-၁၀၀၀ ပြည့်၊ တပေါင်းလပြည့်နေ့၊ သက်တော် ၆၀ ပြည့်တွင်၊တောင်ဘီလာသို့တောဝင်တော်မူသော ဆရာတော်အား။ မင်းသွီးတပါးကို စေလွှတ်၍ သိလတော်ကိုညှိုးနွမ်းပျက်စီးစေရန်၊ပြုလုပ်ကြသည်ဟု ရှေးပညာရှိထင်ရှားကျော်စောသော၊ ဆရာတော်ကြီးများ အဆက်ဆက်ပင်၊ ပြောဆိုစမှတ် ပြုတော်မူခဲ့ကြသောစကားအစဉ်ရှိသည်။

—၀—

# မင်းသွီးကြို့စားပုံ။

မင်းသွီးသည်၊အခြွေအရံများနှင့်၊တောင်ဘီလာတောသို့သွား၍။အချိန်မှဲ့နေဝင်ရောသောအခါ၊ပိပိတဦးတည်း အပေါင်းအဆောင်များနှင့်ကွဲလာ၍။မသွားမလာတတ်။တောကြီးအတွင်းမှာ။ အလွန်ကြောက်ရွံ့ဟန်သဖြင့်၊ စောင့်ရှောက်တော်မူပါ ဆရာတော်ကိုချောက်လျှင်။ ဆရာတော်က။ တခုသော အဆောက်အဦဝယ် နေတော့ ခွင့်ပြုလေ၏။ မင်းသွီးက။ဆရာတော်နှင့် နီးနီးနေပါရစေ ချောက်ပြန်လျှင်၊ ကျောင်းစမြင်ဝယ် အိပ်တော့ ခွင့်ပြုပြန်ရာ၊ မြင်ဘက်ကမအိပ်ဝံ့ပြန်သဖြင့်။ ကျောင်းတွင်းသို့ သွင်းပြီးလျှင်၊ ဆရာတော်စမြင်ကစောင့်သည်၊ မိန်းမတို့မာယာ

ဖြင့်။မင်းသမီးကဖြားယောင်းရာ။ဆရာတော်သည်၊ အကြင်ကြံ့နေ၍၊ကာမအာရုံကို မသက်ဝင်ပါစေရန်။ ခါးမငယ်တရန္နှင့်။မိမိခြေထောက်ကိုပြတ်အောင်ပြုပြီးလျှင်။ဝေဒနာခံစားခါ စောင့်စည်းတော် မူသဖြင့်။ ကာမဂုဏ်ညွှန့်ပျောင်းသို့။ မကျမသက် နှံ့နှက်သင်းလေတော့သတည်း။ မင်းသမီးမှာ လက်လျှော့၍ မအောင် မြင် ခဲ့ သော် လည်း၊ ဆရာတော်၏ သီလကိုဖျက်ခဲ့ကြောင်းဖြင့်ပြောဆိုရာ။ ဥက္ကောဓရေ့ယျဖြစ်ပြီးလျှင်။ ဒယုံမနာသံသယမကင်းရှိကြရကား။ဆရာတော်ထံသို့ ရှုံးသွားရောက်အဖြစ်အပျက်ကို၊မေးလျှောက်ကြလေလျှင်၊ ဆရာတော်က မိမိမကျူးလွန်ကြောင်း၊ဖြစ်ပျက်ပုံအခြင်းအရာကို၊ ဇာတ်လှန်ပြောပြတော်မူ၍။ နောက်ဆုံး သံသယရှင်းစိမ့်သောငှါ၊ မိမိကိုယ်ကိုယ်ဖွဲ့ဖြတ်သော၊ ခါးမကိုပင်သက်သေပြု၍၊ ငါသည်လူအများသံသယရှိကြသောအတိုင်း။ သီလပျက်စီးပါမူ။ဤခါးမသည်-မိမိသဘောအတိုင်း ရေကန်ဝယ်ချသောခန္ဓာနှစ်မြုပ်စေသော။ ငါ၏သီလစင်ကြယ်ပါမူ ဤခါးမသည်ရေဝယ်ပေါ်၍။ တဘက်သို့ ကူးစေသား၊ မိန့်ရှာန်တော်မူကာခါးမကိုရေဝယ်ချလျှင်။ခါးမသည်။ရေပြင်ကိုဖြတ်သန်းပြီးလျှင်။ နှစ်မြုပ်ခြင်းမရှိဘဲ၊ ကူးသွားလေရာ။လူအပေါင်းတို့သည်။ ဆရာတော်၏သီလတော်ကို၊သံသယကင်းရှင်း စင်ကြယ်ခြင်း မှန်လှပေသည်ဟု။ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြရ ကုန်သတည်း။ (ထို့ကြောင့်တောင်ဘဲလာတောရန္တရှိသောရေကန်ကို၊ ယခုတိုင်ခါးမကူးကန်ဟူ၍ထင်ရှားစွာရှိရစ်ပေသတည်း။)

# တောင်ဘီလာဆရာတော် ပြုစုခဲ့သော ကျမ်းဂန်များအကြောင်း။

သက်တော်(၁၅)နှစ် အရွယ်တွင်၊ ဝေဿန္တရာပျို့ ကိုစီရင်သည်၊ စစ်ကိုင်းမြစ်နား လေးထပ် ကျောင်းတွင် နေတော်မူစဉ်က၊အဋ္ဌသာလိနီ ကျမ်းဦးဂါထာနှစ်ဆယ် အဖွင့်ကျမ်းမိုးဝိသတိဝဏ္ဏနာကိုစီရင်သည်၊ထို့နောက်။ မင်းရဲကျော်စွာတောင်းပန်၍၊ ရသဝါဟိနီဝတ္ထုကိုလည်း စီရင်သည်၊ သက္ကရာဇ် ၁၀၀၀ ပြည့်တွင် တောင်ဘီ လာတောကို ဝင်တော်မူသည်၊ ၁၀၀၂-ခုတွင် မင်းရဲ ကျော်စွာ ဆောက်လုပ်သော တောင်ဘီလာ ကျောင်း တော်ကိုတင်လှူတော်မူသည်၊တောဝင်၍တောင်ဘီလာ ကျောင်းတွင်နေတော်မူမှ၊ဝိနယာလင်္ကာရဋီကာကိုစီရင် တော်မူသည်။ သာလွန်မင်းတရား မေးတော်မူသမျှကို ဖြေတော် မူသော ဒဂုဂု စကားအမေးတော် ပုံလည်း ထင်ရှားရှိ ရစ်ခဲ့သည်၊ ရာဇမဏိစူဠာ ကောင်းမှုတော် ဘုရားကြီး ကျောက်စာကိုလည်း စီကုံးရေးသား တော် မူသည်။သက္ကရာဇ် ၁၀၁၂-ခု သက်တော် ၇၂-နှစ်တွင် လွန်တော်မူသည်။ ဘွဲ့တော်ရင်မှာ အရှင်မုနိန္ဒဃောသ ဖြစ်သတည်း။

# တောင်ဘီလာ တောင်ညွှန်း။

တောင်ဘီလာတောင်ကို၊ ရှေးကနာဂဝိသတောင်ဟု ခေါ်သည်၊ ရှေးအခါကနာဂမ္မ။နာဂရဋ္ဌစသော နဂါးမင်း တို့နှင့်တကွ ၂၀ သော နဂါးတို့နေဘူး သောကြောင့် တည်း။ ထိုတောင်တွင် ဇော်ဂျီဝိဇ္ဇာဓိုရ်ရှိတို့ နေဘူး၏၊ ၎င်းတောင်၌ မြစ်ချင်းပြီးရသော ဆေးပင်ကား၊ တပင် ရွှေထီးပင်ရှိ၏၊ အရွက်ထီးကဲ့သို့ ဝန်း၏။ အရိုးနီ၏။ အသီးချည်ဝင်စနှံရစ်၍သီး၏၊ အပင်တတောင် ခန့်ရှိ၏။ ၎င်းအရှေ့ချောက်ဝယ်ရှိ၏၊ ၎င်းပဒ္ဒါပါးနှင့် ဘင်နာ တို့ကို တမ်းချင်းအပြီးတိုင်၏၊ တောင်ဘီလာ၌ပတူသစ် ရာဇာသည်ဘုရားကိုတည်၏။ ၎င်းတောင်အဆင်းအရှေ့ ဘက်တွင်၊ ကျောက်ဂူပျက် ကျောက်ဂူဟောင်း ရှိ၏၊ ၎င်းတောင်အပေါ် တခေါ်လောက်ရောက်လျှင်၊ ကျောက် နဂါးတွေ့လိမ့်မည်၊ ကျောက်နဂါးကို ယူပြီးလျှင်၊ တ တောင်ခန့် တူးသော်၊ ကျောက်ဘားကြီး မည် ဟီးသံ ကြားလိမ့်မည်၊ ဘားသံကိုချောက်၍တူးသော် ကျောက် ဘားကြီးကိုတွေ့လိမ့်မည်၊ ထိုဘားကိုဖွင့်လိုက်လျှင်၊ သိ ဟာသဿရသော ၊ဂဝံပတော ။ မဟာရာဇာသိရှင်ရသော ၊ ဓါတု နိဗ္ဗဇော်ဂျီ၊ ဗိဿုရနိဇော်ဂျီ၊ စေတီမဟူရဇော်ဂျီ၊ အရိန္ဒ ဝိဒ္ဓဇော်ဂျီတို့ လေ့လာပြီးလျှင်၊ မှတ်သား၍ ထားကဲ့ သော (၄၈) ထပ်ရှိသော ကြေးနီ ဗုရပိုက်ကို တွေ့လိမ့် မည်၊ ၎င်းဗုရပိုက်တွင် သျှ ၊ ၃ ပါး၊ သိဒ္ဓိ ၃ ပါးကို ပြီးစေ နိုင်သောနည်းပေါင်းများစွာရှိ၏၊ မြေကုံ့လျှိုးခြင်းကောင်း

ကင်သို့ ပျံခြင်း၊ အဝေးဝေးသော တန်ခိုးကို တန်ဆောင်း နိုင်ခြင်း၊ ရွှေငွေတို့ကို အလိုရှိတိုင်းပြီးစေနိုင်ခြင်း၊ အတိုင်း မသိသောဗိုဇ်ပုံအလယ်တွင်၊ ကိုယ်ကိုပျောက်၍ရှိန်းအံ့ ဆာယာပြီးခြင်း။ စိန္တာမယဥာဏ် သူတပါးစိတ်ထဲဝင် ၍သိနိုင်ခြင်းစသော၊ လေးပါးသောဓါတ်တို့ဖြင့်၊ ဝေဘန် အပ်သော၊ လေးလုံးသော ဗျည်းအက္ခရာတို့ကို၊ လုပ်နည်း နှင့်တကွရေးသားပါရှိလေသည်၊ ဘီလူးမန္တရားလည်း ပါရှိသည်၊ ထိုတောင်ဝယ်နတ်တို့ ကွယ်ဝှက်ထားအပ် သောစေတီ၊ မဟာရဇော်ကျိုထားခဲ့သော၊ နာနာမယမည် သောဆေးမြင်းလည်းရှိ၏၊ ဘုန်းတန်ခိုးကြီးသော သူတို့ နေခင်ထိုက်တန်စေရန်သံသေခြေနင်း၊ သံသေဦးထုပ်၊ သံ သေဓါး၊ သံသေယာပ်၊ သံသေတောင်ဝှေး၊ ပလ္လင်နှင့်ထား ၏၊ ချောင်းလျက်နေဟန်စေတီမဟာရဇော်ဂျီရုပ်လည်း ရှိ၏၊ ဘီလူးဆောင့်ကြောင့်ထိုင်ရုပ်လည်းရှိ၏၊ ခံတွင်း ဝယ်သံသေတလုံး၊ ဦးခေါင်းဝယ်သံသေတလုံး၊ လက် ဝယ်တလုံးထားခဲ့၏၊ တောင်ဘီလာ တောင်ကား၃လုံး တည်း၊ အလယ်တောင်ကိုဆိုလိုသည်၊ ၎င်းတောင်အရှေ့ မြောက်ထောင့်ကိုဆင်း၍သွားသော်၊ ချောက်ထဲသို့ရောက် ၏၊ ရောက်လျှင် အနံ့အရသာနှင့် အလွန်မွှေးကြိုင်သော၊ သုဓါတုတ်နံ့သည် လှိုင်၏၊ ၎င်း အနံ့ကား၊ ကျောက် ဩဇာနံ့တည်း၊ တနေ့ရာတနေ့ရာ၌ ၅၀ ဖ ဝခန့်ရှိ၍နေ၏ ခွဲ၍ကြည့်သော်၊ အဆီငွေ့ငွေ့ရှိ၏၊ တောင်ဘီလာအရှေ့ ချောက်တွင်၊ ပတ္တူသဃ်ရာဇာ ငွေလုပ်သော ကျောက် တွင်းရှိ၏၊ ထိုအနီးဝယ်၊ တပင်တိုင်မည်သောဆေးပင်ရှိ

၏၊အရွက်ကြီးချောကဲ့သို့တပင်တည်းပေါက်၏၊ အရွက်တရွက်ထည်း အခိုးမရှိ။ ဆေးစပ်ပင်လည်း ရှိ၏၊ စပ်လည်းစပ်၏။လက်ဝဲပေါက်၏။

—၀—

# မြက်ရှုတောင်နှင့် နတ်သွီးတောင်အညွှန်း။

ငှင်းတောင်ဘက်လာ မြောက်ကို၊ မျက်ရှုတောင်ခေါ်သည်၊မျက်ရှုတောင်၌ ဆေးဘမြင်း၊ဘာလကဏ္ဍ၊ တရေဉ်နက်။ချေဉ်နက်၊ကြီးရှိ၏၊မျက်ရှုတောင်မြောက်ကနတ်သွီးတောင်ရှိ၏။ငှင်း၌ကျောက်ကတိုးရှိ၏၊အိမ်ဝယ်ထားသောအိမ်လုံးမွှေး၏။ သွေး၍ လိမ်းသော် သဏ္ဍာရှပျောက်၏၊ဘုန်းကြက်သရေတိုးတက်၏၊ နတ်၏အဆင်းကဲ့သို့လှ၏။ နတ်ချစ်၏၊ထိုတောင်၌မောရဂီဝါကျောက်၊စိတြဂီဝါကျောက်၊ကျောက်သင်းတွဲ၊ကျောက်သလဲ။နဂါးမိုင်းကျောက်ဆီမီးတောက်။ပွင့်ဖြူ။ပွင့်နီ။မဟော်ဓာကျွဲသဲ၊နှာမျိုးငါးပါးရှိသည်၊ငှင်းတောင်မြောက်ကချောက်ဝယ်။လသာပြုရှိ၏။မုဒုစရဏာရသော နေ၏၊ နတ်ရဲ၏ပသ၍ရှာလေ။ဂဝံပတော ရသော သည်။နောက်သားနောင်လာမြေးသားတို့စားစေရန် အရိုးဒေါင်းပေါင်။ အရွက်ဒေါင်းတောင်။တိုင်းလုံးကျော် နဂါးရုပ်များထားခဲ့၏၊ ခပ်သိမ်းသူတို့ကိုဝေ၍စားသုံးစေလော၊ ထိုအပင်နှင့်ပဝှသစီး

ရာဇာသည်၊ ဓွြေငွေကိုလုပ်ကိုင်၍၊ ဘုရားပေါင်းများစွာ တည်ခဲ့သပါသည်။

—၀—

## စစ်ကိုင်းအတွင်းမုဓွေ့ဘဇ ဆရာပြင်မု‌ဓွေ့၏ ဇ ဆရာဘုရားရှင်တို့၏ သမိုင်းဘွဲ့ တေးထပ်-ဂ ၀-ပေါ်၊

အတွင်းစကြိုစိုနေ့ယာနှင့်၊ နံ့ကိုင်းဖိန်လမ်းဦးရှင်း၊ ဓွြ တောင်ဦးဟုမြတ်ထွတ်တင်၊ ဆယ်တောင်တွင် ခြောက် ရောင်လင်း၊ ကန့်ဆောက်ဆီး တောတောင်ငယ်ပါ၊ စစ် သားဘဂဝါကိုးရတ် ဘဝင်လင်း၊ အတွင်းမုဓွေ့ာမြတ် ကိုးဆူ။ နှိုင်းဆမတူရန်မြုရှင်း၊ စကြိုအပြင်မြတ်မှန်ကင်း နှင့်၊ သမန်ကျင်းဟု လွန်သဖွါယ်၊ ရန်အောင်မြင်ဓေါ်ဌက် မြတ်နား သားပန်ထွတ်ထားပတ္တမြား မြတ်တုန်းကြွယ်၊ ဝတ်ချက်ဘုရားဇာဝါးမာရ်ပယ်သည်၊ ရွှာထောင် တင့် တယ် ဝံပုံမြတ်နှင့်၊ ပြင်လည်းဘိုးရပ် မုဓွေ့ာစိုနေ့၊ စစ် ကိုင်းဇေယျာဘွေ၊ ဒုံ့ဘွယ်အထူး ထွန်းမြူးဝေသည်၊ ပွေ့ခါတ်စံနေကြည်နူးဘွယ်ပလေး။

## အထက်ပါ တောထပ်ကို အဓိပ္ပါယ် ဖော်ပြချက်။

အတွင်းရမြွှော ကိုးဆူမှာ (၁)အတွင်းစကြို့မြွှော (၂)နံ့ကိုင်းရမြွှော (၃)လမ်းဦးမြွှော (၄)ရွှေတောင်ဦး မြွှော။ (၅)ဆယ်တောင်မြွှော(၆)ကန်စောက်မြွှော (၇)ဆီးတောမြွှော(၈)တောင်ငယ်မြွှော(၉)စစ်သား မြွှော(တနည်းမှတ်သားဘူးသောအတွင်းကိုးမြွှောမှာ) (၁)စကြို့မြွှော (၂)ဆီးတောမြွှော (၃)သစ္စာမြွှော (၄)ဆည်းလည်းမြွှော (၅)ရွှေတောင်ဦးမြွှော (၆) တောင်ငယ်လေးမျက်နှာမြွှော (၇)လမ်းထွဲမြွှော(၈) နံ့ကိုင်းမြွှော(၉)ဂုနိမြွှော။ ဤကား အတွင်းမြွှောကိုး ဆူသရုပ်တည်း။

.........

## အပြင်မြွှော၉ဆူသရုပ်။

(၁)အပြင်စကြို့မြွှော (၂)မှန်ကင်းမြွှော (၃)သ မန်းကျင်းမြွှော (၄) ရန်အောင်မြင်ခေါ် ဌက်မြွတ်နားမြွှော (၅)သားပန်မြွှော(၆) ပဏ္ဍမြားစေတီမြွှော (၇)ဝတ်ချက်ဘုရားဖှာမြွှော (၈)ရွာထောင်မြွှော(၉)

ဝဲပုံတောင်မရွှောတို့ဖြစ်ကြသတည်း။ တနည်းမှတ်သားဘူးသည့်မှာ (၁)စကြိုမရွှော (၂)ခုနှ်အောင်မြင်မရွှော။ (၃)သပန်မရွှော (၄)ကန်စောက်မရွှော (၅)ရှားတော မရွှော(၆)ပုညမရွှော (၇)ဖှာက်မြတ်နားမရွှော (၈)ဝဲဝဲ မရွှော။(၉) ချောက်ဘုရားဖှာမရွှော—ဤကားမြင်မရွှော ၉ဆူ၏သရုပ်တည်း။

........

## စစ်ကိုင်းမော်ဇမော်ဘုရားသမိုင်းဒွဲ့ တေးတပ်။

ထူပါရုံစိန္နယ၏။ ဒက္ခိဏဒိသာ။ စထားလို့ မြော်သျှ့သာလျှင်၊ စဉ်၍သာမှတ်ဦး။ မော်ကိုးမော် အလွန်သာသည်၊ မြစ်ရောကမ်းစနဖူး၊ ဝရုံလဲယင်းရဲ့က အစတော်တယ်၊ စကုမော်တင့်တူး။ ပြသာဒ်ဖှာရွှေတောင်ဦး။ မြန့်မြူးတဲ့ကင်းမော်။ မဟာခေါ်သဝိတ်ထဲ၊ ဘွားဦးတွဲ့နှစ်မည်ရမော်၊ ဆုတောင်းပြည့် တွင်ခေါ်တယ်။ သည်မြောက်သောင်ငါးစင်စပ်တဲ့၊ မော်ဇရပ်သမိုင်းလာ။ ကိုင်းရွှေမြို့မှာ၊ နောင်လာမှတ်ဘို့စီးကုံးမှာတယ်။ မြဉောင်သာစံဘွန်းကလေး။

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

မောင်၉မောင်မှာ (၁)ဝရုံသဲယင်းရဲမောင် (၂)စကုမောင် (၃)ပြသာဒ်ဘုမောင် (၄)ရွှေတောင်ဦးမောင် (၅)ကင်းမောင် (၆)မဟာမောင်(၇)သပိတ်လဲဘွါးဦးမောင်(၈)ဆုတောင်းပြည့်မောင်(၉)ငါးစင်စပ်မောင်၊ တနည်းမှတ်သားဘူးသော ကိုးမောင်မှာ(၁)ယည်သင်မောင်(၂)စကုမောင်(၃)ပြသာဒ်ကျမောင်(၄)ရွှေတောင်ဦးမောင်(၅)နံ့ကိုင်းမောင်(၆)မဟာမော်(၇)ငါးစင်စားမောင်(၈)တန့်ဆွန့်တိုင်မောင်(၉)လုလင်ကျွဲမောင်-တို့ဖြစ်ကြပေသတည်း။

—၀—

## စစ်ကိုင်းမြို့ အတွင်း ဇကုန်းပြင် ဇကုန်း ဘုရားသမိုင်းဘွဲ့ တေးထပ် ၈၀--ပေါ်။

သဌာဝေဖြာဇေယျာမြို့မှာ။ ရိ့ရိ့ မောက်မောက်မြေမြင့်ရာ။ ကိုးကုန်းသမိုင်းမော်ကွန်းလာမှာ၊ လုလင်ကုန်းသာရုံ့ သည်မ၊ ကျောက်စစ်ပါးသွေးမြေနီခေါ်တယ်။ မြင်းသေထင်ပေါ် မျိုးမောက်မောက်ကြွ။ နွားတည့်ကြွက်

တည်၍ကိုးမည်မှာ၊အတွင်းခေါ်သည်ကုန်းနဝ၊ရန်အောင်
မြင်လျှင်မြတ်မွှာနှင့်၊သားပန်တဝ ငမိုးခေါ်၊ပေါ်မိုးသွေး
သမန်ကျဉ်း၊မဲရှိုင်းမကြွင်းဗိတောက်တင်း ကိုးရဏ်မော်
စစ်ကိုင်းသမိုင်းအရဘော်တယ်၊ရွှေညောင်စံပျော်ဦးဂုည
ကာ၊နှောင်သိကြတို့ချိုမြိန်သာသယာ၊ မော်ကွန်းတင်ပြုပါ၊
တေးချင်းရယ်လို့မပေါ့သာ၊ သိလွယ်စေကာ မှတ်တို့
ပါတွဲ့လေး၊

— ၀ —

## အထက်ပါတေးထပ်ကို အဓိပ္ပါယ် ဘော်ပြချက်။

စစ်ကိုင်းအတွင်း၉ကုန်းမှာ (၁)လုလင်ကုန်း(၂)ရန်သည်ကုန်း(၃)ကျောက်စစ်ကုန်း (၄)ခါးသွေးကုန်း(၅)မြေနီကုန်း(၆)မြင်းသေကုန်း(၇)မရိုးကုန်း(၈)နွားတည်းကုန်း(၉)ကြက်တည်ကုန်းတို့ ဖြစ်ကြလေသည်၊အခြားတနည်းမှတ်သားဘူးသော အတွင်းအပြင်မပိုင်းခြားသော၉ကုန်းစာရင်းမှာ၊ (၁)ရန်သည်ကုန်း (၂)လုလင်ကုန်း (၃)ကျောက်စလည်ကုန်း (၄)ခါးသွေးစွမ်းကုန်း (၅)မြေနီကုန်း၊ (၆)မြင်းသည်ကုန်း (၇)နွားတဲကုန်း (၈)ကြက်တိုက်ကုန်း (၉)ယုန်သေကုန်းတို့ဖြစ်ကြသတည်း။

အပြင် ၉ ကုန်းမှာကား (၁) ရန်အောင်မြင်ကုန်း (၂) သားပန်ကုန်း (၃) ငမိုးကုန်း (၄) ပေါ်မိုးသွေးကုန်း

(၅) သမန်ကြီးကုန်း (၆) မဲရိုင်းကုန်း (၇) ပိတောက်တင်းကုန်း (၈) (၉) ချနှစ်ကုန်းသာ တွက်ရတော့သည် စာပေချွတ်ယွင်းသော်ငြင်းရှိရာပေလိမ့်မည် သိမှတ်ပြီသသူတို့ဖြည့်စွက်ရန်တာဝန်တည်း။

—ဝ—

## စစ်ကိုင်းမြို့ အတွင်း ၉ ကျင်း။ ပြင် ၉ ကျင်းသမိုင်းဘွဲ့ တေးထပ် ၈ ဝ ပေါ်

နိမ့်ရှိုင်းရာဌာန ကိုးနဝသင်္ချာ။ ကျင်းနွှဖွဲ့သညာမှာ။ ရွှေလောင်းသာခေါ်ကျင်း။ ခါဝဲတောင် ဥဏ္ဏရာ။ ယင်တောင်ငယ်မှာ မြောက်ဘက်ကကျင်း။ ရေဝန်းနှင့်ဝက်ချေးတွင်တယ်။ စစ်သားရှင်ပင် ရှေ့နောက်ကျင်း၊ ဂူနီပန္နလေးရှေ့ကျင်းနှင့်။ အတွင်းကျင်း ပေါင်းမှတ်စရာ။ ကန်တော်ဆဒ္ဒန် ဆပ်ပြာကျင်း။ သမန်းကျင်းကမယွင်း လက်ပန်ပါ။ လဏ္ဏတိုးခေါ် ကြဥယျာဉ်သာဝယ်။ မနောရမ္မာမုဏ္ဏမဟာ၊ သစ်တုံခေါ် ကြပြင်ကျင်း ၉ သွယ်။ မှတ်ဘို့သရိုင်းခြယ်။ ဇေယျာမြို့ လွှန်တင့်တယ်သည်။ ပျော်ဘွယ်ပျော်ရာထူးပါဖွာတုရာ့လေး။

အတွင်း ၉ ကျင်းမှာ (၁) ရွှေလောင်းကျင်း (၂) ယင်တောင်ငယ်ကျင်း (၃-၄) စစ်သားဘုရား အရှေ့ အနောက်ရေဝန်းနှင့်-ဝက်ချေးအင်း-၅-၆-၇-၈-၉-ဂူနီ

ငါးကျင်းတို့ ဖြစ်ကြ၍။ အပြင် ၉ ကျင်းမှာ (၁) ကန်တော် (၂) ဆဒ္ဒန် (၃) ဆပ်ပြာ (၄) သမန် (၅) လက်ပန် (၆) လက္ခတိုး (၇) မနောရမ္မာ (၈) ရုက္ခမ (၉) သစ်တု ကျင်းတို့ဖြစ်သည်။

—o—

## စစ်ကိုင်းမြို့ ချောင်း ၉ ချောင်း ဂူ ၉ လုံး နတ်ကြီး ၉ ပါးတို့သမိုင်းဘွဲ့ တေးထပ်

တောင်ချမ်းပင်အကြောင်းကြောင့်။ စကြိုချောင်းဝေါဟာ။ စချီလို့မှတ်ရာတယ်။ ရေဝန်းသောတာဥပါလိ။ သရက်ခန်ကျည်း ကင်ပွန်းမှာတယ်၊ ဗုပွားချောင်းမှာ ၉ ချောင်း မှအရှိ။ ဂူလည်း ၉ လုံးသမိုင်းလာတယ်။ ကသိုဏ်းပမာ မှတ်ယူဘိ။ ငါးလုံးဂူနီကျောဲအတိနှင့်။ နောင်မှတ်သိဘို့ ဗိကုံးခြုံ။ ဆည်းလည်းများခေါ်ဂူလက်ဝဲကာ။ ရွှေဂူကြီး လဲ ဈုတွဲပုမ္မာရုံ။ နတ်ကြီး ၉ ပါးမှတ်ရန်ပုံမှာ ကုဿန် ရက္ခိုက်နတ်တာနှောနှင့်။ ဥသာဗရောဟု အောင်စွာသခင်။ ဝတ်ရုံငါးစီးရှင်၊ ဘုမ္မတိုးဟုဂုဏ်သီးတင်တုယ်၊ တပင်တိုင်နတ်ကြီးတဲ့လေး။

# အထက်ပါတော်းထပ်ကို အစီပွဲယံ ဖော်ပြချက်။

ချောင်း ၉ ချောင်းသချ်ာမှာ(၁)စောင်ချမ်းပင်ချောင်း (၂) စကြိုချောင်း (၃) ရေဝန်းချောင်း (၄) သောတာပန် ချောင်း (၅) ဥပါလိချောင်း (၆) သရက်ချောင်း (၇) မန့်ကျည်းချောင်း (၈) ကာင်ပွန်းချောင်း (၉) ဖုမ္မားချောင်း တို့ဖြစ်ကြ၍-ဂူ ၉ လုံးမှာ (၁-၂-၃-၄-၅) ဂူနီငါးလုံး (၆) ဆည်းလည်များဂူ (၇) လက်စွဲဂူ (၈) ရွှေဂူကြီး (၉) ဖုမ္မာရုံဂူ-တို့ဖြစ်ကြလေသည်။ နတ်ကြီးကိုးပါးမှာကား (၁) ကုနွန် (၂) ရကျွိုက် (၃) တာနော (၄) ဥသာသရော (၅) အောင်စွာ၊ (၆) ဝတ်ရုံ (၇) ငါးစီးရှင် (၈) ဒုမ္မတီး (၉) တပင်တိုင် နတ်ကြီးတို့ ဖြစ်ကြသတည်း။

အခြားမှတ်သားဘူးသော ဂူ ၉ လုံးမှာ (၁) မြို့တွင်းရွှေဂူ (၂) ရွှေဂူကြီး (၃) ဂူနီဂူ (၄) လမ်းလွဲဂူ (၅) သောတာပန်ဂူ (၆) တောင်ဘီလူးဂူ (၇) ဂူနှဆယ် ၅၅ ဂူ၊ (၈) ဆည်းလည်းဂူ (၉) ဝတ်တောင်ရုံဂူ-ဟူ၍လည်း တနည်းရှိ၏၊

## စစ်ကိုင်းမြို့ ၉ ပါး ၉ လီမှတပါး။ သိကြား ၉ ဆူ တိ ၃ တိ-တည်၉ တည်။ ရုံ ၃ ရုံ သမိုင်းဘွဲ့ တေးထပ်-၇၀-ပေါ်။

သိကြား ၉ ဆူခေါ်သမိုင်းမှာ၊ နံ့ကိုင်းယင်းရဲ ဈေးစွဲမှန်၊ ဝါနီ ဩဘနဂုနီစံ တယ်၊စစ်သား ဘုန်းလျှံမာဆာဝ၊ ဆည်းလည်းများနှင့် ရွှေဂုပျော်တယ်၊ မုဋ္ဌောရှင်တော် ရင်ချမ်းဝါသာဝ၊ ပဏ္ဍမြားသစ္စရှစ်ထောင့်ညီတယ်၊ သုံးတိ ရှင်တော်ထိန်ထိန်ပ၊ ဘုံးတည်ခေါ်သည် ဝေါဟာရမှာ၊ ဆန်, ဆား,နှမ်းဘ,ဝါ,နွား,လူ,ဖျော့နှင့်,လက်ဖက်, ထန်းလျက်,ပေါင်းစာဘောင်း သမိုင်းမော်ကွန်းရေးလို့ ထူရုံ့သုံးရုံလွှယ်တကျလျှင်၊ မှတ်လိုသူမှတ်သားတော့၊ နဂါးရုံ, ပုမ္မာရုံ, ငတ်တော်ခေါ်တဲ့ ရုံ,၊ ထွေထွေထူးအံ့ ဘွယ်ရုံသည်။ဇေယျာဘုံ ရွှေကိုင်းတဲ့ လေး။

— ၀ —

## အထက်ပါတေးထပ်ကို အဓိပ္ပါယ် ဖော်ပြချက်။

သိကြား ၉ ဆူသရုပ်မှာ (၁) နံ့ကိုင်းသိကြား (၂) ယင်းရဲသိကြား (၃) ဈေးစွဲသိကြား (၄) ဝါနီသိကြား (၅) ဂုနီသိကြား (၆) စစ်သားသိကြား (၇) ဆည်း

လည်းမျှားသိကြား (၈) ရွှေဂူသိကြား (၉) မုံးနွားရင်ချမ်းသိကြား-တို့ဖြစ်ကြသတည်း၊ တံခါးသုံးတံခါးမှာကား၊ (၁) ပဏ္ဍမြားစေတီ (၂) သစ္စာစေတီ (၃) ရှစ်ထောင့်စေတီ-တို့တည်း။ တည်ကုံးတည်ဟူသည်မှာ (၁) ဆန် (၂) ဆား (၃) နှမ်း (၄) ဝါ (၅) နွား (၆) လူ (၇) ဈေး (၈) လဘက် (၉) ထန်းလျက်တို့ဟူသတည်း။ ရုံသုံးရုံမှာ (၁) နဂါးရုံ (၂) ပုပ္ပာရုံ (၃) ဝတ်တောင်ရုံ၊ ဟူသည်တို့တည်း — အခြားမှတ်သားဘူးသောသိကြား ၉ မျိုးတနည်းမှာကား (၁) ရွှေဂူသိကြား (၂) ရန်အောင်မြင်သိကြား (၃) တံခွန်တိုင်မောင်သိကြား (၄) သစ္စာသိကြား (၅) ဆည်းလည်းသိကြား (၆) ဂူကြီးသိကြား (၇) ဂူနီသိကြား (၈) နံကိုင်းသိကြား (၉) ယင်းရဲသိကြား-ဟူသတည်း— အခြားတနည်း တံခါး ၃ တံခါးမှာ (၁) ပုညရှင်စေတီ (၂) ပဏ္ဍမြားစေတီ (၃) သစ္စာစေတီ—တို့ဖြစ်သတည်း။အထက်တံခါး ၃ တံခါးစာရင်းမှာ၊ရှစ်ထောင့်စေတီဟူရာ၌ အဘယ်စေတီကိုဆိုလိုသည်ဟု မရှင်းလင်းပေ ရှစ်ထောင့်စေတီဟူ၍လည်း မကြားဘူးပေ—သို့ရာတွင် ရှစ်ထောင့်တည်ထားသော ဘုရားမှာ-လေးကျွန်းမာရ်အောင်စေတီတော်ဖြစ်သတည်း။

## စစ်ကိုင်းအရပ်ညောင်—၉-မျိုးကား။

(၁)ညောင်စဉ် (၂)ညောင်ကုက္ကား (၃)ညောင်နီ၊ (၄)ညောင်ဖူ (၅)ညောင်ကျုံးဒန် (၆)ညောင်ပင်သာ၊ (၇)ညောင်-၉-ပင်(၈)ညောင်ပင်ကျည် (၉)ညောင်ပင်စည်တို့ဖြစ်သတည်း။

—○—

## စစ်ကိုင်းအရပ်အင်း ၉၊အင်းကား။

(၁)ဝက်ချက်အင်း (၂)သပြူအင်း (၃)ရွှေကြာအင်း (၄)ရုက္ခားအင်း (၅)ရေခါးအင်း (၆)ရေမျက်ကြီးအင်း (၇) စစ်ကုန်အင်း (၈)တန္တိအင်း (၉)ရွှေကျေးအင်းဟူ သည်တို့ဖြစ်ကြသတည်း၊

—○—

## အင်းဝမြို့လောကာသယန္တုဘုရား သမိုင်းဘွဲ့တေးထပ်။

ဖြစ်ရောကမ်းဦးမှာ၊ ဖျံ့ဖျူးတဲ့နက်သန်၊ မြေဘုမ္မိ
မြတ်ကြန်ဝယ်၊ခတ်မွေ့စံပျော်ပါ၊သော၌တရားရှစ်ပွင့်
တော်မူတယ်၊ လောကာသယန္တု သုံးဘုံထွန်းထား။
ထိနှပ်ချင်းရွှေဖျော်၊ နှုတ်မိုက်ပေါ်စွန်းပွါး၊ အဝန်းမှာသုံး

ပြန်လားတယ်၊ ကြာဖလားသချ်ာ၊ အရပ်တော် အောင်စည်ဇော်မှိ့တယ်။သဲသိမ့်ဆိမ့်ယက်ပန်းကြေငြာ၊ တည်ခဲ့ရင်းဒါယကာမှာ။ ဘုန်းသဘာဝမျှ ဆွေးတဲ့၊ ကြာသပတေးမင်းဘုရင်၊ ပြီးမသတ်ခင်မို့ တနင်္ဂနွေမင်းထပ်ပြုဖြင့်သည်၊ပြီးစီးအောင်ဖြင့်သပွာယ်စွာဇာလေး၊

........

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

အင်းဝမြို့-ဧရာဝတီမြစ်ကမ်းနဖူး၊ဘူမိနက်သန်။မြေကြန် ကောင်းမွန်သော အရပ်ဌာနဝယ်။ ဘိနပ် အချင်း (ရွှေဖော်) ၈၄ တောင် ၂ မိုက်၊ လုံး ဝန်း တော် (ကြာဖလား) ၂၅၄တောင်၊ အရပ်တော် (အောင်စည်ဖော်မှိ့)၁၃၄တောင်ရှိသော၊လောကသဿယနှုမည်သော စေတီတော်ကြီးကို၊ဓါတ်မွေတော်များ ဌာပနာ၍၊ကြာသပတေးမင်းတည်တော်မူသည်၊ အပြီးမသတ်။ ကြွင်းကျန်နေသည်ကို၊တနင်္ဂနွေမင်းထပ်ပြုပြီးစီးအောင်။ တည်တော်မူခဲ့သည်ဟုဆိုလိုသည်၊

## အထက်ပါတေးထပ်ကို ရှင်းလင်း ပြဆိုချက်။

တေးထပ်အတိုင်းဆိုလျှင်၊ ပဉ္စမ ကြာသပတေးမင်း တည်သည့်၊အပြီးမသတ်ရှိနေသည်ကို၊ တနင်္ဂနွေမင်းက အပြီးသတ်တည်ရသည်ဟုဆိုသည်။ ထိုစကားများ၏၊အမှန်မှာ၊ တနင်္ဂနွေမင်းတည်၍ အပြီးမသတ်သည်ကိုသာ၊ ကြာသပတေးမင်းက အပြီးသတ်၍ တည်တော်မူသည်။ တနင်္ဂနွေမင်းသည်၊ ၁၀၇၄-ခုတွင်မင်းဖြစ်၍၊ ၁၀၈၅ ခုမှာနတ်ရွာစံသည်၊ကြာသပတေးမင်း (သို့မဟုတ်၊ ဟံသာဝတီရောက်မင်း) မှာ၊ ၁၀၈၅-ခုမှာ မင်းဖြစ်၍၊ ၁၁၁၃-ခုတွင်နန်းကျတော်မူသည်၊ဘုရားတည်သမိုင်း တေးထပ်မှာ၊ ၁၁၀၈-ပွင့်တော်မူသည်ဟု၊အဆိုနှင့်စပ် ဟပ်၍၊အမှန်ကိုမှတ်လေ၊သမိုင်းဆရာ ပမာဒလေခဖြစ် သွားဟန် လက္ခဏာ ရှိသည်ဟုလည်း မှတ်ထင်ဘွယ် တည်း။

## အင်းဝ တံတားဦး မင်္ဂလာစေတီ ဘုရားသမိုင်းတွဲ့ တေးထပ် ၈၀–ပေါ်။

မြန်ဒီရေရစ်ခွေခတယ်၊ရတနာပူရရွှေဝပြည်။ ရှစ်ရာ့ လေးဆဲ့လေးခုတည်သည့်၊ မြင့်ရှည်သာသနာတော်အ

ကျိုး။ ဒုတိယမင်းခေါင် ဒါယကာခံတယ်၊ ဘဝဂ်ပိုလျှံ
ခြောက်ပါးရောင်ကွန့်မြူး၊မင်္ဂလာစေတီ ရွှေဘုံတော်၊ ရှိ
မျှထင်ပေါ် ဂုဏ်ညွန့်ရိုး၊ပုဇော်သဏ္ဌာဘယ်မညှိုး၊ တန်
ခိုးတော်မြတ်ထင်ရှားပေါ်၊ရေစက်သွန်းခါထိုကာလမှာ
ဝိဿကြားရုပ်ကသာဓုလူလိုခေါ်၊ကြားကြားသမျှ အံ့ဘွယ်
တော်ကို၊မြေပေါ် ရေပေါ် ဘဝဂ်လျှမ်းမျှ၊ ချီးမွမ်းသာဓု
လူနတ်များစွာ၊ကြွေးကြော်သောမနော၊ ဓါတ်ပေါင်းမွေ
မြတ်ကိန်းဝပ်လာတယ်၊မကြာမကြာ ဖူးမျှော်ကြရလေး။

.........

# အထောက်မါ ဒေါးထပ်ကို။ အခေါ်ပွါယ် ဖော်ပြချက်။

သက္ကရာဇ် ၈၄၂-ခုတွင်၊ရတနာပူရအဝမြို့၌၊ ဒုတိယမင်းခေါင်သည်၊ (သီရိသုဓမ္မ ရာဇာဓိပတိ) အမည်တော်ခံ၍မင်းဖြစ်တော်မူပြီးနောက်၊ ၈၄၄-ခုတွင်၊အင်းဝမြို့သောင်တံတားဦးအရပ်၌၊ မင်္ဂလာစေတီဘုရားကို တည်တော်မူသည်၊ ရေစက် သွန်းတော်မူသော အခါ၊ ဝိဿကြားရုပ်က၊လူကဲ့သို့သာဓုခေါ်သည်၊ ထိုဘုရားကား၊ ပွတ်စေတီဘုရားတည်း၊ ၊ရာဇဝင်မှာမူ၊ ၈၄၂-ခု၊ နန်းတက်သောနှစ်မှာပင်၊ ဘုရားကိုစ၍ တည်တော် မူသည်၊၈၆၁-ခုတွင်မှအပြီးသတ်သည်မှာ၊ဓါတ်မွေတော်များကိုရှာနေရသဖြင့်၊ကြာမြင့်လေသည်ဟု၊ကျောက်စာပါသက္ကရာဇ်ကိုညွှန်း၍ ဆိုသတည်း၊ ထိုစေတီတော်

မေဒ်ကွန်းကိုလည်း၊ ရှင်မဟာရဋ္ဌသာရ စပ်ဆိုတော်မူခဲ့သည်၊

---

## စက်တော်ရာပါဒစေတီတော်ဘုရား သမိုင်းဘွဲ့တေးထပ်-၈၀-ပေါ်။

ကိုးရက်ပရမေစိန္တေ့ယျ။ ဝါတော်အဋ္ဌမြောက်သော ခါ၊ မြမ်းသွယ်ခရေယဉ်ဖြာသည်။ မြစ်နမ္မဒါကမ်းစနား။ နဂါးပနန်ဘူဇဂိန္ဒသည်၊ ရှိခိုးဦးနှိမ်ချောက်တောင်းပန်ခ ပြွား၊ တရာ့ရှစ်ကွက်။ စက်ရတနာကို။ မြသေလာမှာချခဲ့ ထား၊ သစ္စဗန္ဓရသေ့ အားလည်း။ သနားထောက်မ ကယ် ဆယ်ယူ။ ထိုတောင်ပေါ်မှာ တဆူနှိပ်တယ်၊ မဇ္ဈိမ်သာရ ပါဒစက်တဆူ၊ လူနတ်ပြုလို့၊ တုမတူသည်၊ မြဇမ္ဗူ။မှာ နှစ်ဆူ။ ကွန်းလို့။ သုံးဘုံဦးခွန်းပါဒမြတ်စွာ၊ ဝဲဘက်စက် တော်ချာ၊ တထောင်တစ်မှ၊ သစ်လင်းဖြာသည်၊ သာလွန် ရာဇာလက်ထက်တော်ကလေး။

## အထက်ပါတေးထပ်ကိုအဓိပ္ပါယ် ဖော်ပြချက်။

ဂေါတမမြတ်စွာဘုရားသခင်သည်။ ရှစ်ဝါမြောက် ရောက်သောအခါ။ သုနာပရန္တတိုင်းသို့ကြွရောက်တော်

မူလာ၌၊ နမ္မဒါမြည်သော မန်းမြစ်၏ကမ်းနားတွင်၊ နမ္မဒါနဂါးမင်း တောင်းပန်သောကြောင့်။ လက်ဝဲအောက်ခြေတော်ရာတဆူ၊ သစ္စဗန္ဓရသေ့ တောင်းပန်သောကြောင့်။ သစ္စဗန်တောင်ပေါ်၌။ လက်ဝဲခြေတော်ရာတဆူ၊ ဤ ၂ ဆူသော ပါဒနက်သန် ၁၁၈-ကွက်။ စက်လက္ခဏာတော်များနှင့်တကွ။ ခြေတော်ရာများကို။ သဏ္ဌာဝါ အပေါင်းတို့ ကိုးကွယ်ရစ်ကြစေရန်၊ ချထားတော် မူခဲ့ရာ။ ကာလရှည်မြင့်တိမ်မြုပ်နေပြီးမှ၊ သက္ကရာဇ် ၁၀၀၁ ခု သာလွန်မင်းတရားကြီးလက်ထက်တော်မှာမှ ပြန်လည်တွေ့ရှိဖူးမြော်ကြရသတည်းဟု။ အဓိပ္ပါယ်ရှိသည်။

## အရှင်မဟာဝရဇ္ဇသာရ၏ပါဒနက်သံ ဘုရားရှိခိုး။

အတိုင်းမသိ၊ ကျေးဇူးရှိသား၊ မုနိသကျ၊ ဂေါတမ၏။ ပါဒမြတ်ကျော်၊ ဘဝါးတော်၌၊ ထွန်းပေါ်ကျစ်လစ်၊ တရာ့ရှစ်ကို၊ စင်စစ်ကောင်းထွေ၊ လှည့်လည်ရေဝိမ့်၊ ။ ချိုထွေအစ၊ လှံမဇ္ဈိမ်ပွန်။ မကျန်ပွင့်ချပ်။ ဇလပ်ပျံ့မွှေး။ လည်ရေးသုံးဆင့်၊ လှတင့်ရွှန်းရွှန်း၊ ဦးဆောက်ပန်းကာ၊ စသည်မကွဲ။ ထမင်းဝွဲတည်ဟန်။ ရွှေသလှန်ချွန်းတောင်း၊ ရောင်မောင်းပြသာဒ်၊ အထွတ်မြင့်ခိုင်၊ တံခါးတိုင်နှင့်၊ အပြိုင်ထီးမြူ၊ နှစ်ဆူသံလျက်။ တန်းရွက်ယပ်ဝန်း။ တခန်းတကြောင်း။ ဥဒေါင်းမြီးယပ်၊ သင်းကျပ်တခြား။ ပဋ္ဌမြား

ရောင်ဖိတ်။ သဗိတ်ပန်းဆိုင်း၊ တုနှိုင်းမရ၊ ပွင့်ဖူးထွားထွား
ငါးပါးကြာမျိုး၊ ရေဒိုးဘလား၊ ထူးခြားသမုဒ္ဒရာ။ စကြာ
ဝဠာသညာဉ်။ ဟိမဝန်မြင့်မိုရ်၊ ထိုထိုနေလ။ နက္ခတ်
စသား။ ဒီပလေးချ။ ဇမ္ဗူဒီပါ။ ပုဗ္ဗာဥတ္တရ။ အပရဂေါယာ။
တလီအုံဘွယ်၊ ကျွန်းငယ်နှစ်ထောင်၊ ဘုန်းခေါင်စကြာ
မင်း၊ ခရုသင်းဖြူဆွတ်၊ ငါးကြင်းပွတ်စကြာ၊ သိတာခုနစ်
တန်၊ သတ္တရဘန်တောင်စဉ်ခုနစ်ထပ်၊ ကြပ်ကြပ်မြဲခိုင်။
ခုနစ်ဒိုင်တသို။ ဂင်္ဂုန်တကြောင်း။ မိကျောင်းရေသား။
ကုဏ္ဍားဝင်ခွန်။ မင်းတန်သံလျင်း။ ကြွင်းတသိ။ သားမြီး
လေသာ။ ကောလာသဘာ။ သိဟကျားမင်း။ ဆင်မင်းမြတ်
ရွာ။ ရတနာယာဉ်မွန်။ ဆဒ္ဒန်တခြား။ နဂါးဝမ်းဘဲ။ မကွဲ
တရုကွ။ ဥသဘဘမကျုန်။ ရောဝတ်မကန်း။ ထူးဆန်းအံ့
ဘွယ်။ တင့်တယ်ဖူးတွေ။ ရွှေဖူးလျှံဝါ။ မျက်နှာလေးပါး
နွားသားဒိစစ်။ အဖြစ်များရွာ။ ကိန္နရာကိန္နရီ၊ တမြီကာရ
ဖိက်။ ငြိတ်ငြိတ် ညောင်းညောင်း။ ဥဒေါင်းကြိုးကြာ။
သံသာစဏ္ဍဝက်၊ ဌက်ဖျော်အမျိုး။ ဇီဝဖိုးအရုံ၊ ခြောက်ဘုံ
နတ်ရွာ။ ဆကာမာနှင့်။ ပြဟ္မာနတ်ရပ်၊ ဆဲ့ခြောက်ထပ်
က။ စေ့စပ်မကြွင်း၊ ခပင်းများရွာ၊ ရှိအကာနှင့်၊ စကြာခြေ
မွန်၊ တင့်တယ်ဟန်ကို၊ ထက်ဝန်းမိုးဖျား။ သိကြားပြဟ္မာ။
ထုရေးရှာလည်း။ ဘယ်မှာအမျှ။ အတုရလိမ့်။ အသမ
အသမာ။ သုံးလူ့ချာ၏။ ရတနာထွန်းလင်း၊ နိဿင်းသန့်
သန့်၊ အကန့်တထောင်။ ရွှေရောင်ခြယ်ကာ၊ တရာရှစ်
ကွက်၊ ခြေတော်စက်ကိုး၊ ရုံမက်မြတ်နိုး။ ရှိဂျင့်ခိုးသည်၊
ဖြောင်းကျိုးလျှင်ဆောရောက်စေသော်။

ဤတွင်ညောင်ပင်သာ သမိုင်းတေးထပ်အရ၊ ဘုရားသခင် ဝါတော်ရှစ်ဝါအရ၊ သာသနာ လင်္ကာရေအလို ဝါတော် ၂၀–အရ။မှန်နန်းရာဇဝင်အဆိုဝါတော် ၅ဝါအရတွင်သုနာပရန္တတိုင်းလှယ်ကိုင်းမည်သောဝါဏိဇ္ဇ။ ဂါမသို့။ ရှင်ပုဏ္ဏ-မဟာပုဏ္ဏတို့ ပင့်လျှောက်ချက်အရ၊ စန္ဒကူးနံ့သာ ကျောင်းတော်ကိုအလှူခံတော်မူရင်းကြွလာတော်မူရာ၊ သစ္စဗန္ဓ မုဆိုးကရသေ့ပြု၍ နေသောသစ္စဗန်တောင်နှင့် နမ္မဒါနဂါးမင်းတို့ နေရာ နမ္မဒါမည်သော မန်းမြစ်သို့ ရောက်တော်မူခိုက် – ၄င်းတို့တောင်းပန်ချက်အရ ခြေတော်ရာများကို ချထားတော်မူသည်၊ ဘုရားခြေတော်ရာဟူသည် တမင်မိဋ္ဌာန်တော်မူခြင်းမရှိကမည်သည့်နေရာမှာမှ ခြေတော်ရာထင်မြဲမဟုတ် ဖြစ်သတည်း။

## မန္တလေးမြို့ရှိ၊
## မဟာမြတ်မုနိဘုရားကြီးသမိုင်းချုပ်။

ဂေါတမဘုရားရှင်။သက်တော်ထင်ရှားရှိတော်မူစဉ်ကပင်။ ဓညဝတီ ရခိုင်ပြည်ကြီးရှင်၊ ဒါယကာတော်သူရိယစန္ဒာမင်း။ လျှောက်ထား တောင်းပန်ချက် အရ၊ ကိုယ်တော်ငွေ့ခုနစ်လက်ပေ့သွင်း၍သွန်းလုပ်တော်မူခဲ့သည်၊ထက်ဝယ်တော်အတိုင်း။ ၇တောင်၂မိုက်၂သစ်၊ ထက်ဝယ်တော်အချင်း ၆ တောင်တမိုက်ရှိသည်။ ကော

ဇာသဏ္ဍရာဇ် ၁၁၄၆ ခုတွင်၊ အမရပူရမြို့တည် နန်းတည်၍၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဘိုးတော် မင်းတရားကြီး ဘုရားသည်၊သားတော်အိမ်ရှေ့မင်းကိုစေလွှတ်၍၊ ရာဇဝင်သက် ၅၃၂၆ နှစ်၊ မင်းဆက် ၂၂၄ ဆက်၊ စိုးစံတော်မူခဲ့သော၊ ဓညဝတီ ရခိုင်ပြည်ကို၊ တိုက်သိမ်းတော်မူပြီးနောက်၊မဟာမုနိရုပ်ရှင်တော်ကို၊အမရပူရသို့ ပင့်ဆောင်တော်မူသည်၊

## ဘုရားရှင်၌ခြေသားတော်နှင့် ပေါင်သားတော် မပါဟူသောစကား

ဘိုးတော်ဘုရားသည်။ မဟာမုနိ ရုပ်ရှင်တော်ဝယ်၊ ခြေသားတော်နှင့်·ပေါင်သားတော်များ မပါမရှိသည်ကို၊ အဖြစ်အပျက်နှင့်တကွ ဖြေဆိုတော်မူရန်။ မောင်းထောင် သာသနာပိုင်ဆရာတော်ဘုရားကြီးကို လျှောက်ချာ။အောက်ပါကောက်နုတ်ချက်များကို၊ ဖြေဆိုတော်မူသည်။ ။ကြွေးမပိုင် ရခိုင်ဆပ်ပလေကျွန်မင်း၊ ကြက်ဘကြီးတောင်ညို၊ပြည်ထဲသာစေလို၊ရှင်ဒိုရောက်ပြီ သာလှ၏၊စသည်သိုက်နိမိတ်တိတ်နှင့်ညီစွာ။ သာသနာ့ဒါယကာ၊မဟာဓမ္မရာဇာ၏၊ ဘုန်းကံပါရမီတော်ကိုအမှီပြု၍၊ သံသရာဝဋ်ကြွေးကင်းလွတ်ကြောင်း၊ကောင်းမှုကုသိုလ်များကြသဖြင့်၊ အမရပူရရာဇဌာနီ နေပြည်တော်ကြီးစသော၊အရပ်ရပ်သူအပေါင်းတို့၊ စိုးပွါးချမ်းသာ။ တက်

ပွါးကာဖြစ်၍၊ သာသနာစည်ပင်တော့မည်ဟူ၍၊ ပညာရှိ
အပေါင်းတို့၊ ဆုံးဖြတ်မကုန်နိုင်ရှိသည်။ ။ရခိုင်ချောင်းတွင်၊
မဟာမုနိ၊ ရှိသည်ယခု။ ဆင်းရုပ်ထုကို၊ ဗိသုကာမှု။ ထိကြား
မ၍။ ပဉ္စလောဟာ။ ရတနာဖြင့်။ သွန်းခါမဖြစ်၊ ခုနစ်လက်
နွှေ့။ ကိုယ်ငွေ့တော်ယူ၊ တည်တော်မူမှ၊ ဘုန်းရှုဘုန်း
စည်။ ညီနည်းဘုရား၊ ကိုယ်တော်စားဟု၊ စပ်ဆိုလေ
သည်။ ။ယင်းသည့် မဟာမုနိဘုရားရှင်ကို။ ရွှေလက်
ထက်တော်စီရင်သွန်းလုပ်ရင်းကမှာ၊ အင်္ဂါကြီးငယ်။ ညီ
ညွှတ် တင့်တယ်စွာပင်ဖြစ်သည်၊ ရှေး ဇာတ်တော်က။
မာရ်အောင်ကျွန်းတွင် မင်းဖြစ်၍။ တောင်သူ့မြေတို့ကို။
ပေါင်လက် ဖဲ့ခဲ့ဘူးသောဝိပါက်။ မင်းသားငါးယောက်
တို့ကို။ နောက်ကြောနှုတ်ခဲ့ဘူးသောဝိပါက်။ သည်ဝိပါက်
၂ပါးကို၊ ငါ့ကိုယ်စားခံရစ်ပေဟု၊ ဗျာဒိတ်ထားတော်မူခဲ့
သည်နှင့်အညီ။ ရခိုင်မင်းရိုးမင်းဘီလူးကို၊ အမတ်သင်္ချယာ
ပုန်စားလျှင်၊ မြန်မာရပ်နှင့်သို့၊ သားတော် အိမ်ရှေ့မင်းရဲ
ဘယပြေးလာ၍။ အလောင်းစည်သူ မင်းဝယ် ခ စား
သည်တွင်။ မြင်သောလက်ျာမင်းနံ့ကို။ ရခိုင်မှာ နန်းတင်
သောအခါ။ ပါသောပြူတလိုင်းတို့သည်၊ သိမ်ရိရက်တောင်
ဝယ်၊ မဟာမုနိဘုရားရှင်ကို။ ဖိကျင့်တဆောင် ထိုး၍၊
နောက်ကြောသားတော်၊ ပေါင် လက်တော်တို့ကို ယူ
ဆောင်လေသည်။ ထိုတွင်မှအထက်ကိုယ်တော်ပမာဏ
သာ၊ ယခုအမြင်အတိုင်းရှိလေသည်ကို။ ရာဇဝင်တွင်ဆို
သည်၊ ။ချောင်းတွင်လည်း၊ တလိုင်းနှင့်မြူ။ နှစ်မြည်သူတို့
သုံးလူ့ထွတ်ချာ၊ မဟာမုနိ၊ တရိနာထော်။ ရုပ်ရှင်ကျော်

ကို။ပေါင်တော်ကြောသား။ယူသောအားဖြင့်ဟူ၍ စင်ဆို
လေသည်။ ။ချွတ်ယွင်းခြင်းများကို၊ ဘိုးတော်ဘုရား
ဖြင်ဆင်တော်မူသည်၊

## မောင်းထောင် ဦးကျော်လှ၏
## မဟာမုနိသမိုင်း သံချို ၄ ချိုး။

သမိုင်းအစဉ်။တိုင်းဧညပတ္တင်မှ။ပဉ္စလောဟာကြေးတို့။
ဂေါတမာအသွေးဘု။တွေးယူတိလို့။ သုရိယာစန္ဒာမင်း
က။ ကမ္ဘာချဉ်းအောင်သာသနာထွန်းစေဘို့။ ကိုယ်စား
တော်ကျို့ဖော်သွန်းသည်ဟု၊ မော်ကွန်းစာညွှန်းကာနှိပ်
ခဲ့။ကျွန်းညာထိပ်တောင်ဇမ္ဗူ။ ။စိန္တော်ရင်ရွေရင်ငွေ့နှင့်။
တင်၍လှုံ့ပွေ့ယူတိုသို့။ ဇုဏ္ဏ်ဘာဝါဖြင့်။ သာသနာ
အရှည်ခေတ်ထိ၊နေရစ်ပါငါ့ညီဘွားငဲ့။ ကိုယ်စားတော်
ထက်ဝယ်ဖွဲ့လို့။ ထားခဲ့တော်မူ။ ။ကျွမ်းသင်္ဂါယနာ
တင်တဲ့။ပါဠိဝင်စာတွင်မတွေ့ပြီဘု။အိမ်ရှေ့စံမြေရှိုင်
က။ ရွှေညာတိုင်ဒေဇာပင့်ခဲ့။ ရာမင့်နောင်ပြောင်ဖြူရတဲ့။
မူလပဋ္ဌမ်ဖြင့်။မုရစ်မနွတ်မျိုးက။မြတ်နိုးဘွယ်ကိုးဘွယ်
လို့ထားခဲ့။ ဘုရားမဟာမြတ်မန်သယန္တ။ မြန်ဇမ္ဗူ။မြန်
လှိုင်း။ ။ပြည်တကာသည်မှာဆိုကြ။ တည်ရတနာပုံ၊
အမည်ဘဂဝါမနိသို့၊ ရှိဦးတင်ဝစ်နွတ်ကာယ်နှင့်။ လော်
အုပ်မြိုင်မုတ်လိုဏ်သို့တွားဆိရင်၊နှုပ်များတော်သွားပေါ်
မလောက်ပြုံးသည်ဟု၊ နှလုံးတွင်ဘွင်ပီတိနှင့်၊ ထင်ဒိ

သင်ယောင်များကြ၊ အများပင်လူ့ပူဇော်တော့၊ တရားတော်သင်မဟောရစ်နှင့်၊ ရှင်ဂေါတမာသြဇာနှင့် ပိတ်ခဲ့လို့၊ဗျာဒိတ်တော်ထုတ်တော်မကြွေးရှာသတဲ့၊ အစိန္တိတံကို၊အနိဋ္ဌိသံလို့ရေးကဲ့၊ဘုရားပုံစံ၊နသုန္ဓရံဖြင့် တွေးကြတော့၊ရှေးကသမိုင်း။

—၀—

# မန္တလေးမြို့ရှိ မဟာသကျသီဟ ရုပ်ရှင်တော်အကြောင်း။

ရတနာပူရ အင်းဝမြို့တော်ကြီးကို စတုဒ္ဒသအကြိမ်မြောက် ဘုန်ဆင်းတည်ထောင်တော်မူသော၊ မဟာပိဋကရံသီစေတီတော်ဒါယကာ၊ ဘကြီးတော်မင်းတရားသည်၊သက္ကရာဇ်-၁၁၈၈-ခုနှစ်တွင် သွန်းလုပ်ကိုးကွယ်တော်မူသည်၊အမြင့်ပမာဏတော်၊ ၉ တောင် ၂ မိုက်။ ထက်ဝယ် အချင်းပမာဏ တော် ၇ တောင် တမိုက် ၄ သစ်၊ စမ္ပခန်နေရာတော် အချင်း ၈ တောင် ၁ မိုက် ၄သစ်၊ အမြင့် ၂မိုက် ၄သစ်၊ မောင်းတော် လုံးပတ် ၃တောင် ၂ မိုက်၊ ၄သစ်။ ။ကြေးနီ့,သံ,သလွှဲ,ကြေးစင်ဗိသာ တသောင်းခြောက်ထောင် (၁၆၀၀၀) ငွေသပြာ(၁၀၀၀၀၀)ရွှေသပြာ(၁၀၀၀၀)ရုပမ္ဗလောဟာချိန်ဝန်ဗိသာ (၁၆၁၁၀)ကို သွန်းသည်။ အမရပူရသို့ထီးနန်း ပြောင်းရွှေ့သောအခါ၊ ဒိုင်တော်ရာ မဟာလောကရံသီ စေတီတော်ဒါယကာ (ပုဂံ)မင်းတရား

လက်ထက် သက္ကရာဇ်-၁၂၀၉--ခုတွင် အင်းဝမှပင့်၍ အမရပူရမှာ ကိုးကွယ်တော်မူသည်။မန္တလေးသို့ ထီး နန်းပြောင်းရွှေ့ ပြန်သောအခါ၊ သက္ကရာဇ်-၁၂၄၆ ခု တွင် မန္တလေးတနာပုံမြို့တည်နန်းတည်ပဥ္စမသင်္ဂါယနာ တင်မင်းတရားကြီးဘုရားမင်းအဖြစ်သို့ရောက်တော်မမူ ပြီ၊ စံနေတော်မူဘူးသည့်၊ မန္တလေးမြို့ အနောက်ပြင် အောင်နန်းရိပ်သာရပ်သို့ မန္တလေး ရတနာပုံ ဒုတိယ နန်းစံမင်းတရား လက်ထက်ပြောင်းရွှေ့ကိုးကွယ်တော် မူသည်။

—၀—

## အိမ်တော်ရာ ဘုရားအကြောင်း။

ခမည်းတော် ရွှေဘိုမင်းနတ်ရွာစံတော်မူသောအခါ သားတော် ပုဂံမင်းသည်၊ခမည်းတော်၏ အရိုက်အရာ တော်ကို ဆက်ခံတော်မူလျက်။ ခမည်းတော်နှင့်အတူ ခေတ္တစံနေတော်မူဘူးသော။ မင်းတဲဒေဝန်းရပ်ရှိ အိမ် တော်နေရာတွင်၊ဘိနပ်အချင်း ၅၆ တောင် ၂ မိုက်၊အချပ် သံတောင် ၆၁ တောင် ၂ မိုက် ၅ သစ်ရှိသောစေတီ တော်ကို ၁၂၀၉-ခု နတ်တော်လဆန်း ၁၁ ရက်နေ့တွင် တည်တော်မူ၍၊ မဟာလောကရံသိ ကမ္ဗည်းတပ်တော် မူပြီးလျှင်။ ရေစက်သွန်းတော်မူသည်၊ သူဂုဏ်မှူးနှင့် ချုပ် ထားရှိသော။ စကြာခေါင်တုံးခေါ် သူဂုဏ် ၄,၅၅၁နှင့်၊ ဂုန်ကန်ချ ပါသည့် လူ ၂၈ အိမ်ထောင်သား တို့ကို လည်း၊ လုပ်မြေနေမြေပေးပြီးလျှင် ကျွန်သိမ်းတော်အဖြစ်

လှူတော်မူ၍၊ ဆန္ဒနိဆင့်မင်းငွေတော်နှင့် ဆင်တံတား ကိုလည်း ခင်းလှူတော်မူသည်၊ တောင်တွင်းကြီးမြို့ဝန် မင်း၏ မင်းခေါင် ကျော်ကလည်း၊ ကုသိုလ်တော်ပွါး၊ မိကျောင်း တံတားကြီးကို ပြုလုပ်ဆက်သ လှူတော်မူ သည်၊

—၀—

## ကျောက်တော်ကြီး၊ စန္ဒာမုနိနှင့်၊ ကုသိုလ်တော် ဘုရား ၃ ဆူအကြောင်း

မဟာလောကမာရဇိန် ဘွဲ့တော်ရှိသော စေတီ တော်ကြီးကို၊မန္တလေးရတနာပုံမြို့တည်နန်းတည် ပဉ္စမ သင်္ဂါယနာတင် အသျှင်ဘဝရှင် မင်းတရားကြီးဘုရား သည် မန္တလေးတောင်အနီးမှာတည်တော်မူ၍၊ ဝိနည်း ငါးကျမ်းပါဠိတော်ကျောက်ချပ်ရေ ၁၁၀။ အဘိဓမ္မာခု နစ်ကျမ်း ကျောက်ချပ်ရေ ၂၀၈။ သုတ်သုံးကျမ်းပါဠိ တော်ကျောက်ချပ်ရေ၄၁၀များကို၊ကုသိုလ်တော်မဟာ လောက မာရဇိန်ဘုရား။ ပဌမမဟာ၏အတွင်းတတိုင်း နှံပတ်သည်အုတ်ပြသာဒ်ဂူတည်လုပ်၍ကျောက်ချပ်ရေ ၄၂။ဒုတိယမဟာ၏အတွင်းဂူပြသာဒ်တည်လုပ်၍ ကျော် ချပ်ရေ ၁၆၈။ တတိယမဟာ၏အတွင်းဂူပြသာဒ်တည် လုပ်၍ ကျောက်ချပ်ရေ ၅၁၉။ ဝိဋ္ဌကာတ်ထုလုပ်သည့်အ ကြောင်းအရာ ကျောက်စာဂူတစ်၊ ဂူဂူကျောက်ချပ်ရေ ၇၃၀များကို၊ပြသာဒ်တဂူလျှင် ကျောက်ချပ်တစ်ချပ်စီသွင်း ထားကိုးကွယ်တော်မူသည်။

## ကျောက်တော်ကြီးဘုရား၊

မဟာသကျမာရဇိန်ဘွဲ့တော်ရှိသော ကျောက်တော်ကြီးဘုရားကို၊ ၁၂၂၆-ခုတွင်၊ ပဉ္စမ သင်္ဂါယနာတင်မင်းတရားကြီးဘုရားသည်၊ စကျင်တောင်မှ၊ ကျောက်တော်ကြီးကိုယူဆောင်စေ၍၊ မန္တလေးတောင် အနီးမှာ ဘုရားထုလုပ်ကိုးကွယ်တော်မူသည်။

—o—

## စန္ဒာမုနိဘုရား၊

ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး ဘုရားသည်၊ အမရပူရ ပဌမမြို့တည် နန်းတည်။ ဘိုးတော်မင်းတရားကြီးဘုရား။သွန်းလုပ်တည်ထားတော်မူခဲ့သော၊သံအချိန်ဗိဿ ၁၁၃၆၈-ရှိသော၊ စန္ဒာမုနိ ရုပ်ရှင် တော်ကို၊ မန္တလေးသို့ ပင့်ဆောင်တော်မူ၍၊ ၁၂၂၈-ခုနှစ်၊ အရေးတော်တွင်၊ နတ်ရွာ စံလွန်တော် မူကြရကုန်သော၊ ညီတော်အိမ်ရှေ့ဘုရားနှင့်၊သားတော် မလွန်မင်းသား၊ ပြင်စည်မင်းသား၊ စကုမင်းသားတို့၏ အလောင်းတော်များကို၊ စံနန်းတော် ဆောင်မတော် နေရာတွင်၊ အုတ်တိုက်ရတည်၍၊သင်္ဂြိုဟ်တော်မူရာ၊ စန္ဒာမုနိ ဘုရားရှင်ကိုလည်း၊ ဂူများနှင့်စပ်လျဉ်လျက်၊ အုတ်ရိုး စေတီနှင့် ၁၂၂၉-ခုနှစ်တွင်၊တည်ထားကိုးကွယ်တော်မူသည်၊

## ဝါခင်းကုန်းဘုရား။

ခမည်းတော် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး ဘုရား၊နတ်ရွာစံလွန်တော်မူလျှင်။ သားတော် သီပေါမြို့စားမင်းသားသည်၊ခမည်းတော်၏အရိုက်အရာကို၊ဆက်ခံတော်မူပြီးနောက်၊ ၁၂၄၁-ခုနှစ်တွင်၊ မန္တလေးရွှေမြို့တော်အရှေ့။ မဟာသိရိဟေမဝန် ဥယျာဉ်တော်တွင်းဝယ်။တိုနပ်တော် ၅၅ တောင်၊ အရပ်တော် ၅၆ တောင်ရှိသော စေတီတော်ကိုတည်တော်မူ၍ (မာရ်အောင်ရတနာ)သမုတ်တော်မူပြီးလျှင်။ရေစက်သွန်းချ ဌာ။ဒါန်းကိုးကွယ်တော်မူသည်။

—၀—

## ပုဂံမင်းရှင်စောကောင်းမှုတော်များ

အရိမဒ္ဒနာ။ပုဂံရာမပြည်ကြီးဝယ်။သက္ကရာဇ် ၄၅၄ ခုတွင်၊နန်းတက်တော်မူသော။အလောင်းစည်သူမင်းကြီးသည်၊နေ့ဝရထာမင်းစော၏မြေးတော်အလွှေး။ ရတနာပုံမည်သော။ တောင်မိဘုရားခေါင်ကြီးမှ ဘွားမြင်တော်မူသော။သားတော်မဟာဥပရာဇာမင်းရှင်စောကို။အမျက်တော်ရှိ၍။ပုဂံပြည်မှ နှင်ထုတ်တော်မူလိုက်ရာ။ အောင်ပင်လယ်အရပ်သို့။ ဗိုလ်တသိန်းနှင့် ထွက်တော် မူခဲ့ပြီးလျှင်။ မြို့ရာသစ်မြောက်ကုန်းတွင်မြို့တည်၍ နေတော်မူသည်။ထိုအရပ်တွင်၊ဆင်မြင်းအခင်းမသာ၍၊ မြစ်နားသို့ပြောင်း၍တည်ပြန်သည်။ထိုမြို့သည်၊ မြို့သစ်မြို့ဟု တွင်

သည်။မြစ်ငယ်ရေကွေ့ကိုပိတ်၍တည်သည်။ထိုတွင် သက်တော်ရဘုရားကိုတည်တော်မူ၏။ မြို့ဟောင်းကား။ ဖြင်သာမြို့ဟုတွင်သည်။ ထိုမြို့မှပြောင်း၍။ မြစ်ငယ်တောင်ဘက်တွင်နေသည်၊ ထိုမှပြောင်းပြန်၍၊ ဗိုလ်တက်မှာနေသည်။ထိုတောင်ဘက်မြို့သည်။ တပြက်သာမြို့ဟု တွင်သည်။ မြောက်အရပ်ကား-ဗိုလ်တက်မြို့ဟုတွင်သည်၊ထိုမြို့တွင်နေ၍။ကျွန်းလှဆည်တော်၊တမုတ်ဆိုးဆည်တော်၊အောင်ပင်လယ်ကန်ကြီးများကို၊ ထာဝရ တည်အောင်ဆည်ထား ပြုရတော်မူသည်၊ သက္ကရာဇ် ၅၁၀ တွင်၊ အောင်ပင်လယ်ကန်ကြီး ဆည်၍ အောင်မြင်တော် မူ၍။ လယ်ပယ် ၃၀၀၀၀ ကိုပြုရတော်မူသည်၊

—၀—

## မန္တလေးအရှေ့-ရန်ကင်းတောင်။

တနံ့ရောအခါ၊ အောင်ပင်လယ် တချောက် တွင် မိုဃ်းခေါင်၍။ကန်တော်ဆည်တော်များမှာ။ ရေရှားပါးရှိရာ၊အရိယာသံဃာတော်များကိုပင့်၍။ ငါးရံ့မင်း ပရိတ်တော်များကိုရွတ်ဘတ်သရဇ္ဈာယ်သည်ကိုနာတော်မူပြီးလျှင်၊ကျောက်ငါးရံ့ရုပ်ကြီးများ ထုလုပ်၍၊ အောင်ပင်လယ်ကန်ထိပ်ကရှိသောတောင်ပေါ် တွင်။ သယံဇာတဖြစ်ပေါ်၍နေသော၊ ကျောက်တွင်းကြီး အတွင်းမှာ။ ဘုရားလောင်းငါးရံ့မင်းကို။ ရုပ်ပွားကိုးကွယ်၍ ထားတော်မူရာတွင်မှ။ မိုဃ်းကြီးသည်းထန်စွာ ရွာသွန်းပြီး

လျှင်။ကန်တော်ကြီးများ ပြည့်လျှမ်း၍၊ လယ်ပယ်များ ကောင်းမွန်ဝပြောသာယာရှိသတည်း။

—o—

## မန္တလေးမြို့ရှိ ရွှေကျီးမြင်ဘုရား။

မင်းရှင်စောသည် မန္တလေး တောင်ဖွမ်းတလျှောက် ဖွည့်တော်မူလာရာ။တောအုံ အတွင်း၌ ဥဒေါင်းပမာဏ ရှိသော၊ ရွှေကျီးကို မြင်တော်မူသဖြင့် လိုက်လန်ဖမ်း ဆီးစေသော်ရွှေကျီးကွယ်ပျောက်၍ရှေးသိရိမ္မာသော ကမင်းကြီးတည်ထောင်း စေတီတော်ငယ်တခုကို တွေ့ ကြရာ။သစ္စါတော်မူသဖြင့် ထပ်မံတိုးချဲ့၍ စေတီတော် ကြီးကို တည်တော်မူခဲ့သည်။ ရွှေကျီးကိုမြင်တွေ့သည် ကိုအကြောင်းပြု၍ ယခုတိုင်(ရွှေကျီးမြင်ဘုရား)ဟုထင် ရှားစွာသတည်း ရွာ တိုင်း ဈေး အနီးရှိ ဗဟာတ်တော ဘုရား။အရှေ့ အနောက်အရပ်ဟာန်ထိမ်တော်များ။အနောက် အရပ်ဟာန်ထိမ်၏မြောက်ဘက်က၊ မင်းရှင်စောရုပ်ဟု ယခု တိုင်ခေါ်ဝေါ် ကြသော ဂူနီကြီး၊ ၎င်းမှအရှေ့ တဖွမ်းဂူ ပေါင်းများစွာတို့နှင့်ပတ်လည်လက်မ ၇ဝကျော်ရှိသော အုတ်ချပ်ကြီးများမှာ မင်းရှင်စော လက်ထက်တော်က တွင်းကျန်သော အစအနများဟု သက်ကြီးတို့ပြောစဉ် ဖြစ်ရစ်သတည်း။

## အမရပူရမြို့ရှိ—ပုထိုးတော်ကြီး။

ဘကြီးတော်မင်းတရားသည် သက္ကရာဇ်၁၁၈၁–ခုတွင် အမရပူရမြို့နှင့်ဘိုးတော်ဘုရား အရိုက်အရာတော်ကိုဆက်ခံ၍ မင်းအဖြစ်သို့ ရောက်တော်မူသောနှစ်မှာပင်၊ အချင်းဘိနပ်သံတောင် ၁၂၀။ အရပ်ပမာဏသံတောင်–၁၂၀–ရှိသောပုထိုးတော်ကြီးကိုတည်တော်မူ၍၊ မဟာဝိဇယရံသီ သမုတ်တော်မူသည်၊ သက္ကရာဇ်–၁၁၈၉–ခုတွင်လည်း။ အချင်းသံ ၅တောင် အမြင့်သံ ၅တောင် ၂မိုက်။ ဖုဇွန်ထုပ်ခြသော့ရုပ်များနှင့်၊ ခေါင်းလောင်းတော်ကြီးကို၊ကြေးချိန်သပြာတသိန်းငါးသောင်း (၁၅၀၀၀၀)နှင့် သွန်းလုပ်တော်မူ၍ (မဟာမေရုမကုဋယဏ္ဍာရာဇာ) ကမွည်းတပ်၍။ မဟာဝိဇယရံသီဘုရားတံတိုင်းအတွင်း၊ အရှေ့မျက်နှာကာ၊ဇရပ်ဆွဲလားတင်လှူတော်မူသည်၊

. . . . . . . .

## အမရပူရမြို့။ တောင်မင်းကြီးဘုရား။

အမရပူရမြို့တော်တောင်၊ တောင်သမန်အင်းကြီး၏အနောက်ဘက် ကမ်းထိပ်တွင်၊ တောင်မင်းကြီးဘုရားရှိတော်မူ၏၊ရှဥ့်ရိုးဆင်းတုရုပ်ပွားတော်ကြီးဖြစ်သတည်း အများအခေါ်မှာ၊ တန်ဆောင်းမရှိဘဲနေပူထဲတွင်ကာလကြာမြင့်စွာ တည်နေတော်မူခဲ့ရ၍။ နေပူခံဘုရားကြီးဟုခေါ်စမှတ်ပြုကြသည်၊ ယခင်ကငှင်းဘုရားကြီးကို တန်

ဆောင်းပြုလုပ်လျှင် သေကြေတတ်သည်ဟုမမြင်ဆင်ဝံ့ကြသေ်လည်း ယခုမှာမူ မြည်သူ မြည်သားများနှင့် အမရပူရမှလူကြီးလူကောင်းတို့ကမြင်ဆင် ပြုလုပ်ထားကြသဖြင့်၊တန်ဆောင်းတော်ကြီးနှင့် သာယာစွာတွေ့မြင်ကြရပေပြီဖြစ်ကြောင်း။ ။ဘုရားကြီး၏အမြင့်ပမာဏတော်မှာ ၃၁တောင် ၁မိုက်၊ တင်ပြင်ခွေလုံးပတ်တော်အတောင် ၄၀။ နှစ်ဘက်ဒူးစွန်းအကျယ် ၂၁တောင်၊ မကိုဋ်တော်အရပ် ၈ တောင် ၂ မိုက် ၄သစ်ရှိသည်။

---

## နာဂိသာရသံ ပိဋကကြီး အကြောင်း။

ငှင်းတောင် မင်းကြီးဘုရားမှာ ဘာလမကြာသေးစေကာမူ-မူလရင်း ဘုရားဒါယကာကို ရှင်းလင်းသေခြာစွာရှာဖွေမတွေ့ရ ဖြစ်သော်လည်း။ တောင်မင်းကြီးအမည်ရှိသော–အမတ်ကြီးတပါးတည်ထား ခဲ့သည်ကိုမူကား သိကြရသေးသည်ဖြစ်ကြောင်း၊ ထောက်ထားချက်များကိုရှာရသမျှရေးသါးရမည်ဆိုသော်။သဇ္ဇဓါတုကာပိဋ္ဌာခရ ပကာသနီကျမ်းတွင်။ အမရပူရမြို့၌ နောင်တော်ကြီးဆက်ခံ၍။ ခေတ္တစံတော်မူစဉ်။ ငှင်းမြို့အရှေ့တောင်ယွန်း။ တောင်သမန်ရွာ၏အနီး။ နွားနို့ရွာကြီး၌။ အရှင်နာဂိန္ဒသာရမည်သော၊ ဘုန်းတော်ကြီးသည်။ ခတ်ိရန်လောဟာမည်သောသံကိုစိမ်၍။ အပြီးရောက်သဖြင့်၊ရွှေငွေကို လုပ်ကိုင်ပြီးလျှင်၊ အမရပူရဆင်ပြူဝန်မင်း၏အဘကို၊ ငှင်းရွှေငွေကိုအပ်နှင်းလျက်။ တောင်သမန်

အင်းအနောက်ဘက်ကမ်းထိပ်တွင်။ နောက်သားနောင်
လာသူတော်စွာတို့ဒါသို့တမူ အကြံတရှုလျှင်၊ သုံးစေအံ့
ဟု။ မိုးဃမ်းကြိုး ပုပိုက်ကို၊ ကြေးအုပ် နှင့် ထည့်၍။
၎င်းတည်ထား အပ်သော ရုပ်ပွါးတော်ကြီး၏ အနီး၊
စေတီယာပြင်ကြီးအောက်တွင်၊ ၎င်းမိုးဃမ်းကြိုးပုရပိုက်
၌။ ထွက်ရပ်သိမ္ဗလမ်းကြီးကို။ ပြီးဆုံးတိုင်အောင်၊ ရေး
သား မှာထားလျက်ပြုပြီးမှ။ ၎င်းပုရပိုက်နှင့် ထိုက်တန်
သူပါရမီရှင်မှန်လျှင်။လွယ်လင့်တမူ။ မတွေးမတွဘဲနှင့်၊
၎င်းစေတီယာပြင်အောက်တွင်။ ၃ လ တန်သည် ၄ လတန်
သည်။သီလ သတင်းဖြင့်နေထိုင်ပါမူကား ဩသမိဒေဝ
မည်သောနတ်တို့သည်ယူဆောင်၍၊ ကောင်းစွာပေးလာ
လိမ့်မည်ဟုမှတ်ရာ၏။ ၎င်းပုရပိုက်ကိုရရှိပါက။ အရှင်
နာဂိသသရမည့်သောသံပိဋ္ဌကြီးနှင့်၊ အတူတကွနေထိုင်
ရ၍၊ နောင်အရိမေတ္တေယျတဆင့်၊ဘုရားအပွင့်မှ။ အသင့်
ပူဇော် ရလတ္တံ့ သော။ နာဂိသသရ သံပိဋ္ဌကြီးလည်း
တရပ်ဟု - အဆိုရှိသတည်း။

အခြားမှတ်သားချက်တချမှာ။အမရပူရမြို့ဝန်၊ မဟာ
သိပာသူရဘွဲ့ခံ။ ဦးချောက်ကြီးမှာ၊ မြန်မာ ပညာရှိကြီး
တဦးဖြစ်၍။ (၁)ဥဒေါင်းမင်းပျို့ (၂)စန္ဒကိန္နရီပျို့ (၃)ဇာ
သိသိဂ်ပျို့ (၄)နှမတော် ပုဂံမင်းသွီးချင်း (၅)ရေ့ချုံး
စာတမ်း(၆)ညောင်ရမ်းမင်းချင်း(၇)သွီးတော်ပုဘုရား
ချင်း (၈)ရတနာပူရနန်းဘွဲ့မော်ကွန်း (၉) ရတနာပူရ
မြို့တည်မော်ကွန်း (၁၀) ရတနာပူရ မြို့တော်လာမော်
ကွန်း(၁၁)မင်းကွန်းစေတီတော်တည်မော်ကွန်း(၁၂)

မဟာဝိဇယရံသိစည်းခုံတော်မော်ကွန်း(၁၃)ပုဏ္ဏရိက ဆင်တော်မော်ကွန်းစသည်များကို။ ရေးသားဆက်သွင်း နိုင်သောပုဂ္ဂိုလ်ကြီးတည်း။ ၎င်း၏အဘမှာလည်း၊ ဘိုး တော်ဘုရား လက်ထက်တွင်။ မြို့ရွာဇာတ်ကျေးနှင့်။ အမှု တော်ကိုထမ်းရွက်ရသောအမတ်ကြီးပင်ဖြစ်၍။ အဘိုး မှာမူကား။အလောင်းမင်းတရားကြီးလက်ထက်တွင်၊ အ မတ်တဦးဖြစ်၍။ နောင်တော်ကြီး လက်ထက်နှင့်။ ညီ တော်ဆင်ဖြူရှင်လက်ထက်များမှာ။ မြို့ဝန် မြို့ကွပ်ခန့် အပ်တော်မူသည်၊ အမရပူရ ပဋ္ဌမမြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဘိုးတော် မင်းတရားကြီး လက် ထက်မှာ။ အဂ္ဂမဟာသေနာပတိ ဝန်ကြီး ခန့်တော်မူ၍။ (တောင်မင်းကြီး)ဟုထင်ရှားတော်မူသတည်း၊ ဤကား တောင်မင်းကြီးဘုရားနှင့်စပ်သော၊ မှတ်သား ထားချက် တို့ကို။နိုင်းချိန်ရန်။ဘော်ပြချက်တို့တည်း။

........

# စစ်ကိုင်းတောင်ရိုး၊ သာသနာ့အကျိုးဆောင်အသင်းကြီး များ။

စစ်ကိုင်းတောင်ရိုးတလျှောက်၌၊ ရဟန်းသံဃာ-သူ တော်-သီလရှင်စသော၊ သာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်များ ကို၊ ကူညီထောက်ပန့်ဖျူဒါန်းထျက်ရှိကြသော၊ နိုင်ခန့်

သော အသင်းကြီးများမှာ။ (၁) ရေစက်အသင်းကြီး၊ (၂)ဆွမ်းလောင်းအသင်းကြီး (၃)မန္တလေးမြို့ မလွန် ဆန်လှူအသင်းကြီးများ ဖြစ်ကြလေသည်၊ ထိုအသင်း ကြီးများပေါ်ပေါက်ရှိနေမှုကြောင့်။ ရေနှင့် ဆွမ်း ကွမ်း အတွက်၊ ချောင်ပေါင်းများစွာတို့မှာ။ များစွာအကျိုးခံ စားရ၍။ပရိယတ်ပဋိပတ်များကိုအားထုတ်နိုင်ကြသဖြင့် ဤခဲ့သို့သောအသင်းကြီးများကိုအားပေးချီးမြှောက်သင့် ကြသည့်အတိုင်း။မြန်မာပြည်။ ရှမ်းပြည်များမကျန်။ကု သိုလ်ပါဝင်လှူဒါန်းနေကြသည်မှာ။ များစွာ သာဓုအနု မောဒနာခေါ် ထိုက်လှပေကြောင်း၊ နောင်ကိုလည်း၊ အ စဉ်မှာဝရ၊ ခိုင်မြဲသည်ထက် တိုးတက် ခိုင်မြဲ စေရန်၊ သဒ္ဓါပသန္နတရား။တိုးပွါးရင့်သန်စွာ၊ တိုင်းပြည်၏အကျ အညီကိုရရှိပါစေသောဟု။ဆုတောင်းအပ်ပါကြောင်း၊

## ရေစက်သင်းကြီးနှင့် ဆွမ်းလောင်း သင်းကြီး။

ရေစက်သင်းကြီးနှင့်-ဆွမ်းလောင်းသင်းကြီးမှာ။သီး ခြားတသင်းစီ ဆိုရသော်လည်း၊ ရွက်ဆောင်ကြသော လူကြီးမင်း များမှာ။ စစ်ကိုင်းမြို့မှ-အောက် အမည်ပါ လူကြီးများသည်။ ၁၉၃၄-ခု။ ၆-လချုပ် စာရင်းအရ၊ နှစ်သင်းစလုံး၏အမှုဆောင်အဘွဲ့ဝင်လူကြီးများ ဖြစ်ပေ ကြောင်း၊



၁။ ဦးစံမင်း A.T.M.ဥက္ကဋ္ဌချုပ်နှင့်ငွေထိမ်းလူကြီး၊
၂။ ဦးတိုးထွန်း A.T.M. အငြိမ်းစား ဝန်ထောက်မင်း ဥက္ကဋ္ဌလူကြီး။
၃။ ဦးဘဦးအငြိမ်းစားမြို့အုပ်မင်း။ဒုတိယဥက္ကဋ္ဌလူကြီး
၄။ ဦးမြစ်အငြိမ်းစားရုံးချုပ်စာရေးကြီး၊ ငွေစာရင်းစစ်လူကြီး၊
၅။ ဦးတိုးသစ်၊ဒုတိယတန်းရှေ့နေ။အကျိုးဆောင်စက္ကရီတေရီ၊
၆၊ ဦးဖှ ဒုတိယတန်းရှေ့နေ၊ အကျိုးဆောင်တွဲဘက်စက္ကရီတေရီ။

## မန္တလေးမြို့။
## မလွန်ဆန်လှူ အသင်းကြီး။

မန္တလေးမြို့ရှိ၊မလွန်ဆန်လှူအသင်းကြီးမှာ၊ နှစ်စဉ်တော်သလင်းလပြည့်နေ့တိုင်း။ စစ်ကိုင်း ရှင်ဖြူ ရှင်ဖှ ဆိပ်ကမ်းတွင်၊ဆရာတော်ကြီးများနှင့် ရေစက်သွန်းချ၍ တောင်ရိုးကြီး တလျှောက်နှင့် နီးစပ်သော၊ တောပိုင်း ရဟန်းကျောင်းအချို့ပါ။ တခန်းတနား လှူဒါန်း ခဲ့ကြသည်မှာ။ နှစ်ပေါင်းများစွာ ကြာရှည်လာပြီဖြစ်သည့်အတိုင်း၊ ခိုင်မြဲသည်ထက် တိုးတက်ခိုင်မြဲစွာ တည်ရှိပေကြောင်း၊အထက်အောက်မြန်မာပြည်ကြီးနှင့်တကွ။ ရှမ်းပြည်မကျန်၊စိတ်အားထက်သန်စွာ၊ပူဇော်လှူဒါန်းခဲ့ကြ

ကြောင်း။လာမည့်နှစ်များအတွက်လည်း။ ဆယောက်တပိုးတိုးထက်လှူဒါန်းပူဇော်နိုင်ကြပါစေသောဟု။ဆုတောင်းပါကြောင်း။ ၁၂၉၆-ခုနှစ်၊စာရင်းအရ အမှုဆောင်လူကြီးများမှာ။အောက်စာရင်းပါအတိုင်းဖြစ်ပေကြောင်း။

၁။ ကျိဝန်စာရေးမင်းဦးသင်၊ဥက္ကဋ္ဌလူကြီး။
၂။ ပွဲစားကြီး ဦးစံနွန်း။ဒုတိယဥက္ကဋ္ဌလူကြီး။
၃။ ပွဲစားကြီးဦးပေါ။ဒုတိယဥက္ကဋ္ဌလူကြီး။
၄။ ကုန်သည်ကြီးဦးတေး၊ငွေထိမ်းလူကြီး။
၅။ ပွဲစားကြီး-ဦးမောင်ကြီး။ } အကျိုးဆောင်
၆။ ပွဲစားကြီး—ဦးဆိုင်။ } စဋ္ဌရိတေရီများ။
၇။ စာတိုက်ရှင်ဦးတင်မောင် }

အထက်ပါ ဆန်လှူသင်းကြီးမှ၊ လှူဒါန်း နေသောချောင်စာရင်းများကိုလည်း။ ဆက်လက်ဖော်ပြလိုက်ပါကြောင်း။ ၊သို့ရာတွင်ချောင်ပေါင်း။၁၀၀ ကျော်မှာသဃ်ာမရှိသည့်ဖြင်။အချို့ သိလရှင်ချောင်များ၊မှာ -အလှူခံရန်စာရင်းမသွင်းကြကြောင်း။

# စစ်ကိုင်းတောင်ရိုးရှိ၊ ချောင်များ စာရင်း။

အရှေ့မှန်ကျောင်းချောင်
အမိဋ္ဌချောင်
အတိသုန္ဒါရုံချောင်
အနန္တသူရိယချောင်
အရိယာဝံသချောင်
အနိုးစခန်းချောင်
အနုရုဒ္ဓါချောင်
အတိသာရချောင်
အရှေ့မေစာဝန်ချောင်
အနောက်မေစာဝန်ချောင်
အရှေ့မော်လမြိုင်ချောင်
အနောက်မော်လမြိုင်ချောင်
အဘယသုခချောင်
အရှေ့ဇမ္ဗူသာယကျောက်ဝိန်းတိုက်
အရှေ့ဇမ္ဗူသာယလောကမှန်ကူတိုက်
အရှေ့လေးထောင့်ကန်ချောင်
အနောက်မှထောင့်ကန်ချောင်
အရှေ့ပရဏ္ဏမချောင်
အထက်မင်းဘူးချောင်
အထက်သရက်ကန်ချောင်
အောင်မြေသာစည်ချောင်
အောင်ဇေယျချောင်
အောက်မင်းဘူးချောင်
အောက်သရက်ကန်ချောင်
အောင်မြေရတနာရာမချောင်
အုံတော်ချောင်
အိပ်မြို့တောရတိုက်
အသောကာရာမချောင်
အာကာသကျချောင်
အထက်လေးထပ်ချောင်
အတိသုခချောင်
အထက်ဇမ္ဗူသာယချောင်
အရိယမဂ္ဂင်ချောင်
အတိသိတာရုံချောင်
အနောက်မှန်ကျောင်း
အဘယသာစည်ချောင်
အောက်ပရဏ္ဏမချောင်
အနောက်ရွှေကူချောင်
အောင်မြင်ချောင်
အုဋ္ဌိကျောင်းချောင်
အနောက်ဇမ္ဗူသာယချောင်
အလည်ပရဏ္ဏမချောင်
အလည်တောရချောင်
အနောက်အလည်တောရချောင်

## ၁၅၂။ စစ်ကိုင်းတောင်ရိုးရှိ–ချောင်းအမည်စာရင်း။

| | |
|---|---|
| အရှေ့ဥရုဝေချောင်း | ကင်းရွှေဘုံသာချောင်း |
| အနောက်ဥရုဝေချောင်း | ကတူးချောင်း |
| အောက်မဂ္ဂင်ချောင်း | ကြက်သောင့်ချောင်း |
| အထက်မဂ္ဂင်ချောင်း | ကြက်သောင့်မြောက်ချောင်း |
| အထက်ရွှေဂူချောင်း | ကန္တာရာရာမချောင်း |
| အုတ်ချပ်ရေကန်ချောင်း | ကင်းတောရကြီး |
| အဘယရွှေဂူချောင်း | ကန္တားယံချောင်း |
| ကျောက်ပဒိုင်ချောင်း | ကိန္နရာချောင်း |
| ကျောက်တံခါးချောင်း | ကောဏ္ဍညချောင်း |
| ကျောက်တာကန်ကြီးချောင်း | ကျီးမနိုးချောင်း |
| ကျောံတာ အနော်ကျောင်း | ကျားရူးချောင်း |
| ကျောံတာ ကန်ဦးကျောင်း | ချမ်းငချောင်း |
| ကျောံတာအလယ်ကျောင်း | ချမ်းသာကြီးချောင်း |
| ကျောံတာအရှေ့ ကျောင်း | ခေမာသီစံချောင်း |
| ကျောက်အိုးချောင်း | ခန္တီဗလသုခချောင်း |
| မြောက်ကျေးဥချောင်း | မြေတော်ရာ မန်ကျည်းကုန်းကျောင်း |
| တောင်ကျေးဥချောင်း | ဒိုတောင်ကျောင်း |
| ကျိုက်လပ်ချောင်း | ဒိုတောင်ချမ်းသာရေကျောင်း |
| ကြံခင်းချောင်း | ခန္တီသောမချောင်းသစ် |
| ကြည့်မြင်တိုင်ချောင်း | ချမ်းသာရငါးမြှစ်ဝန်ကျောင်း |
| ကြာနီကန်တောရ | ခန္တီဗလချောင်း |
| ကြွယ်လူးတောရ | ခန္တီသောမအောက်ချောင်း |
| ကောင်းမှုတော်တောရ | ချမ်းသာရချောင်း |
| ကျစွာချောင်း | ခြသေ့သုံးဆယ်ချောင်း |

ချမ်းမြသာစည်ခေါ် ဟံသာဝတီကျောင်း
ခန္တီသောမကျောင်း
ဂိရိကဏ္ဍရကျောင်း
ဂုဏဝါကျောင်း
ဂူအောင်းကျောင်း
ဂေါသိတာဝန်ကျောင်း
ဂုံးကျောင်း
ငလက်တောရအရှေ့တိုက်
ငလက်တောရအနောက်တိုက်
ငွေသံကြားကျောင်း
ငွေတောင်တောရကျောင်း
ငွေကူကျောင်း
ငွေတောင်တောရတောင်တိုက်
ငွေတောင်တောရမြောက်တိုက်
ငွေတောင်တောရ
စကြာသိမ်ကျောင်းတိုက်
စိန္တာမဏိကျောင်း
စကြာဂူကျောင်း
စကြာတိုက်သစ်
စကြာတိုက်ဟောင်း
စန္ဒဝံကျောင်း
စကျင်ကျောင်း
စာရေးပြသာဒ်ကျောင်း
စာရေးသိမ်တော်ကျောင်း

စစ်ကိုင်းမဂ္ဂင်ကျောင်း
စကြာတိုက်-သမဝါယမကျောင်း
စေတီဖွာအထက်ကျောင်း
စစ်ကိုင်း ရတနာ့ရံသီအထက်ကျောင်း
စစ်ကိုင်းရတနာ့ရံသီအောက်ကျောင်း
စာမရှိကျောင်း
စေတီစုံကျောင်း
စေတီဖွာအောက်ကျောင်း
စက်တော်ရာကျောင်း
ဆင်မီးဖွာခေါ်-မလွန်ကျောင်း
ဆားတောင်ကျောင်း
ဆုတောင်းပြည့်ဘုရားကျောင်း
ဇမ္ဗူမင်္ဂလကျောင်း
ဇမ္ဗူပတိကျောင်း
ဇမ္ဗူကြေးမုံကျောင်း
ဇေတဝန်အထက်တိုက်
ဇေတဝန်အလယ်တိုက်
ဇေတဝန်စိန္တာမယကျောင်း
ဇေတဝန်ဟံသာဂီရိကျောင်း
ဇေယျာဝံသကျောင်း
ဇေယျမင်္ဂလာကျောင်း
ဇေယျာဘုမ္မိတောင်တိုက်
ဇေယျာဘုမ္မိမြောက်တိုက်
ဇေယျာသီရိကျောင်း

ဇောတိကာရုံချောင်
ဇလပ်ချောင်
ဇေယျာဘုံမြင့်ချောင်
ဇမ္ဗူ့သိဂီချောင်
ဇိဝိတဒါနချောင်
ဇေယျာသိရိအရှေ့တိုက်
ဇေတဝန်သိမ်ကြီးချောင်
ဇောတိကချောင်
ဈေးချိုချောင်
ညောင်လေးပင်ချောင်
တမာပင်ချောင်
တိလောကဂုရုချောင်
တုသိတာချောင်
တောဝါဆိုချောင်
တောလေးသပ် အနောက်တိုက်
တော ၄ သပ်အထက်တိုက်
တောကျော်တောင်ချောင်
တဝံ့သာချောင်
တမ္ဗဒီပချောင်
တောရဆုတ်ကျောင်း
တောင်စည်ပါချောင်
တောင်ရန်းချောင်
တောင်ဂန္ဓာရုံအထက်တိုက်
တောင်ထိပ်ပေါ်ဘုရားကျောင်း။
တောဝတိံသာချောင်
တောလယ်ချောင်
တောင်ညိုရွှေဘုံသာချောင်
တောင်ညိုရွှေရင်းမာစေတီချောင်
တောင်ညို ကျက်သွန်ခင်း ရွှေကျောင်းတိုက်
တောလေးထပ်ဦးရွှေကြူးကျောင်း
တောင်တွင်းကြီးတိုက်
တောတောင်ဘီလူးချောင်
တောင်ဘီလာ ဗုဒ္ဓသာသယချောင်
တောင်ပလူချောင်
တောင်ဘွင်းတိုက်ဘောင်တော်ဦးချောင်
တောင်ဘိလော်ချောင်
တောင်ညိုတောရချောင်
ထူပါရုံချောင်
ထွန့်တင်မာရ်အောင်ချောင်
ထိန်ပျူချောင်
ထွန့်ခေါင်ချောင်
ဒဟတ်ချောင်
ဒက္ခိဏာသာခါချောင်
ဒုတိယအရှေ့ဂန္ဓာရုံချောင်
ဒုရင်ကျော်ချောင်
ဒေးဝန်းသေလာချောင်
ဒေါင်းရိုးချောင်
ဒုမာသိရိချောင်

ဒိဘိုးလမ်းချောင်
ဓမ္မပါမောက္ခချောင်
ဓမ္မသုခချောင်
ဓမ္မရက္ခိတချောင်
ဓမ္မသိဘချောင်
ဓမ္မဖြူချောင်
ဓမ္မာရုံချောင်
ဓမ္မသာရချောင်
ဓမ္မသာမိချောင်
ဓမ္မိကာစံသာအနောက်ချောင်
ဓမ္မိကာစံသာအရှေ့ချောင်
ဓမ္မသာမိမြွေရုချောင်
ဓမ္မောဝါဒချောင်
ဓမ္မသန္တိချောင်
ဓမ္မပါလချောင်
ဓမ္မိကာစံသာအလည်ချောင်
ဓမ္မနာဒချောင်
ဓမ္မပီယချောင်
ဓမ္မသမေနချောင်
နံ့သာချောင်
နဒိဝဆုနချောင်
နန္ဒမူအနောက်ချောင်
နန္ဒောဘာသချောင်
နာဂဝေဘုလချောင်

နဂါးပတ်ချောင်
နယားချောင်
နိဂြောဓချောင်
နိဗ္ဗာန်ဆိပ်ဦးချောင်
နံ့ကိုင်းတံသာဝတီချောင်
နန္ဒဝံသချောင်
နန္ဒမူချောင်
နွားတူးချောင်
နှစ်ကျိပ်ရှစ်ဆူချောင်
ပထမဇေတဝန်ချောင်
ပထမဂန္ဓာရုံချောင်
ပထမစန္ဒာသယချောင်
ပဘာချောင်
ပတ္တမြားစေတီအရှေ့ချောင်
ပတ္တမြားစေတီအထက်ချောင်
ပတိရူပချောင်
ပါရုသိချောင်
ပိတောက်ချောင်
ပုသိန်ချောင်
ပုသိန်ညွန့်ချောင်
ပံသုကူလိကချောင်
ပဲခူးချောင်
ပဲစားချောင်
ပင်းသာချောင်

ပန်းချီတောရကျောင်း
ပထမမဏ္ဍာသယကျောင်း
ဗုဒ္ဓါရုံကျောင်း
ပဋ္ဌိမဏ္ဍသကျောင်း
ပန်းတောကျောင်း
ပဏ္ဍမြားကျောင်း
ပြည်မြို့ကျောင်း
ပန်းမြိုင်တောရကျောင်း
ပုဗ္ဗါဝန်တိုက်သစ်
ပြန့်ကလေးရကျောင်း
ဖျာပုံကျောင်း
ဗိုလ်ကလေးကျောင်း
ဗောဓိကျောင်း
ဗုဒ္ဓဒက္ခိဏကျောင်း
ဗန်းမော်ကျောင်း
ဗောဓိညောင်ကျောင်း
ဗုဒ္ဓကြရကျောင်း
ဗောဓိမဏ္ဍိုင်ကျောင်း
ဗောဓိဝိုင်းကျောင်း
ဘုန်းကြီးကန်တောရ
တောင်တော်ဦးကျောင်း
ဘဂဝါရဂူကျောင်း
ဘေးမဲ့ကျောင်း
ဘောင်တောင်သီကျောင်း

ဘုရားသုံးဆူကျောင်း
ဘုံပျံကျောင်း
ဘောင်ဝန်မင်းတိုက်
ဘုံသာဝေယံကျောင်း
မဏ္ဍရာဝန်ကတော်ကြီးကျောင်း
မဟာသိမ်ကျောင်း
မဟာသုခကျောင်း
မဟာဇေကြီးကျောင်း
မဟာဓမ္မဂီရိကျောင်း
မင်္ဂလာဘုံစံကျောင်း
မဇ္ဈာသိရိကျောင်း
မင်းကွန်းရွှေကူကျောင်း
မင်းသမီးကျောင်း
မင်းကွန်းလူအိုရုံ
မြတောင်ကျောင်း
မိုးဇာဆရာတော်တိုက်
မဟာဂန္ဓာရုံကမ္မဋ္ဌာန်းတိုက်
မဂ္ဂင်ကျောင်းအောက်တိုက်
မဟာဂန္ဓာရုံဒေါ်ညီမ်ကျောင်း
မဟာဓမ္မသုခတိုက်
မင်္ဂလာဝံသကျောင်း
မဟာဝုန်ကျောင်း
မင်္ဂလာရာမကျောင်း
မဟာကေတုမတီကျောင်း
မဟာမေဃာဝန်ကျောင်း

မဏ္ဍရာဝံသကျောင်း
မင်္ဂလာစေတီဆရာတော်ကြီးကျောင်း
မန္တလေးကျောင်း
မဏိရတနာဂီရိကျောင်း
ရိုးတားကျောင်း
ဝဲအိုးကျောင်း
မှော်ဝန်းသုံးခွကျောင်း
မင်းကွန်းမြသိန်းတန်တိုက်သစ်
မင်းကွန်းနဂါးပတ်ကျောင်း
မြောက်ဗောဓိကျောင်း
မင်းကွန်းအနောက်ဇုဋ္ဌာသသယကျောင်း
ရိုးကုတ်ကျောင်း
မြင်းပွေးတအုံတောရ
မင်းကွန်းရတနာရံသီကျောင်း
မင်းအိုကျောင်း
မင်းကွန်းသာစည်ကျောင်း
ခင်းတဲကျောင်း
ဝိုးတောင်ကြီးကျောင်း
မဟာကေတုမတီကျောင်း
မဟာစေတီဒက္ခိဏာကျောင်း
မန်းကျောင်းတောရ
မဟာမြိုင်ကျောင်း
မဟာဂန္ဓာရုံကျောင်း
မဟာသီဝကျောင်း
ဓမ်လမြိုင်ကျွန်းဥန်းတဘက်ကျောင်း

မဟာဗောဓိကျောင်း
မဖိုးရိပ်ကျောင်း
မဏိရတနာကျောင်း
မဟာဈေဂူကြီးကျောင်း
ရိုးညှင်းတိုက်သစ်
မကိုဋ်မှန်ကူကျောင်း
မဟာသမုတိကျောင်း
မဟာမြေကြီးကျောင်း
မဟာသမယကျောင်း
မဟာစေတီကျောင်း
မအူကျောင်း
မဏိဘဒ္ဒနကျောင်း
မဟာဓမ္မိကကျောင်း
မဟာရတနာဘုံဗိကျောင်း
မဟာသတိပဋ္ဌာန်ကျောင်း
မဟာသစ်ဝင်ကျောင်း
မင်္ဂလာရာမကျောင်း
မင်္ဂလာသုခကျောင်း
မင်းဝံဂီရိကျောင်း
မဏ္ဍလကျောင်း
မန်ကျည်းတောကျောင်း
မန်ကျည်းတောတိုက်သစ်
မင်္ဂလာစေတီအောင်ကျောင်း
မင်္ဂလာစေတီအထက်ကျောင်း

မင်းကင်းကျောင်း
မင်္ဂလာဘုံပျံ့ကျောင်း
ဒေဝသိပ္ပကျောင်း
မဟာအတုလရံသီကျောင်း
မင်္ဂလာထွန့်ခေါင်ကန်ကြီးကျောင်း
မန်ကျည်းကျောင်း
မေဃဝဏ္ဏာကျောင်း
မိုးညွှင်းကျောင်း
မိဂဒါဝုန်ကျောင်း
မြန်အောင်ကျောင်းအောက်တိုက်
မြန်အောင်ကျောင်းအထက်တိုက်
မြင်းမွေးတောရ
မြေတူးကျောင်း
မြောက်ရေဦး
မြေတိုင်းကျောင်း
မြောက်မန်ကျည်းကျောင်း
မြသိန်းတန်ကျောင်း
ယုန်ပြုကျောင်း
ယိုးဒယားကျောင်း
ယွန်းကျောင်း
ရတနာသိဒ္ဓိမဟာဂန္ဓာရုံကုလားလေးကျောင်း
ရှင်မြှုရှင်လှရတနာသာရမဟာ
ရွှေကုလားလေးကျောင်း
ရှင်သီလာသကျောင်းအထက်တိုက်
ရှင်သီလဝံသအရှေ့ရွှေသွယ်ကျောင်း

ရုက္ခမူလတိုက်သစ်
ရေငုံ့ကျောင်းအောက်တိုက်
ရွှေဝါကျောင်းအောက်တိုက်
ရွှေဘုန်းပွင့်ကျောင်း
ရွှေမြင်တင်ကျောင်း
ရတနာဘုံမြင့်ကျောင်း
ရေထွက်ကျောင်း
ရေသဖန်းကျောင်း
ရေအိုးစင်ကျောင်း
ရွှေညောင်ပင်တောရ
ရတနာရန်အောင်မြင်ကျောင်း
ရတနာရှုစံကျောင်း
ရတနာပုံထွန်းထက်ကျောင်း
ရခိုင်မြန်ကျောင်း
ရတနာဒီပံကျောင်း
ရဟန္တာဂူကျောင်း
ရတနာမာရ်အောင်ကျောင်း
ရတနာဘုမ္မိကျောင်း
ရတနာထွန့်ခေါင်ကျောင်း
ရတနာစာရကျောင်း
ရေဝန်းကျောင်းတိုက်
ရေဦးတိုက်သစ်
ရေဦးတိုက်ဟောင်းအရှေ့တိုက်
ရေဦးတိုက်ဟောင်းအနောက်တိုက်

ရတနာရွှေဂူချောင်
ရေလယ်တောရ
ရေငုံ့အထက်တိုက်
ရေငုံ့တိုက်သစ်
ရေခါးရေပိုင်းကျောင်း
ရေခါးကျောင်း
ရေမျက်တိုးခေါင်တောရ
ရန်ကုန်ချောင်ဇရပ်ဖြူအနီး
ရေစက်ရုံချောင်
ရန်အောင်မင်္ဂလာချောင်
ရန်ကုန်ချောင်
ရုက္ခမူချောင်
ရွှေပြည်ချောင်
ရွှေဟင်္သာချောင်
ရွာတောင်ဘီလူး
ရွာလေးထပ်တိုက်
ရွှေတောင်ဦးမော်ကျောင်း
ရှင်ပင်နှံ့ကိုင်းချောင်
ရွှေရင်မှော်ချောင်
ရှင်ဖြူရှင်လှရွှေကျောင်း
ရွှေကျောက်အိပ်ချောင်
ရွှေဝါအထက်ချောင်
ရွှေဘုံသာချောင်
ရှစ်မျက်နှာချောင်
ရှင်သီလဝံသချောင်
လင်းလွန်းတောင်ချောင်
လင်းလွန်းမြောက်ချောင်
လကွတ်ချောင်
လက်ပန်ပင်ဂူကျောင်း
လေးမျက်နှာချောင်
လေးကျွန်းသာယာချောင်
လောကမှန်ကင်းချောင်
လက်ရပ်ပင်ချောင်
လင်းကျောင်းချောင်
လျှော်ဖြူချောင်
လေးကျွန်းချမ်းသာချောင်
လေးထပ်ဘုံပျံချောင်
လင့်ကျောင်းတောရမင်းကျောင်း
လောကမှန်ကင်းတောင်ချောင်
လောကမှန်ကင်းမြောက်ချောင်
လောကမှန်ကင်းအထက်ချောင်
လက်ဝဲချောင်
ဝိသုဒ္ဓါရုံရန်ကင်းချောင်
ဝေယံဘုံမြင့်ချောင်
ဝက်ချက်မင်းကျောင်း
ဝါဆိုချောင်
ဝါဆိုချောင်အောက်တိုက်
ဝိဇ္ဇာမဏ္ဍင်ချောင်
ဝိဝေကချောင်

ဝိပဿနာကျောင်း
ဝိနယရက္ခိတကျောင်း
ဝေဠုဝန်ကျောင်း
ဝေပုလ္လကျောင်း
ဝေဠုကျောင်း
ဝါးတောမကျောင်း
ဝင်းပါကျောင်းအနောက်တိုက်
ဝင်းပါကျောင်းအထက်တိုက်း
ဝတ်ချွတ်အနောက်ကျောင်း
သနပ်ခါးကျောင်း
သပြေပင်တောရ
သဖန်းကျောင်း
သရက်တောကျောင်း
သဒ္ဓမ္မာရာမကျောင်း
သမ္မာဒိဋ္ဌိကျောင်း
သင်္ဂဇာကျောင်း
သင်္ကာယ်သောင်ကျောင်း
သမ္မာသမာဓိကျောင်း
သမ္မာသတိကျောင်း
သာယာဝတီကျောင်း
သိမ်တော်ကျောင်း
သိကြားရေတွင်းကျောင်း
သာဓုနုရကျောင်း
သစ်ချိုကျောင်း
သိင်္ဂုတ္တရကျောင်း
သိမ်ကြီးကျောင်း
သီရိမင်္ဂလာမှန်ကျောင်းတိုက်
သီလက္ခန္ဓကျောင်း
သီတာမုခကျောင်း
သီတောကျောင်း
သီရိပဗ္ဗတကျောင်း
သီရိသုမနာရာမကျောင်း
သုသာန်ကျောင်း
သုခေသကကျောင်း
သောလာကီရိကျောင်း
သီဟနာသနကျောင်း
သံတိုးကျောင်း
သုဒ္ဓရာတိဝံသကျောင်း
သုခမာလာရင်ခတ်ကျောင်း
သုဇာတာရာမကျောင်း
သိမ်ဦးကျောင်း
သုပေသလကျောင်း
သုဓမ္မာကျောင်း
သာယာမဥ္ဇူကျောင်း
သမုန်းချပ်ကျောင်း
သာယာမြိုင်နန်းကျောင်း
သုဒဿနကျောင်း
သုံးထပ်ရေကန်ကြီး

ဆထုံ့ဇေတဝန်တောရဆိုက်
သုဝဏ္ဏဗောဓိအုသိန်ချောင်
သောလာဂဗ္ဘီရချောင်
သုံးဆူချောင်
သင်္ကြာသချောင်
သုသာန်ငွေချောင်
ဟင်းသတချောင်သစ်အောက်တိုက်
ဟင်္သတချောင်သစ်အထက်တိုက်
ပေါမဝတီချောင်
ဟင်းသာတချောင်
ဟံသာဂီရိချောင်
ဟံသာဝတီချောင်
ဥရုဝေလချောင်
ဥတ္တမသုခချောင်
ဥသျှစ်ကန်တွင်းချောင်
ဥဿုံပင်ချောင်
ဥမှင်ခြောက်ဆယ်ချောင်
ဥမှင်သုံးဆယ်ချောင်
ဥတ္တရဗောဓိ အောက်ချောင်
ဥတ္တရဗောဓိအထက်ချောင်
ဦးမဏိချောင်
ဦးပုကြီးတောရ
ဧဒိုးချောင်
ဧကစာရီချောင်
ဧမြသုခချောင်
ဩဠာသာလချောင်
ဩသိပဋ္ဌတချောင်
ဩဠကလျာဏီချောင်

## သီလရှင်တို့ချောင်စာရင်း။

ကျွန္တာချောင်
ကျိုက်လပ်ချောင်
ကျိုက်ထီးရိုးချောင်
ကြည့်မြင်တိုင်ချောင်
ကျောက်စာခင်လေးချောင်
ခမည်းတော်ချောင်
ခေမသကချောင်
ချမ်းမြသာစည်ချောင်
ချပ်သင်းချောင်
ခန္တီသောမချောင်
ဂူကလေးအလယ်ချောင်
ဂူကလေးအရှေ့ခြားချောင်
ဂုနီချောင်
ဂူတလုံးအထက်တိုက်

ဂူတာလုံးအနောက်တိုက်
ဂူတာလုံးအရှေ့တိုက်
ဂူတာလုံးတောင်ပေါ်ချောင်း
ဂူကလေးတောင်တိုက်
စရိတဩဝါဒချောင်း
စိတ္တသုခချောင်း
စိတ္တပိဋကချောင်း
စစ်ကွင်းချောင်း
စိတ္တရက္ခိတဓမ္မသာရချောင်း
ဇီးတောချောင်း
ဇေတဝန်ချောင်း
ဇရပ်ဖြူသုံးဆူချောင်း
ဇီးတောအလယ်ချောင်း
ဇိပိတဒါနဆေးတိုက်ချောင်း
ညောင်တုံးချောင်း
တောင်ဘီလါတောရချောင်း
တိုက်ရချောင်း
ထွန့်ခေါင်ချောင်း
ထွန့်ခေါင်ချောင်းသစ်၊
ဒက္ခိဏာဂေဟာချောင်း
ဓနုဖြူချောင်း
ဓမ္မိကချောင်းအထက်တိုက်
ဓမ္မသာဓိချောင်း
ဓမ္မသာရချောင်း

ဓမ္မသာမိဿရချောင်း
နာဂဝံသချောင်း
နိဗ္ဗိန္ဒချောင်း
နံ့သာချောင်း
နန္ဒာသိရိချောင်း
ပထမဂန္ဓာရုံချောင်း
ပညာလင်္ကာရချောင်း
ပခုက္ကူချောင်း
ပီတိသုခချောင်း
ပုသိမ်ချောင်း
ပုညကာရီချောင်း
ဖျာပုံမယ်တော်ကြီးချော
ပေါင်တော်သိချောင်း
ဖြူဇချောင်း
ဗိုလ်ကလေးချောင်း
ဗျာဒိတ်ပေးချောင်း
ဗျန်ကြီးလူအိုရုံ
ဗောဓိပက္ခိယချောင်း
ဗျန်ကြီးတောင်ပိုင်း
ဘယသုခချောင်း
ဘုံသာခင်လေးချောင်း
မဏ္ဍရာဝန်ကစေတော်ကြီးချောင်း
မဋ္ဌင်ချောင်း

**မဟာဂန္ဓာရုံဝိပဿနာတိုက်**
မဒျေပင်ချောင်
ဓိဿိလာချောင်
မာဃချောင်
မောက္ခသိစံချောင်
မြန်အောင်ချောင်
မင်းကွန်းရတနာသိစံချောင်
မင်းကွန်းဇမ္ဗူဘာသာလူအိုရုံ
မင်းကွန်းရန်ကင်းချောင်
မင်းကွန်းပုံတော်ချောင်
မင်းကွန်းမြသိန်းတန်ချောင်
မင်းကွန်းညောင်တုံးချောင်
မခါတောင်ချောင်
မယ်ဓမ္မစာရီချောင်
မင်းကွန်းမဂ္ဂင်ချောင်
မင်းကွန်းစက်တော်ရာချောင်
မင်္ဂလာဇမြချောင်
**မင်းကွန်းဂူကလေးရန်ကုန်ချောင်**
မင်းတုန်းမင်းသြီးချောင်
မင်းကွန်းရွှေဂူချောင်
မန်ကျည်းချောင်
မဟာမြဝတီနယားတိုက်သစ် }
ရှင်မြူရှင်လှချောင် }
ရတနာရန်အောင်ချောင်
ရတနာရွှေဂူချောင်
ရတနာသိဆ်ချောင်
ရေနံချောင်းချောင်
ရုက္ခမူမယ်တော်ကြီးချောင်
ရေခါးချောင်
ရွှေစာလီချောင်
ရွှေစာလီတိုက်သစ်
ရွှေကျင်တိုက်ချောင်
ရွှေမင်းဝံထောင် }
ဂူကလေးအနောက်တိုက် }
ဝေရိက္ခယချောင်
သရိုဏ်ချောင်
သပိဋ္ဌေါချောင်
သဒ္ဓမ္မနန္ဒီချောင်
သစ်ဆိပ်ချောင်
သီတာဇချောင်
သီတာဂိရိချောင်
သီဝံဂါမိချောင်
သုစိတ္တာရာမချောင်
သိမ့်အမကြီးချောင်
သုခေသိတချောင်
သီလရက္ခိတချောင်
သဲဖြူချောင်
သီဝံဂဝေသီချောင်

စစ်ကိုင်းတောင်ရိုးရှိ-ကျောင်းအမည်စာရင်း။

သုခကျောင်း
သီလရှင်တိုက်သစ်
သီတင်း၊သည်တိုက်သစ်ကျောင်း
သမုတိကျောင်း
သဒ္ဓမ္မရံသီကျောင်း
အလည်တောရကျောင်း
အဘယဈွေရုကျောင်း
အနောက်အလည်တောရရေအိုးစင်ကျောင်း
အသောကာရုံကျောင်း

အနောက်ဂန္ဓာရုံကျောင်း
ဇမ္ဗူသီသယာအရိယမဂ္ဂင်ကျောင်း
ဇမ္ဗူသာလကျောင်း
ဇမ္ဗူသာရကျောင်း
ဥာဏဂဝေသီကျောင်း
ဦးပုကြီးခေါ် ဒလကျောင်း
ငြိမ်းကျောင်း
မြို့ကျောင်း
သေီတာကျောင်း
မြေကျောင်း

ရဟန်းတော်တို့၏ကျောင်းတိုက်ကျောင်းပေါင်း (၅၀၇)
သီလရှင်တို့၏ကျောင်းပေါင်း (၁၂၆)
နှစ်ရုပေါင်း .... .... .... (၆၃၃)

ဤကား။ ၁၂၉၆-ခုနှစ်စာရင်းအရဖြစ်သည်။ တိုးပွါးဆဲလည်း ရှိပေဦးမည်။ ထိုနှစ်မှာ။ ရဟန်းတော်(၁၀၅၁)သာမဏေ(၉၅၉)ဒိုးသူတော်(၃၀)သီလရှင်(၁၇၈၄) အသီးအသီး သဘင်း သုံးလျှက် ရှိကြ ပေကြောင်း။

ရွှေပြည်-ဦးဘတင်။
၁၂၉၇-ခု။ တန်ခူးလ